# ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့ (17-10-2013) (၇၆၃၆)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**(၁၆-၁၀-၂၀၁၃)**

| | |
|---|---|
| ပေါင် | ၂ ဒသမ ၅၂ လက်မ |
| ကျိုက်မရော | ၂ ဒသမ ၀၁ လက်မ |
| မော်လမြိုင် | ၁ ဒသမ ၅၇ လက်မ |
| လောင်းလုံ | ၁ ဒသမ ၁၄ လက်မ |
| ရန်ကုန် | သုည ဒသမ ၉၈ လက်မ |

# အစိမ်းရောင်စီးပွားရေးစနစ် ဖော်ဆောင်နိုင်မှသာ စားနပ်ရိက္ခာဖူလုံမှု များစွာအထောက်အကူဖြစ်စေမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

လူသားတို့အတွက် စားနပ်ရိက္ခာ၏အရေးပါမှုကို သတိမူမိကြစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောပညာရှင်များ၊ စိုက်ပျိုးမွေးမြူရေးထူးချွန်ဆု ရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နေ့စဉ်တိုးပွားလာနေသည့် ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့်လုံခြုံရေးသည် အဓိကစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့လူဦးရေသည် ခုနစ်ဘီလီယံအထိရှိကြပြီး လာမည့် ၂၀၅၀ ခုနှစ်တွင် စုစုပေါင်း ကိုးဘီလီယံထိတိုးပွားလာနိုင်သည်ဟု ပညာရှင်များကခန့်မှန်းထားပါကြောင်း၊ လက်ရှိအခြေအနေမှာပင် ကမ္ဘာ့လူသားအားလုံး၏နေ့စဉ်လိုအပ်သည့် စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံအသီးသီး၏ အစိုးရများအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသလို လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် လုံလောက်သည့် အာဟာရပြည့်ဝသော စားနပ်ရိက္ခာများ ထုတ်လုပ်ရရှိရန်လည်း လိုအပ်လျက်ရှိပါကြောင်း။

ကမ္ဘာပေါ်တွင် အသက်(၅)နှစ်အရွယ်ကလေးငယ်လေးဦးတွင် တစ်ဦးသည် ကြီးထွားမှုနှေးကွေးပြီး ကြုံလှီနေသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒❖

ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆိုင်းဘုတ် လမ်းမှခ်ဦး၌ စိုက်ထူ

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်း ကျောက်မျက်ရတနာပြတိုက်ရှေ့ ရာဇဌာနီမုခ်ဦး၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆိုင်းဘုတ် စိုက်ထူထားကြောင်း အောက်တိုဘာ ၁၆ ရက်တွင် တွေ့မြင်ရသည်။**(ဓာတ်ပုံ)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နီးကပ်လာသဖြင့် လိုအပ်ချက်မရှိစေရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ဝန်ကြီးဌာနအသီးသီးမှ လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**ကျော်သူရ (နေပြည်တော်)**

ကြေးမုံစာတည်းရှုထောင့် ၁၇-၁၀-၂၀၁၃၊ ကြာသပတေးနေ့

# အိုင်ပီစီစီ၏ ဒိုင်ယာရီ

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့ကြီး၏ ပဉ္စမအကြိမ်မြောက်ထုတ်ပြန်သော အစီရင်ခံစာတွင် ၂၀ ရာစု အလယ်ပိုင်းမှသည် ယနေ့အထိကမ္ဘာ့အပူရှိန်မြင့်တက်လာမှုသည် လူသားတို့၏ ပယောဂကြောင့်ဟု အတိအလင်းဆိုထားသည်။ ကမ္ဘာကြီးက နေကိုလှည့်ပတ်မှုလမ်းကြောင်း ပြောင်းလဲခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် နေရောင်ခြည်ပိုမိုပြင်းထန်လာခြင်းစသည်တို့ကြောင့် ကမ္ဘာကြီးပူနွေးလာခြင်းမဟုတ်၊ လူသားတို့ကာဗွန်ဒိုင်အောက်ဆိုက်ကို အလွန်အကျွံထုတ်လွှတ်ခြင်းသည်သာ အဓိကဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကြောင့် ကမ္ဘာကြီးပူနွေးလာသဖြင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသည်။ ရေခဲမြစ်များ၊ ရေခဲပြင်များ အရည်ပျော်လာခြင်းကြောင့် တန်ချိန်သန်းထောင်ချီရှိရေများ ပင်လယ်ထဲသို့ စီးဝင်သွားသည်။ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်လာမည်။ မျက်မှောက်ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များက ငြင်းမရသော အချက်များဖြစ်သည်။

ရာသီဥတုကို သင့်လျော်သောဘောင်အတွင်းမှာ ထိန်းထားနိုင်ရန် တစ်ခုတည်းသောပင်မအဖြေမှာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ဖို့လိုအပ်ကြောင်း စစ်တမ်းကညွှန်ပြထားသည်။

အပူရှိန်မြင့်တက်လာမှုအကျိုးဆက်မှာ အာတိတ်ရေခဲပြင်၏ နွေရာသီရေခဲလက်ကျန်နှုန်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ ၂၀၅၀ တွင် ရေခဲလုံးဝကုန်သွားနိုင်ပြီး ကမ္ဘာ့မြို့ကြီးများဖြစ်သော ရှန်ဟိုင်း၊ လန်ဒန်၊ နယူးယောက်မြို့တို့ တစ်စိတ်တစ်ပိုင်းအားဖြင့် ရေအောက်ရောက်မည့်အန္တရာယ်နှင့်ကြုံတွေ့နိုင်သည်။ ပိုပြင်းထန်သော ဟာရီကိန်းနှင့်ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ကမ်းရိုးတန်းဒေသများ အန္တရာယ်ဆိုးနှင့်ကြုံတွေ့နိုင်ကြောင်း စစ်တမ်းက သတိပေးထားသည်။

နေ့ပူညပူရက်များပိုမိုများလာပြီး ကမ္ဘာတစ်ဝန်းအပူလှိုင်း ဖြတ်သန်းသည့်အကြိမ်များလည်းတိုးပွားလာမည်။ ဥရောပ၊ အာရှနှင့်သြစတြေးလျတို့တွင် အပူလှိုင်းဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်လာမည်။ မြေထဲပင်လယ်ဒေသနှင့် အာဖရိကအနောက်ပိုင်းများတွင် မိုးခေါင်ရေရှားမှုများ ပိုမိုပြင်းထန်လာမည်ဟု ဟောကိန်းထုတ်ထားသည်။

ကာဗွန်ဒိုင်အောက်ဆိုက်၏ ဆိုးပြစ်များကို သတိပေးထားသလို ကာကွယ်နည်းများကိုလည်း အသိပေးထားသည်။ နေရောင်ခြည်အား ပြန်ကန်ထုတ်သည့် ဓာတုမှုန်လေးများကို ကမ္ဘာ့လေထုထဲကြဲဖြန့်နည်း၊ ပင်လယ်ရေထဲတွင် ရေမှော်များမွေးမြူခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို ပင်လယ်ရေထုထဲ စုပ်ယူမှုပိုမိုမြင့်မားစေခြင်းနည်းများကို ဖော်ပြထားသည်။

ဖော်ပြပါနည်းနှစ်မျိုးစလုံးသည် သက်ရှိများအတွက် တစ်ပူပေါ် နှစ်ပူဆင့်နိုင်သည့် အန္တရာယ်စက်ကွင်းများဖြစ်သွားနိုင်သည်။ ဓာတုအမှုန်များက လူကိုဒုက္ခပေးနိုင်သလို အပူရှိန်ကိုရေထုထဲစုပ်ယူစေမည့် နည်းသည်လည်း ရေသတ္တဝါများ မျိုးပြုန်းပျောက်ကွယ်သွားစေနိုင်ပါသည်။ ပင်လယ်၏ဂေဟစနစ်ပျက်ယွင်းပြီး တစ်ချိန်ချိန် အက်စစ်မိုးများရွာချကာ ကမ္ဘာကြီးကို ဒုက္ခပေးလာနိုင်ပါသည်။

အထိရောက်ဆုံးသော ကာကွယ်နည်းမှာ မြေကမ္ဘာအား သစ်တောသစ်ပင်များ လွှမ်းခြုံအစိမ်းရောင်ခြယ်ပေး ခြင်း၊ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို ရာနှုန်းများများစုပ်ယူဝါးမျိုပေးသည့် ယူကလစ်မျိုးကို များများစိုက်ပျိုးပေးခြင်းဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် အကျိုးဖြစ်ထွန်းနိုင်ပါသည်။ ဤယူကလစ်မျိုးသည် ကြီးထွားမြန်ပြီး ရှစ်နှစ်အတွင်းအိမ်တိုင်၊ အိမ်အသုံးအဆောင်၊ အခင်းအကာ၊ ထုပ်၊ ယောက်၊ ဒိုင်းစသဖြင့် လိုရာသုံးစွဲ ရရှိနိုင်ပါသည်။ သို့သော် ယူကလစ်သည် ရေစုပ်အားကောင်းသဖြင့် အခြားအပင်များအတွက် သတိပြုသင့်သည်။

ကျွန်ုပ်တို့နိုင်ငံ၏ အိမ်တစ်အိမ် ယူကလစ်အပင် ၂၀၊ ကျွန်းသုံးပင်စိုက်ပျိုးကြမည့်စီမံချက်သည်ဖြစ်မြောက်အောင်မြင်အောင် မဖြစ်မနေအားသွန်ခွန်စိုက်တစိုက်မတ်မတ်လုပ်ဆောင်သွားခြင်းဖြင့် လွန်ကဲကာဗွန်ကို တစ်နိုင်တစ်ပိုင်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ။

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်နိုင်ရေး ကြိုးပမ်းဖော်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ သန်းခေါင်စာရင်းကော်မတီဝင်များနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက်မွန်းလွဲ ၂ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးခင်ရီက သန်းခေါင်စာရင်း၏ အဓိပ္ပာယ်နှင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ သန်းခေါင်စာရင်း ကောက်ယူမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက် သန်းခေါင်စာရင်းကောက်ယူခဲ့မှုနှင့် ၁၉၈၃ ခုနှစ်၌ နောက်ဆုံးကောက်ယူခဲ့မှုအခြေအနေ၊ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကျော်ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအား ယခုနိုင်ငံတော် အစိုးရသစ်လက်ထက်၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်းဆိုင်ရာကော်မရှင်၊ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှုနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ ပူးပေါင်းကူညီဆောင်ရွက်မှုအခြေအနေများ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေထုတ်ပြန်ပြဋ္ဌာန်းမှုနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူထားကြရန်လိုကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီ အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများအနေဖြင့် မေးမြန်းသမျှ မေးခွန်းများအပေါ် မှန်မှန်ကန်ကန်ဖြေကြားနိုင်ရန် ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိ နားလည်နိုင်ရေး ကြိုးပမ်းဖော်ဆောင်ကြရန် အလေးအနက်တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ သန်းခေါင်စာရင်းဆိုင်ရာ သိရှိလိုသည့် မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာသန်းခေါင်စာရင်းကော်မတီဝင်များအားတွေ့ဆုံရာ ရှေးဦးစွာ UNFPA မှ ဌာနေကိုယ်စားလှယ် Ms.Janet E.Jackson က သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများ၊ သန်းခေါင်စာရင်း၏အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံ၏သန်းခေါင်စာရင်းကောက်ယူမှုအပေါ် UNFPA မှ ပံ့ပိုးကူညီမှုများ၊ အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိပြီး မှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များရရှိနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းဆိုင်ရာ သိရှိလိုသည်များနှင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ဒိုက်ဦး မြို့နယ်လုံးကျွတ် ထုတ်ပေး

**ဒိုက်ဦး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် စည်ပင်သာယာရုံးဝင်းကောလိယခန်းမ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းအခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးညဏ်ဝင်း၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြေစာရင်း ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူလယ်သမား ကိုယ်စားလှယ်တစ်ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ်တွင် ကျေးရွာပေါင်း ၄၆ အုပ်စု၊ ရပ်ကွက်ပေါင်းကိုးရပ်ကွက်၊ ကွင်းပေါင်း ၃၈၄ ကွင်း၊ တောင်သူပေါင်း ၂၂၁၈၉ ဦး၊ ဦးပိုင်ပေါင်း ၂၆၄၂၇ အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(သုတ)**

လူကုန်ကူးမှုတိုက်ဖျက်ရေး တို့တွေပါဝင်ကူညီပေး

## ပြည်တွင်းသတင်း

❑ရွှေဖုံးမှ

အခြေအနေဖြင့် ရင်ဆိုင်နေကြရပါကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာပေါ်ရှိ ၁၆၅ သန်းသော (၅) နှစ်အောက် ကလေးငယ်များသည် အာဟာရ ချို့တဲ့နေကြပါကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကမ္ဘာ့လူဦးရေ နှစ်ဘီလီယံသည် ကျန်းမာမှုအတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များချို့တဲ့မှုကို ခံစားနေကြရသည့်အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများက လူဦးရေ ၁ ဒသမ ၄ ဘီလီယံခန့်သည် ရှိသင့်သည့် ကိုယ်အလေးချိန်ထက် များနေကြပြီး အဝလွန်ရောဂါ၊ ဆီးချိုရောဂါနှင့် နှလုံးရောဂါအပါအဝင် ကျန်းမာရေး ပြဿနာများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း။

အဆိုပါပြဿနာများသည် ကမ္ဘာ့ပြည်သူများအတွက် အစားအစာ ဖူလုံမှုနှင့် အာဟာရပြည့်ဝမှုအပေါ် အဓိကစိန်ခေါ်မှုကြီး ဖြစ်နေပြီး စားနပ်ရိက္ခာဖြည့်တင်းနိုင်မှုစနစ် တည်တံ့ခိုင်မာရေးကို မီးမောင်းထိုးပြလျက်ရှိပါကြောင်း။

ကမ္ဘာ့ပြည်သူတိုင်း စားနပ်ရိက္ခာ ရရှိပိုင်ခွင့်၊ အာဟာရပြည့်ဝစွာ စားသောက်နေနိုင်ခွင့်သည် ယနေ့ကမ္ဘာလုံးဆိုင်ရာ အဓိကအကြောင်းတရား ဖြစ်လာသည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများ ရေးဆွဲချမှတ်ခြင်းသည် မိမိတို့နိုင်ငံအတွက် သာမက ဒေသတွင်းနှင့် ကမ္ဘာကြီးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် အလေးအနက်ခံယူပါကြောင်း။

ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းမောင်းနှင်အားအဖြစ် စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာခြင်းမှသည် ငတ်မွတ်သူပပျောက်ရေးအစီအစဉ် (Zero Hunger Program) အောင်မြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် အခြေခံရိက္ခာထုတ်လုပ်မှု ကဏ္ဍကြီးများဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍသည် ထိန်းချုပ်နိုင်စွမ်းမရှိသည့် သဘာဝသယံဇာတနှင့် ရာသီဥတုအပေါ် မှီခိုနေရသည့်အတွက် စားနပ်ရိက္ခာထုတ်လုပ်ရာမှာ အကန့်အသတ်များနှင့် အခက်အခဲများ ရှိနေပါကြောင်း။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးကြီးလာပြီဖြစ်သည့်အလျောက် အစိမ်းရောင်စီးပွားရေးစနစ် (Green Economy) ကို ထိထိရောက်ရောက် အလေးမူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ စားနပ်ရိက္ခာဖူလုံမှုကိုလည်း များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအားဖြင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံလျက်ရှိသော်လည်း လက်ရှိလူဦးရေ သန်း ၆၀ မှ ၂၀၅၀ ခုနှစ်တွင် တိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ အတွက် ရေရှည်မျှော်မှန်းပြီး ရေတိုရေရှည် စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၏ လက်ရှိသဘာဝကပေးသည့် အနေအထားများအရ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက်လည်း ပိုလျှံသည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်နိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ လူဦးရေတိုးပွားလာမှုအတွက် စားနပ်ရိက္ခာဖြည့်ဆည်းနိုင်ရေးအပေါ် တွက်ချက်ဆောင်ရွက်ရသလို တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့၏ လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လူဦးရေ ၇၀ ရာခိုင်နှုန်း မှီခိုအသက်မွေးဝမ်းကျောင်းပြုနေရသည့် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍတိုးတက်မှုကို အခြေခံပြီး နိုင်ငံ၏စီးပွားရေး အခြေခံအုတ်မြစ်ကိုတည်ထောင်လျက် အခြေခံလူတန်းစားများ၏ လူနေမှုအဆင့်အတန်း တိုးတက်အောင် တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

သီးနှံ၊ သားငါးများ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများအနေနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေမည့် နည်းလမ်းများကိုအသုံးပြုရေး၊ သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် ဓာတ်မြေဩဇာနှင့် ဓာတုဆေးများ၊ ပိုးသတ်ဆေးများကို သတ်မှတ်နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုရေး၊ သဘာဝမြေဩဇာ တိုးတက်သုံးစွဲရေး၊ အော်ဂဲနစ်နည်းလမ်းများ အသုံးချရေးအတွက် ပညာပေးနည်းလမ်းများ၊ စံပြစိုက်ကွင်းများဖြင့် လက်တွေ့ပြသခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် စီးပွားရေးအကျိုးအမြတ်ရရှိမှုရှုထောင့်မှသုံးသပ်ပြီး စိုက်ပျိုးသည်မှ ဈေးကွက်ရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်တိုင်း၌ တောင်သူလယ်သမားများနှင့် တန်ဖိုးမြှင့် ထုတ်လုပ်သူများ လက်တွေ့လိုက်နာကျင့်သုံးနိုင်မည့် နည်းပညာများ၊ ခေတ်မီစက်ကိရိယာများ၊ သိုလှောင်မှုစနစ်များ၊ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာအောင် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် စားသုံးသူများကို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အသိပညာပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် ငါးနှစ်အောက်ကလေးငယ်များနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ အာဟာရပြည့်ဝရေးအတွက် စာသင်ကျောင်းများတွင် အာဟာရဖြည့် အစားအစာတိုက်ကျွေးမှုများ၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကာကွယ်ဆေးထိုးနှံမှုများ၊ သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ စသည်တို့ကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ခင်းမှသည် စားပွဲဆီသို့ (Farm to Table)ဆိုသည့်အတိုင်း စနစ်တကျ ဟန်ချက်ညီညီ စီမံထိန်းကျောင်းဆောင်ရွက်သွားနိုင်မည့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်ကို ရေရှည်တည်တံ့ခိုင်မြဲစွာ ထူထောင်ဆောင်ရွက်သွားနိုင်မှသာ မျှော်မှန်းထားသည့် လူသားတိုင်း စားနပ်ရိက္ခာဖူလုံပြီး အာဟာရပြည့်ဝစွာဖြင့် သက်တမ်းစေ့ကျန်းမာစွာ နေထိုင်သွားနိုင်ရေး ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပြီး ဆင်းရဲငတ်မွတ်မှုကို ထိရောက်စွာ တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာသူ ကမ္ဘာသား အားလုံး အသက်ရှည်ကျန်းမာပြီး သက်တမ်းစေ့ပျော်ရွှင်စွာ နေထိုင်သွားနိုင်ရန်အတွက် ရည်မှန်းချမှတ်ထားသည့် **"အာဟာရပြည့်ဝရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ တည်တံ့ခိုင်မြဲသော ရိက္ခာထုတ်လုပ်မှုစနစ်ထူထောင်ပေး"**ဆိုသည့် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်နှင့်အညီ အစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများအားလုံးပါဝင်ကြသည့် Stakeholders တစ်ရပ်လုံး၊ ကမ္ဘာ့လူသားအားလုံးက တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကမ္ဘာ့လူသားအားလုံးအတွက် "မွေးဖွားသည်မှ သေဆုံးသည်အထိ" နေ့စဉ်နှင့်အမျှ သက်ရှင်လှုပ်ရှား နေထိုင်နိုင်ရန် စားရေရိက္ခာသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း၊ စားရေရိက္ခာ မရှိဘဲ လူသားများ၏ဘဝ ရှင်သန်ရပ်တည်နိုင်မှုသည် လုံးဝမဖြစ်နိုင်ကြောင်းကို အားလုံးသိရှိကြပြီး ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် နေ့စဉ် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည့် ကမ္ဘာ့လူဦးရေနှင့် လျော်ညီစွာ ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုကိုလည်း တိုးတက်အောင် အာရုံစူးစိုက် (Focus)ပြီး အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း စားနပ်ရိက္ခာ စိုက်ပျိုးရေးအဖွဲ့ကြီး ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်ခုတွင် ကမ္ဘာတစ်ဝန်းထုတ်လုပ်သည့် စားနပ်ရိက္ခာအားလုံး၏ သုံးပုံတစ်ပုံသည် လေလွင့်အလဟဿဖြစ်ခဲ့ရသဖြင့် ကမ္ဘာ့စီးပွားရေးကို တစ်နှစ်လျှင် ဒေါ်လာဘီလီယံ ၇၅၀ မျှ လေလွင့်ဆုံးရှုံးစေခဲ့ကြောင်းကို ဖော်ပြထားပါကြောင်း၊ ယင်းဆုံးရှုံးမှုသည် ရိက္ခာတန်ချိန်ပေါင်း ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး တရုတ်နိုင်ငံ အပါအဝင် အာရှဒေသတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သိရှိရပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်လုပ်ချိန်၌ ပျက်စီးဆုံးရှုံးမှု များရခြင်းဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စားနပ်ရိက္ခာ အသုံးပြုစားသုံးချိန်တွင် အလဟဿဖြစ်ပြီး လေလွင့်ဆုံးရှုံးရခြင်းများဖြစ်ကြောင်း ဖော်ပြထားပါကြောင်း။

ယင်းလေလွင့် ဆုံးရှုံးမှုများသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှု ပြဿနာများကို ကျော်လွှားရန်အတွက် အဓိကစိန်ခေါ်မှုများလည်း ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှု တိုးတက်လာခြင်းမှသည် စားနပ်ရိက္ခာဖူလုံရေး ရှေးရှုဆောင်ရွက်ရသလို ထွက်ရှိလာသည့် စားနပ်ရိက္ခာများ အကျိုးရှိရှိဖြင့် ထိရောက်စွာ အလေအလွင့်နည်းပါးအောင် စားသုံးနိုင်ရေးကိုလည်း စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်ဖြစ်သည့် "Sustainable Food Systems For Food Security and Nutrition,"အာဟာရပြည့်ဝရေး နှင့် စားနပ်ရိက္ခာ ဖူလုံရေး၊ တည်တံ့ခိုင်မြဲသော စားရေရိက္ခာ ထုတ်လုပ်မှုစနစ်ထူထောင်ပေး"နှင့် ကိုက်ညီစွာ လူသားများအတွက် အမှန်တကယ် အခြေခံလိုအပ်ချက်ဖြစ်သည့် လူတိုင်း အာဟာရ ပြည့်ဝစွာဖြင့် သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာ နေထိုင်စားသောက်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များကို ထူထောင်ပေးနိုင်ရေး အခြေခံလိုအပ်ချက်များအပေါ် လေးလေးနက်နက် အာရုံစူးစိုက်ပြီး နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ပေးကြခြင်းအားဖြင့် ဤကမ္ဘာမြေကြီးနှင့် ဤလူ့ဘောင်ဘဝကြီးကို မဝေးတော့သည့်အနာဂတ်ကာလတွင် ပိုမိုထွန်းတောက်သာယာလှပအောင် အစွမ်းကုန်အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. Bui Thi Lan က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို Video ဖြင့်ရှင်းလင်းပြသသည်။

ထို့နောက်ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် အကြီးတန်းသိပ္ပံပညာရှင် Ms. Madonna C. Casimero က ဒေသအတွင်း စားရေရိက္ခာဖူလုံရေးနှင့် မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလားအလာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဂျပန်သံအမတ်ကြီး၊ ကိုရီးယားသံအမတ်ကြီး၊ အိန္ဒိယသံအမတ်ကြီး၊ JICA နှင့် KOICA တို့မှ ကိုယ်စားလှယ်များအား စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌများက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဝက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ထူးချွန်ဆု၊ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ထူးချွန်ဆု၊ ရေငန်ပုစွန်မွေးမြူရာတွင် သဘာဝမွေးမြူနည်းမှ အထွက်နှုန်းအကောင်းဆုံးဆု၊ ရေချိုငါးမွေးမြူထုတ်လုပ်ရေး ဂုဏ်ပြုဆု၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်းအကောင်းဆုံးဆု၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းထူးချွန်ဆု၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခြင်းအကောင်းဆုံးဆု၊ သစ်တောစိုက်ခင်း တောင်ယာသမား ထူးချွန်ဆု၊ ပြောင်းသီးနှံနှင့် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဂုဏ်ပြုဆု၊ လယ်ယာဖွံ့ဖြိုးတိုးတက်ရေး စက်ကိရိယာဆိုင်ရာ ဂုဏ်ပြုဆုနှင့် ဆန်စပါးထုတ်လုပ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဂုဏ်ပြုဆု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်ဂုဏ်ပြုဆု၊ ကြံစိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးဂုဏ်ပြုဆု၊ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှုဂုဏ်ပြုဆု၊ လယ်ယာကဏ္ဍပညာပေးဆောင်းပါး ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍပညာပေးကဗျာစာပေဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍပညာပေးထုတ်လုပ်မှု ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆန်စပါးသီးနှံဖွံ့ဖြိုးရေး ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဓာတ်မြေဩဇာလုပ်ငန်းဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍပညာပေးတေးသီဆိုမှုဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဥယျာဉ်ခြံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံထုတ်လုပ်ရေးဂုဏ်ပြုဆု၊ စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှုဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Tissue Culture ဂုဏ်ပြုဆု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစက်ကိရိယာဆိုင်ရာဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဓာတ်မြေဩဇာထုတ်လုပ်မှု ဂုဏ်ပြုမှတ်တမ်းလွှာ၊ စပ်မျိုးစပါး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး သုတေသနပညာရှင်ဆု၊ အလားအလာကောင်းသော စပ်မျိုးစပါးမိဘလိုင်းများ၊ ပြည်တွင်းစပ်မျိုးစပါး မွေးမြူထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းထူးချွန်ဆု၊ စပ်မျိုးပြောင်း မိဘလိုင်းမွေးမြူထုတ်လုပ်ပွားများခြင်း သုတေသနနှင့် အထွက်ကောင်း ရေဆင်း စပ်မျိုးပြောင်းမျိုးသစ် အောင်မြင်စွာ မွေးမြူထုတ်လုပ်ခြင်း ထူးချွန်ဆု၊ ရေဆင်းပုလဲသွယ်(၁) စပ်မျိုးစပါး မွေးမြူထုတ်လုပ်သော သုတေသနလုပ်ငန်း ထူးချွန်ဆု၊ စပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူဆု၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူဆု၊ စိုက်ပျိုးရေးပညာပေးရေးပညာရှင် ထူးချွန်ဝန်ထမ်းဆု၊ စိုက်ပျိုးရေးပညာရပ်ဆိုင်ရာ စာပေထူးချွန်ဆု နှင့် ထူးချွန်ဝန်ထမ်းဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ခြင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများနှင့် FAO ဌာနကိုယ်စားလှယ်တို့က ထူးချွန်ဆုရရှိကြသူများအား ဆုများကို အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ဒတ်ချ်သံတမန်တိုက်ခိုက်ခံရမှု ရုရှားဝမ်းနည်းကြောင်း ပြောကြား

**မော်စကို အောက်တိုဘာ ၁၆**

မော်စကိုမြို့တော်တွင် ဒတ်ချ် သံတမန်တစ်ဦး အရိုက်ခံရခြင်း အတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဌာနက ဝမ်းနည်းကြောင်း ပြောကြား ခဲ့သည်ဟု ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်း တွင် ဖော်ပြသည်။

ဒတ်ချ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ၎င်းတို့၏ သံတမန်တစ်ဦးသည် သူ၏ နေအိမ်ခန်းတွင် တိုက်ခိုက်ခြင်းခံရ ခြင်းနှင့် စပ်လျဉ်း၍ ရုရှားသံအမတ်ကို ဆင့်ခေါ်ခဲ့ပြီး ရှင်းပြစေခဲ့သည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာမှုမြင့်တက်နေစဉ် ဤဖြစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် သီတင်းပတ်တွင် နယ်သာလန်နိုင်ငံ၌ ရုရှားသံတမန် တစ်ဦးကို ဖမ်းဆီးခြင်းအတွက် မော်စကိုက ကန့်ကွက်ခဲ့သည်။ ဒတ်ချ်ကလည်း ဒတ်ချ်အလံလွှင့်ထူထားသော ဂရင်းပိစ်သင်္ဘောကို ရုရှားတို့ဖမ်းဆီး ခြင်းအတွက် မကျေနပ်ကြောင်း ပြောဆိုခဲ့သည်။

ဒတ်ချ်သံတမန် အွန်နိုအဲလ်ဒါဒင်း ဘော့ချ်မှာ အင်္ဂါနေ့ညတွင် တိုက်ခိုက်ခံ ရသဖြင့် အနည်းငယ်ဒဏ်ရာရရှိခဲ့ ကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီး ဖရန်တင်မာမန်းက ပြောကြားသည်။

ဖြေရှင်းချက်ပေးရန်အတွက် ရုရှား သံအမတ်ကို ဆင့်ခေါ်ခဲ့ကြောင်း တင်မာမန်းက ပြောကြားသည်။

ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက ဝမ်းနည်းကြောင်းဖော်ပြခဲ့ပြီး မော်စကို ရဲတပ်ဖွဲ့သည် သံတမန်ကိုတိုက်ခိုက်သူ များအား ဖမ်းဆီးနိုင်ရန် နည်းလမ်း အများအပြားဖြင့် ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။

**ဘီဘီစီ။**

အောက်တိုဘာ ၁၅ရက်က ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံးတွင် ဥရောပသမဂ္ဂနိုင်ငံခြားရေး အထူးကိုယ်စားလှယ်နှင့် အတူ အီရန်နိုင်ငံခြားရေးဝန်ကြီးအား တွေ့ရစဉ်။

# နျူစက်ရုံများအား ရှောင်တခင်ဝင်ရောက်စစ်ဆေးမှု အီရန်လက်ခံမည်ဟု စေ့စပ်ဆွေးနွေးရေးမှူးပြော

**တီဟီရန် အောက်တိုဘာ ၁၆**

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများအား ရှောင်တခင်ဝင်ရောက်စစ်ဆေး မှုကို လက်ခံမည်ဖြစ်ကြောင်း ယင်းနိုင်ငံ၏ ထိပ်တန်းစေ့စပ်ဆွေးနွေးရေးမှူး တစ်ဦးကို ကိုးကားလျက် အိုင်အာရ်အင်န်အေသတင်းဌာနက အောက်တိုဘာ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသော ကုလသမဂ္ဂဆိုင်ရာ နျူကလီး ယားဆွေးနွေးပွဲတစ်ရပ်တွင် အီရန်နိုင်ငံက အဆိုပြုချက်များကို တင်သွင်းခဲ့သည်။ အီရန်နိုင်ငံနှင့် အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ အကြား ဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ရက်နံနက်ပိုင်းက စတင်ကျင်းပခဲ့သည်။

နှစ်ရက်ကြာပြုလုပ်သော တံခါးပိတ်ဆွေးနွေးပွဲတွင် နှစ်ဖက်သဘောတူညီ ချက်တစ်ရပ်ရရှိရန် ဆွေးနွေးခဲ့ကြသည်။

မိမိတို့နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်လုပ်ရန် စိတ်ဝင်စားမှု မရှိကြောင်း၊ မိမိတို့အနေဖြင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်သင့်ကြောင်း အီရန်စေ့စပ်ဆွေးနွေးရေးမှူး အဘတ်စ်အဂရာချီက ပြောကြားသည်။ **ရိုက်တာ။**

# ဂျပန်၌ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်၊ ၁၄ဦးထက်မနည်း သေဆုံး

**တိုကျို အောက်တိုဘာ ၁၆**

**ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့၌ အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၄ဦးထက် မနည်းသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းများက အောက်တိုဘာ ၁၆ရက်တွင် ဖော်ပြသည်။**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဂျပန် နိုင်ငံ မြို့တော်တိုကျိုတောင်ဘက် ကီလိုမီတာ ၁၂၀ခန့်အကွာ အိဇုအို ရှီမာကျွန်း၌ လူနေအိမ် ၃၀ခန့် ပျက်စီးပြီး ၁၃ ဦး သေဆုံးကြောင်း၊ တစ်နာရီလျှင် မိုးရေချိန် ၁၂၂ ဒသမ ၅မီလီမီတာအထိ စံချိန်တင် ရွာသွန်း ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ပြော ကြားသည်။

မြို့တော်တိုကျိုရှိ မာချိဒါအရပ်၌ ရေကြီးနေသောမြစ်အတွင်း မျောပါသွား သော အမျိုးသမီးတစ်ဦးမှာ သေဆုံး ခဲ့ရသည်။ ကန်တိုဒေသ၌ လူအချို့ ပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသား ရဲတပ်ဖွဲ့က ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျည် ဆန်ရထားခရီးစဉ်များကိုလည်း ဆိုင်းငံ့ ထားလိုက်ရကြောင်း၊ ပြည်တွင်းနှင့် ပြည်ပလေကြောင်း ခရီးစဉ်များကို လည်း ဖျက်သိမ်းလိုက်ရကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

ဂျပန်နိုင်ငံ အိဇုအိုရှီမာကျွန်း၌ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

# တောင်ကိုရီးယား ပိုဟန်ဆိပ်ကမ်းအနီး တရုတ်ကုန်သင်္ဘောတစ်စင်းနစ်မြုပ်

**ဆိုးလ် အောက်တိုဘာ ၁၆**

တောင်ကိုရီးယားနိုင်ငံ ပိုဟန်ပင်လယ်ဆိပ်ကမ်းမြို့၏ ကမ်းလွန်၌ တရုတ်ပိုင် ကုန်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသားရှစ်ဦး သေဆုံး ကြောင်း အောက်တိုဘာ ၁၆ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ပနားမားမှတ်ပုံတင်သင်္ဘောပေါ်တွင် သင်္ဘောသား ၁၉ဦး လိုက်ပါလာကြောင်း၊ တန်ချိန် ၈၄၆၁တန် အလေးချိန်ရှိ ကုန်သင်္ဘောသည် ပိုဟန်ဆိပ်ကမ်း၌ ကုန်များချရန် စောင့်ဆိုင်းနေစဉ် အောက်တိုဘာ ၁၅ရက် နှောင်းပိုင်းက နစ်မြုပ်ခဲ့ကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။ မုန်တိုင်းကြောင့် လှိုင်းလေထန်နေစဉ် သင်္ဘောနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

**ကယ်ဆယ်**

ချန်းလု-၁၅အမည်ရှိ အဆိုပါသင်္ဘောနစ်မြုပ်ပြီးနောက် လူရှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိကြောင်း၊ ရှစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း တောင်ကိုရီးယား ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ပြောခွင့်ရသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

**ပါဝင်**

သေဆုံးသူရှစ်ဦးတွင် ရေယာဉ်မှူးပါဝင်ကြောင်း၊ သင်္ဘောသား ၁၉ဦး အနက် ၁၈ဦးမှာ တရုတ်လူမျိုးများဖြစ်ကြကြောင်း၊ ကျန်တစ်ဦးမှာ ဗီယက်နမ် ဖြစ်ကြောင်း တရုတ်သတင်းဌာနက ဖော်ပြသည်။ ယင်းသင်္ဘောကို တရုတ် နိုင်ငံရှိ လီရှန်းနိုင်ငံတကာသင်္ဘောအုပ်စု ကော်ပိုရေးရှင်းက ပိုင်ဆိုင်သည် ဟု ဆိုသည်။ **အေအက်ဖ်ပီ။**

# ဓာတုလက်နက်ဖျက်သိမ်းရေး အကြီးအကဲ ခန့်အပ်မည်

**ကုလသမဂ္ဂ အောက်တိုဘာ ၁၆**

ဆီးရီးယားနိုင်ငံရှိ ဓာတုလက်နက်များကို ဖျက်သိမ်းရာတွင် တာဝန်ယူဆောင်ရွက်မည့် ပူးတွဲလုပ်ငန်းအဖွဲ့၏ အကြီးအကဲ အဖြစ် ဆီးဂရစ်ကက်အားခန့်အပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အဆိုပြုခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အောက်တိုဘာ ၁၆ ရက်တွင် မဲပေးဆုံးဖြတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာန များက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂသည် နိုဘယ်ဆုရ ဓာတုလက်နက်များတားမြစ်ပိတ်ပင်ရေးအဖွဲ့ (အိုပီစီဒဗလျူ)နှင့်အတူ ပထမဆုံးအကြိမ် ပူးတွဲအထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ထူထောင်ရန်သဘောတူညီခဲ့ပြီးဖြစ်သည်။

အဆိုပါ အထူးလုပ်ငန်းအဖွဲ့၏ အကြီးအကဲအဖြစ် ဆီးဂရစ်ကက်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အောက်တိုဘာ ၁၃ ရက်တွင် ခန့်အပ်ခဲ့ပြီး လုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကိုရယူထားသော အဇာဘိုင်ဂျန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် အက်ရှင်မေဒီယက်ထံသို့ အကြောင်းကြားစာပေးပို့ခဲ့သည်။

အိုပီစီဒဗလျူနှင့် ကုလသမဂ္ဂတို့၏ ပူးတွဲလုပ်ငန်းအဖွဲ့တွင် ကျွမ်းကျင်သူပညာရှင်နှင့် အထောက်အကူပြုဝန်ထမ်း ၆၀ ပါဝင်သည်။ **ပီတီအိုင်။**



## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ငွေတောင်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာသိရီ (အဘိဇဓမဟာရဋ္ဌဂုရု)ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် နေပြည်တော်ကောင်စီ တပ်ကုန်းမြို့ ကြိုးကြာအင်းရွာ ခမည်းတော် ဦးမင်းကျော် မယ်တော် ဒေါ်တုတ်တို့မှ ၁၂၈၆ ခုနှစ် ပြာသိုလပြည့်ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၁ ခုနှစ်တွင် ညောင်လွန့်တောရကျောင်းတိုက် တိုက်ကြပ်ဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၅ ခုနှစ်တွင် တပ်ကုန်းမြို့ ငွေတောင်ကျောင်းတိုက် ဒုတိယမြောက်ဆရာတော်ဘဒ္ဒန္တလက်ာရကို ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍသိမ်၌ ဦးအောင်ဘ-ဒေါ်မိကြီး၊ သမီး ဒေါ်ရွှေခိုင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းရွာ ညောင်လွန့်တောရကျောင်းတိုက် ဦးဥတ္တမ၊ တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းဆရာတော် ဦးလက်ာရ၊ ဦးသောမန၊ မန္တလေးတိုင်းဒေသကြီး အမရပူရ (တောင်မြို့)၊ မိုးကုတ်ဆရာတော် ဦးဝိမလ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သပြေပင်တောရ ဦးကေဝလာဘိဝံသ စသော ဆရာတော်များထံ လောကုတ္တရာအခြေခံပရိယတ္တိစာပေများ၊ အဘိဓမ္မာ ညဝါဆည်းပူးခြင်း၊ ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့ပါသည်။

**သာသနာ့တာဝန်ထမ်းဆောင်တော်မူခြင်း**

၁၃၀၅ ခုနှစ်တွင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ စာချတာဝန်ကိုလည်းကောင်း၊ ၁၃၂၀ ခုနှစ်တွင် ငွေတောင်တောရကျောင်း၌ နာယကအဖွဲ့ဝင် တာဝန်ကိုလည်းကောင်း၊ ၁၃၄၂ ခုနှစ်တွင် တပ်ကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌတာဝန်ကိုလည်းကောင်း၊ နိုင်ငံတော်ဆင့်ပွားဝိနည်းဓိုရ် သင်တန်းမှူးတာဝန်ကိုလည်းကောင်း၊ ၁၃၅၇ ခုနှစ်တွင် စတုတ္ထမြောက်ကျောင်းတိုက်ပဓာနနာယက တာဝန်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တာဝန်တို့ကိုဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

၁၃၅၉ခုနှစ်တွင် နိုင်ငံတော်အစိုးရက“အဂ္ဂမဟာပဏ္ဍိတ”ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၀ ခုနှစ်တွင် “အဘိဓဇမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်မြတ်တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သက်တော် ၈၉နှစ်၊ သိက္ခာ ၆၉ ဝါအရ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ (၁၅-၁၀-၂၀၁၃) အင်္ဂါနေ့ နံနက် ၁ နာရီ မိနစ် ၂၀ အချိန်တွင် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

## တပ်ကုန်းမြို့ ငွေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဝနတ်ထံပျံလွန်

**နေပြည်တော်　အောက်တိုဘာ　၁၆**

နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သက်တော်(၈၉)နှစ် သိက္ခာတော် ၆၉ ဝါရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသိရီ(အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်သည် ၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက် (၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်) အင်္ဂါနေ့ နံနက် ၁ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမာမြို့နယ်ခွဲတွင် ဒုတိယအကြိမ် ဆင်နင်းခံရ၍ သေဆုံး

**အမာ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ဘဝသစ်ကျေးရွာအုပ်စု တညင်ကုန်းကျေးရွာ ဦးလှိုင်စိန်၏ နေအိမ်၌ နေထိုင်အလုပ်လုပ်ကိုင်သူ အလုပ်သမား စောစံထွန်း(ခ)ကရင်ကြီး(၃၃)နှစ်သည် အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီက ဆင်နင်းခံရပြီး မွန်းလွဲ ၁ နာရီတွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ ယခုနှစ်မိုးဦးကျအချိန်က အမာမြို့နယ်ခွဲ ဆိပ်မကျေးရွာအုပ်စု မမွေးကွင်းကျေးရွာအနီး မအေးဝင်းသည် ကဏန်းပိုက်ထောင်ရန် အဖော်နှစ်ဦးနှင့်အတူ မမွေးကွင်းကျေးရွာရှိ တောထဲသို့ အသွား ဂုဏ်ဆင်နှင့် တွေ့ဆုံပြီး ဆင်နင်းခံရ၍ သေဆုံးသွားခဲ့ဖူးရာ ဂုဏ်ဆင် တညင်ကုန်းကျေးရွာ အုန်းတောအတွင်း ရှိနေကြောင်း သိသောအခါ ယခုသေဆုံးသူ စောစံထွန်း(ခ)ကရင်ကြီးနှင့် အပေါင်းအပါ ၁၀ ဦးခန့်သည် ဂုဏ်ဆင်ကြီးကိုမြင်တွေ့လို၍ တညင်ကုန်းချောင်းမကြီးတောစပ် အုန်းတောအတွင်းသို့ ဝင်ရောက်ကြည့်ရှုရင်း ရှေ့ရောက်သွားသော စောစံထွန်းသည် ဆင်နှင့် ရင်ဆိုင်တိုးမိကာ နှာမောင်းနှင့် ဆွဲယူနင်းခြေခံရပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ အမာမြို့နယ်ခွဲအတွင်း ဒုတိယအကြိမ် ဆင်နင်းခံရ၍ သေဆုံးရခြင်းဖြစ်ပြီး ပထမအကြိမ် ဆင်နင်းခံရသူနေထိုင်သည့် မမွေးကွင်းကျေးရွာနှင့် တညင်ကုန်းကျေးရွာသည် နှစ်မိုင်ခန့်သာ ကွာဝေးကြောင်း သိရသည်။

**(အောင်ဝင်းနိုင်-ဖျာပုံ)**

## ရန်ကုန်စက်မှုဇုန် ရေတိုင်ကီစက်ရုံမီးလောင်

**ရန်ကုန်　အောက်တိုဘာ　၁၆**

မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန် ဇေကမ္ဘာဝင်းအတွင်းရှိ စူပါစတားဖိုင်ဘာရေတိုင်ကီစက်ရုံ၌ စက်တင်ဘာ ၁၅ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန် ဇေကမ္ဘာဝင်းရှိ (R-6)လမ်းအမှတ်(၂၅၈)ရှိ စူပါစတားဖိုင်ဘာရေတိုင်ကီစက်ရုံဘေး၌ ထင်းမီးအသုံးပြု၍ ထမင်းအိုးတည်ရာမှ မီးပွားများလွင့်စဉ်ကာ အနီးရှိကာရံထားသော ပလတ်စတစ်သွပ်ပြားအား မီးစွဲလောင်ကျွမ်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၃ စီး၊ အုပ်ချုပ်မှု ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ငါးမိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ထိုမီးလောင်မှုကြောင့် ကျပ်သုံးသောင်းဖိုးခန့်ဆုံးရှုံးခဲ့ကာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရပြီး ယင်းမီးလောင်မှုနှင့်ပတ်သက်၍ စက်ရုံ၏ လုံခြုံရေးဝန်ထမ်းဖြစ်သူ ဦးမြတ်စိုး(၅၂)နှစ် ဇေကမ္ဘာဝင်း မင်္ဂလာဒုံမြို့နယ်နေသူအား မင်္ဂလာဒုံ(မြို့မ) ရဲစခန်းက (ပ) ၆၄၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝ၃၇)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာလ ၁၂ ရက်ထုတ် ကြေးမုံသတင်းစာ အချပ်ပိုစာမျက်နှာ(က)တွင်“ဆက်သွယ်ရေးဥပဒေ” ၏ အခန်း (၃)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၌ **“အခန်း (၁၂)”** အစား **“အခန်း (၁၀)”** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(ကြေးမုံ)**

## လာအိုတွင် လေယာဉ်ပျက်ကျ ၃၉ ဦးသေဆုံး

**ဗီယင်ကျန်း　အောက်တိုဘာ　၁၆**

လာအိုလေကြောင်းလိုင်းမှလေယာဉ်တစ်စင်းသည် ယနေ့ ညနေ ၄ နာရီခန့်က လာအိုနိုင်ငံတောင်ပိုင်းရှိ မဲခေါင်မြစ်အတွင်းသို့ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်းမှတာဝန်ရှိသူတစ်ဦး၏ အဆိုအရသိရှိရပြီး ထိုင်းရုပ်သံသတင်းဌာနများက ၃၉ဦး သေဆုံးခဲ့သည်ဟု ထုတ်ပြန်ကြေညာသည်။

ပျက်ကျမှုဖြစ်ပွားခဲ့သည့်နေရာမှာ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နယ်စပ် ချန်ပါစကာပြည်နယ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လာအိုလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုင်းရုပ်သံလိုင်းတစ်ခုက ATR 72 လေယာဉ် မဲခေါင်မြစ်အတွင်း နစ်မြုပ်ပျက်စီးခဲ့သည့် ဓာတ်ပုံများကို ထုတ်လွှင့်ပြသသွားခဲ့ပြီး အခြားရုပ်သံလိုင်းတစ်ခုက မြစ်ကမ်းဘေးရှိ ရုပ်အလောင်းပုံများကို ထုတ်လွှင့်ပြသသွားခဲ့သည်။

“သေဆုံးသူအရေအတွက် အတိအကျမသိရသေးပါဘူး။ လောလောဆယ် ကျွန်တော်တို့ အမှုဆောင်အရာရှိတွေ မနက်ဖြန်မှာ သတင်းအသေးစိတ် ထုတ်ပြန်နိုင်ဖို့ အစည်းအဝေးလုပ်နေပါတယ်”ဟု လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ထိုင်းသတင်းဌာနများက သေဆုံးသူ ၃၉ ဦးရှိပြီး သေဆုံးသူများတွင် ထိုင်းနိုင်ငံသားနှစ်ဦးပါဝင်သည်ဟု ထုတ်ပြန်ကြေညာသည်။

**ရိုက်တာ။**

လာအိုလေကြောင်းလိုင်းမှ ATR 72 လေယာဉ်တစ်စင်းအား တွေ့ရစဉ်။

# ဝါကျွတ်ချိန်ခါ မြန်မာမှုအစဉ်အလာ

ဒေါက်တာမောင်ဖြေ

သီတင်းကျွတ်လသည် မိုးမကုန်သေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၏။ သာယာတော့မည့် ဆောင်းရာသီ၏အရုဏ်ဦးအချိန်ဖြစ်၏။ သီတင်းကျွတ်လသည် မြန်မာ့ဆယ့်နှစ်လတွင် သတ္တမမြောက်လဖြစ်၏။ ဝါတွင်းသုံးလ သီတင်းသီလကျင့်သုံးဆောက်တည်နေထိုင်သည့်ကာလမှ ကျွတ်လွတ်သောကြောင့် "သီတင်းကျွတ်လ"ဟူ၍ ခေါ်၏။

ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းမှကျွတ်လွတ်သောလဖြစ်၍ "ဝါကျွတ်လ"ဟူ၍လည်းခေါ်၏။ ရှေးအခါက "သန်တူလ"ဟုခေါ်ဆိုသေး၏။ "သန်"မှာ ဝဿာနမိုးဥတုရာသီဟု အဓိပ္ပာယ်ရ၏။ "တူ"မှာတူ (ချိန်ခွင်)ဟူသော ပါဠိပျက်ပုဒ်ဖြစ်၏။ ထို့ကြောင့် သန်တူကို"ဝဿန္တဥတု၊ တူရာသီ" ဟု ဖွင့်ဆို၏။

အဿဝဏီနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ စိတြနက္ခတ်နှင့် နေမင်းတို့ယှဉ်၏။ ကျီးတာရာထွန်းပ၏။ ရာသီရုပ်မှာ ချိန်ခွင်ကိုင်နေသော ကုန်သည်ပုံဖြစ်၏။ သီတင်းကျွတ်လသည် ၂၉ ရက်ရှိ၏။ နာရီအားဖြင့် နေ့ ၃၀ နာရီဖြစ်၏။ ည၌ ၃၀ နာရီဖြစ်၏။ နေ့တာညတာတူညီ၏။

**သီတင်းကျွတ်လအဓိပ္ပာယ်**

ဝေါဟာရလီနတ္ထဒီပနီဆရာက သီတင်းကျွတ်လခေါ်ဆိုပုံကို ဝါဆိုလပြည့်နေ့မှစ၍ သုံးလ၊ ရက်ပေါင်း ၉၀ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိကို သီတင်းဝါလကျွတ်သောကြောင့် သီတင်းကျွတ်လဟူ၍ သာသနာကျမ်းအလိုအရ ခေါ်ဆိုကြောင်းသိသာသည်ဟု ဖွင့်ဆိုခဲ့၏။ ၈၇၁ ခုနှစ်စွဲ သံဃရာဇာကျောင်းကျောက်စာ ၉၂၅ ခုနှစ်စွဲ စုက္ကတေးကျောင်းကျောက်စာစသည်တို့တွင် သတင်းကျွတ်ဟူ၍ သက်သက်ဖြင့်သာရေးလျက်ရှိ၏။

၉၅၂ ခုနှစ်တွင် မူလမင်းရဲကျော်စွာထိုးခဲ့သော စစ်ကိုင်းပုညရှင် စေတီကျောက်စာကို ၁၁၃၇ ခုနှစ်တွင် ဘိုးတော်မင်းတရားဆင့်တိုးတွင် ဆင့်တိုးအပိုဒ်၌ "သက္ကရာဇ် ၁၁၄၂ခု၊ သတင်းကျွတ်လပြည့်ကျော်" ဟု ပါရှိ၏။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တော်တိုင် "သတင်းကျွတ်"ဟူ၍ "သ"သက်သက်ဖြင့် ရေးလျက်ရှိ၏။

ပုဂံစောရဟန်းသိမ်ကျောက်စာတွင် "သတင်းတိုင်း၊ သတင်းချွတ်"ဟူသော အရေးတို့၌လည်းကောင်း၊ အခြားပုဂံခေတ်ထိုးကျောက်စာတို့တွင် "သတင်းနေ့၊ သတင်းသည်၊ သတင်းတည်ကုပ်"ဟူသောအရေးတို့၌လည်းကောင်း၊ အင်းဝခေတ်မှ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားလက်ထက်တိုင် ရေးထိုးခဲ့သော မူလကျောက်စာတို့တွင်လည်းကောင်း "သီတင်း"ဟု မျက်မှောက်ကာလတွင်ရေးသားသကဲ့သို့ "သ"တွင် လုံးကြီးတင်ဆန်ခတ်လျက်မရေးဘဲ "သတင်း"ဟု "သ"သက်သက်ဖြင့်သာ ရေးသည်ကို မှတ်သားရာ၏။

**ပွင့်သောပန်းနှင့် မင်္ဂလာဆောင်ပွဲ**

သီတင်းကျွတ်လ၏ ရာသီပန်းမှာ ကြာပန်းဖြစ်၏။ ထိုလရာသီတွင် အင်းအိုင်ရေကန်စသည်တို့တွင် ကြာဖြူ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်၊ ကြာခေါင်းလောင်း(ပဒုမ္မာ) ဟူသော ကြာမျိုးငါးပါးဖူးပွင့်ဝေဆာကာ သာယာလှသောအချိန်ဖြစ်၏။ ဘုရားငါးဆူပွင့်မည်ဟု ပုဗ္ဗနိမိတ်အားဖြင့် ဤဘဒ္ဒကမ္ဘာပေါ်စအခါ၌ သက်န်း၊ပရိက္ခရာအစုံအလင်နှင့် တကွ ကြာငါးပွင့်ပါလာသည်ဆို၏။ ကြာသည် သန့်ရှင်းစင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းသဘောကို ဆောင်လာခဲ့သည်ဆို၏။

လောကအစဉ်အလာအရ သတ္တဘာဂနတ်မင်းဟု ခေါ်ဆိုသည့် ဖူးစာရေးနတ်မင်းသည် ဝါတွင်းသုံးလတွင် အနားယူအိပ်စက်သည်ဟု တင်စားပြောဆိုကြ၏။ ထို့အတွက်ကြောင့် ဝါဆိုလပြည့်မှ သီတင်းကျွတ်လပြည့်အထိ မြန်မာတို့ မင်္ဂလာပွဲပြုလုပ်ခြင်းကို ရှောင်ကြဉ်ကြ၏။ သီတင်းကျွတ်လပြည့်ကျော်မှစပြီး အမြို့မြို့အနယ်နယ်တွင် လက်ထပ်မင်္ဂလာပွဲများ ဆင်နွှဲကြ၏။

**ဆီမီးမြင်းမိုရ်ပွဲ**

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်အနီး ကောသလဘုရင်၏ ဥယျာဉ်မှူး မောင်ကဏ္ဍစိုက်ပျိုးသော ကဏ္ဍမ္ဗမည်သည့် သရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေမီးအစုံတန်ခိုးပြာဋိဟာပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်းပြသတော်မူခဲ့၏။

ထိုသို့ တန်ခိုးပြာဋိဟာပြပွဲကြီးအပြီး မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဟောကြားတော်မူခြင်းဖြင့် ကျေးဇူးတော်ဆပ်ရန် တာဝတိံသာနတ်ပြည်သို့ကြွတော်မူပြီး သတ္တမဝါကပ်တော်မူ၏။

ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်း၊ တန်ခိုးပြာဋိဟာပြခြင်းတို့အား လူပရိသတ်တို့ လုံးဝ မသိရှိလိုက်ပါ။ ဘုရားရှင်ပျောက်ကွယ်သွား၍ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား မေးမြန်းလျှောက်ထားရာ "တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်ရင်းခင်းထားသော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာတွင် ဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရန် ကြွသွားတော်မူကြောင်း သိရှိကြရ၏။

အဝန်းသုံးဆယ့်ခြောက်ယူဇနာရှိသော လူထုပရိသတ်ကြီးသည် ဗုဒ္ဓဘုရားရှင်အား မဖူးမြော်ရဘဲ ငါတို့ မသွားကြကုန်ဟုတိုင်ပင်ကြပြီး ထိုအရပ်၌ ယာယီမဏ္ဍပ်များဆောက်လုပ်နေထိုင်ကြ၏။ သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာသည် တပည့်ကြီးရှင်သာရိပုတ္တရာဝါကပ်တော်မူရာ သင်္ကာသနဂိုရ်သို့ကြွဆင်းတော်မူမည့်အကြောင်းကို ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးထံမှ တစ်ဆင့်ကြားသိရ၏။ ယူဇနာသုံးဆယ်ကွာဝေးသော သင်္ကာသမြို့သို့ တစ်စုတစ်ဝေးတည်းသွားရောက်ကြရန် ကြိုတင်ပြင်ဆင်လျက်ရှိ၏။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏။ သန္တုသိတမည်သော မယ်တော်မိနတ်သားအမှူးပြုသည့် စကြဝဠာပေါင်းတိုက်တစ်သောင်းတို့မှ ခညောင်းရောက်ရှိလာသော နတ်ဗြဟ္မာပရိသတ်တို့အလယ်တွင် အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲဟောကြားတော်မူ၏။ သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံး၏။

ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ဟောကြားပြီးနောက် သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းတော်မူသည်။ လူတို့ကလည်း ဆီမီးများထွန်းညှိပူဇော်ကြကုန်၏။ ထို့ကြောင့် ဆီမီးမြင်းမိုရ်ပွဲဟု ခေါ်ဆိုကြ၏။ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှဆင်းသက်သည်ကိုအကြောင်းပြု၍ မီးမြင်းမိုရ်ပွဲကို ကျင်းပလာကြ၏။

**ရှေးခေတ်မီးထွန်းပွဲ**

ပုဂံခေတ်ထိုးကျောက်စာများရှိ ကောင်းမှုစာရင်းတွင် ကထိန်အလှူ ပွဲသကူအလှူ မီးဖုန်းအလှူနှင့် ညောင်ရေသွန်းအလှူစသည်တို့တွေ့ရ၏။ သီတင်းကျွတ်မီးပူဇော်ပွဲကို မတွေ့ရပါ။ သို့သော် ထိုခေတ်ကရေးဆွဲခဲ့သော နံရံဆေးရေးပန်းချီကားချပ်ကို ထောက်ရှုပြီး ပုဂံခေတ်တွင် မီးထွန်းပွဲတော်ပြုလုပ်ခဲ့သည်ဟု ယူဆနိုင်၏။

ယင်းပန်းချီကားကို မြင်းကပါဂူပြောက်ကြီးဘုရားတွင် တွေ့ရ၏။ ပန်းချီကားသည် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာတာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်သို့ ကြွဆင်းလာပုံကို ပီပြင်စွာသရုပ်ဖော်ရေးဆွဲထား၏။ ပန်းချီကားတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ သင်္ကာသမြို့သို့ ကြွဆင်းတော်မူ၏။ သိကြားမင်းဖန်ဆင်းပေးသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်အနက် ပတ္တမြားစောင်းတန်းမှ တင့်တယ်စွာကြွဆင်းတော်မူလာပုံကို သရုပ်ဖော်ရေးဆွဲထားခြင်းဖြစ်၏။

ပဉ္စသိခမည်သော ဂန္ဓဗ္ဗနတ်သားက နတ်စောင်းကြီးကို တီးကာပူဇော်ခြင်း၊ မာတလိနတ်သားက ပန်းနံ့သာစသည်တို့ဖြင့် ရှိခိုးပူဇော်ခြင်း၊ သုယာမနတ်သားက စာမရီသားမြီးယပ်ကိုကိုင်ဆောင်ခြင်း၊ သဟံပတိဗြဟ္မာကြီးက ထီးဖြူကြီးကိုမိုးထားခြင်း၊ သိကြားမင်းက ဝိဇယုတ္တရခရုသင်းကြီးကို မှုတ်ကာ မြတ်စွာဘုရားအားခြံရံ၍ လိုက်ပါလာကြပုံကို ရေးဆွဲထား၏။ ယင်းပန်းချီကားကိုထောက်ရှုခြင်းဖြင့် သီတင်းကျွတ်လပြည့်နေ့ကို အထူးအလေးထားကြောင်း ထင်ရှားသည်။ ပုဂံခေတ်ကအချို့သော ပန်းချီကားများတွင် ဆီမီးခွက်များတွေ့ရှိရ၏။ ပုဂံခေတ်ကပုဂံသားတို့သည် သီတင်းကျွတ်လပြည့်နေ့ကို ဗုဒ္ဓဘုရားရှင်အား ရည်မှန်းပြီး ဆီမီးညှိထွန်းပူဇော်ပွဲ ပြုလုပ်ကြသည်ကို ယူဆနိုင်၏။

အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်တို့တွင် ဆီမီးမြင်းမိုရ်မီးထွန်းပွဲတော်ကို ဘုရင်များကိုယ်တိုင်ဦးစီး၍ လုပ်ဆောင်ခဲ့သည်။ ထိုခေတ်တွင် မင်းရင်ပြင်၌ မြင့်မားသော ပြာသာဒ်ကြီးများတည်ဆောက်၍ လှေကားသုံးသွယ်ဆင်ယင်ပြီး ဆီမီးများညှိထွန်းပူဇော်၏။ ဘုရားစေတီတော်များတွင် ဆီမီးထွန်းညှိပူဇော်၏။

**ပဝါရဏာပွဲ**

ဝါတွင်းဥပုသ်ဝါဆိုတော်မူကြသော သံဃာတော်များသည် သီတင်းကျွတ်လျှင် ဝိနည်းဒေသနာတော်အရ ဥပုသ်အစား ပဝါရဏာပြုကြ၏။ ပဝါရဏာဆိုသော ပါဠိမှာ "ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း"ဟု အဓိပ္ပာယ်ရ၏။ ရဟန်းတော်များအချင်းချင်း အပြန်အလှန်ဖိတ်ကြားသော(ဝါ) တိုက်တွန်းတောင်းပန်သော ပွဲပင်ဖြစ်၏။

"ငါ့အရှင်တို့ - တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကို မြင်လျှင်သော်လည်းကောင်း၊ ကြားလျှင်သော်လည်းကောင်း၊ ယုံမှားသင်္ကာရှိလျှင်သော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်"ဟူ၍ သုံးကြိမ်တိုင်တိုင် သံဃာအား ဖိတ်ကြားတိုက်တွန်းရ၏။

ထိုပဝါရဏာပွဲသည် သီတင်းသုံးဖော် ရဟန်းတော်များအချင်းချင်း တစ်ပါးသောပုဂ္ဂိုလ်ပေါ်တွင်ဖြစ်စေ၊ မိမိအပေါ်တွင်ဖြစ်စေ တရားတော်နှင့်မလျော်ညီဖီလာပြစ်မှုများရှိခဲ့သော် အချင်းချင်းစုပေါင်းဝေဖန်ကြသောပွဲ၊ သုံးသပ်ကြသည့်ပွဲ၊ အမှားကိုပြုပြင် အမှန်ကို ဝန်ခံကြသောပွဲပင်ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏ ပဝါရဏာပွဲတော်သည် သူတစ်ပါးတို့အား ဝေဖန်ရေးကို အနူးအညွတ်ဖိတ်ခေါ်သော ပွဲကြီးတစ်ခုဖြစ်၏။ ထိုကျင့်စဉ်ကောင်းဖြင့် သံဃာတော်အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပုဂ္ဂိုလ်သန့်စင်ရေးတရားတော်များကို ရယူနိုင်ခဲ့သည်မှ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် တည်တံ့စွာထိန်းသိမ်းပြုလုပ်လျက်ရှိ၏။

**ဝါကျွတ်ချိန်ခါမြန်မာမှုအစဉ်အလာ**

ဝါလကင်းလွတ်သီတင်းကျွတ်လသည် မြန်မာတို့အဖို့ ဝါကျွတ်ချိန်ခါဖြစ်ပြီး မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အို၊ ဘိုးဘွားမိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့သောဓလေ့ရှိခဲ့သည်၏။

**"ဆဒ္ဒန်ပိုင်ညီလာခံသည် သီဟာပျံငွေ့မော့၊ ဒီပါလျှံကေလျှော့လို့၊ ရွှေကန်တော့ခံချိန်၊ ရတနာထီးစင်းကြို့နှင့်၊ မီးမြင့်မိုရ်ညီးပျို့ထိန်ထိန်"** ဟု မြန်မာမင်းများလက်ထက်က ဝါကျွတ်ကန်တော့ပွဲကို နန်းတော်အတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပုံကို စာဆိုဦးကြော့က တေးထပ်ဖွဲ့၍ မှတ်တမ်းပြုခဲ့၏။

**"ဌာန်တော်ဆီ၊ တကြော့ကလေးဆံကိုဖြီလို့၊ ကန်တော့မှီပြန်လိုက်စမ်းချင်လှ၊ နန်းမြို့ရိပ်ဟောင်းကိုလသော်တာ၊ မျှော်ပါရောခါရမ်းရတယ်ရှင်၊ လွမ်းဖို့မိတ်ပေါင်း"** ဟူ၍လည်း ဝါကျွတ်ကာလသက်ကြီးပူဇော်ပွဲကို ပါဝင်ဆင်နွှဲလိုသော ဆန္ဒကြီးမားစွာဖြင့် ပူဇော်ကန်တော့ပွဲအမီ မိမိဌာနီသို့ပြန်လိုသောစိတ်များ ဖုံးလွှမ်းကာရပ်ဝေး တစ်နေရာကနေ မှန်းဆ တမ်းတ လွမ်းတသသ ဖြစ်ရရှာသူများရှိနေကြသည်ကိုလည်း ရှေးစာဆိုတစ်ဦးက သီတင်းကျွတ်လခွန်းထောက်တစ်ပုဒ်ဖြင့် ရေးဖွဲ့ထားခဲ့သည်ကို မှတ်ရပေသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်း၍ဆီမီးရောင်စုံတို့ဖြင့် ပူဇော်ကြသကဲ့သို့ သက်ကြီးဝါကြီးများအားလည်း ပူဇော်ကန်တော့ကြသည့် ဓလေ့သည် ထင်ရှားလျက်ရှိနေပေတော့သည်။

ဓမ္မအကြောင်းရှုထောင့်မှကြည့်လျှင် ပူဇာစပူဇာနေယျာနံမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတမင်္ဂလာ၊ သောဝစဿမင်္ဂလာတရားတော်များဖြင့် အကျိုးထူးများကိုခံစားနိုင်သည်။

လောကအကြောင်းအနေဖြင့် ကြည့်လျှင် သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သောဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ ချီးမွမ်းခြင်းကိုခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရသောအကျိုးတရားများကို ရရှိနိုင်၏။

သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကိုကုစားသော၊ အပြစ်ကိုပပျောက်စေနိုင်သော နည်းတစ်နည်းဖြစ်၏။ သံသရာခရီးသည်များသည် မျက်မှောက်ဘဝ၌ဖြစ်စေ၊ အတိတ်ဘဝ၌ဖြစ်စေ ကိုယ်နှုတ်နှလုံးသုံးပါးတစ်ပါးပါးဖြင့် တစ်ဦးပေါ်တစ်ဦး ပြစ်မှားမှုများရှိနိုင်၏။ ယင်းအပြစ်များကို တောင်းပန်ပူဇော်ကန်တော့သောနည်းဖြင့် ပပျောက်စေနိုင်ကြောင်းကို ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့၏။ ။

## အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်

**ဖျာပုံ အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံအတွင်း အသုံးပြုနေသော S.M.W-3 ကုန်းတွင်းပိုင်းဆက်ကြောင်းချွတ်ယွင်း၍ အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က နိုင်ငံခြားတယ်လီဖုန်းလိုင်းများနှင့် အင်တာနက်ဆက်ကြောင်းများ ပြတ်တောက်မှုများဖြစ်ပွားရာတွင် ကုန်းတွင်းပိုင်းမြေအောက် Power Cable ချွတ်ယွင်းမှုကြောင့်ဖြစ်ပေါ်နေရခြင်းကို ရန်ကုန်မြို့ ပြည်ပဆက်သွယ်ရေးရုံးချုပ်မှ တာဝန်ရှိသူအင်ဂျင်နီယာများနှင့် ဖျာပုံမြို့ Terminal စခန်းမှ အင်ဂျင်နီယာနှင့်အဖွဲ့များ ဖျာပုံမြို့နယ်တွင်း ရှာဖွေစစ်ဆေးရာတွင် ဖျာပုံမြို့ (၁၈)ရပ်ကွက် မြို့ပတ်လမ်း 1.83 ကီလိုမီတာတွင် Power Cable Fault ဖြစ်ပေါ်နေခြင်းကို တွေ့ရှိသဖြင့် Power Cable ကြိုး 23 မီတာ အစားထိုးလဲလှယ်ပြီး ရေဝင်၍ Shock ဖြစ်နေသည့် Joint Closure အားအသစ်လဲလှယ်ခဲ့ကြသည်။

ဆက်လက်၍စစ်ဆေးရာ ဖျာပုံမြို့ Terminal စခန်းမှ 20.8 ကီလိုမီတာ အကွာအဝေးရှိ ကမာပိုကျေးရွာအနီး joint တစ်ခုတွင် Insulation ကျနေခြင်းကို တွေ့ရှိသဖြင့် Joint အသစ်လဲလှယ်ပြီး Power Cable ကြိုး 70 မီတာ အရှည်ကို အစားထိုးလဲလှယ်ပေးခဲ့ သည်။ ထို့ပြင် နောင်တွင် Cable ချွတ်ယွင်းမှုများ ထပ်မံမဖြစ်ပေါ်စေရန် အတွက် ဖျာပုံမြို့ Terminal စခန်းမှ 22 ကီလိုမီတာ အကွာအဝေးရှိ မယ်လေးရိုးချောင်းအတွင်း မြှုပ်နှံသွယ်တန်းထားသော Power Cable နှင့် Fibre Cable ကြိုးတို့ကိုလည်း ရေရှည်တွင် အန္တရာယ်ရှိနိုင်သဖြင့် အသစ်တည်ဆောက်ပြီးစီးသွားသော မယ်လေးရိုးတံတားပေါ်သို့ ပြောင်းရွှေ့ခြင်းလုပ်ငန်းကိုလုပ်ဆောင်ပြီး ဖျာပုံစခန်းမှ ကုလားထိပ်ကျေးရွာ ပင်လယ်ကမ်းစပ်ရှိ Beach Manhole အထိ Cable Insulation Resistance တိုင်းတာမှု Result ကောင်းမွန်သဖြင့် (Power Feeding Equipment) Power ပြန်တင်နိုင်သဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအားထား အသုံးပြုနေရသည့် အင်တာနက်လိုင်းများနှင့် နိုင်ငံခြားဖုန်းလိုင်းများ အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ပုံမှန်အတိုင်း ပြန်လည်ကောင်းမွန်စွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ချမ်းသာ)**

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၁၀-၂၀၁၃ (ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | | (စိတ်ပညာ) |
| ၃း၁၅ | သုခုမရင်ခွင်အငြိမ့်သဘင် (ဟာသလွှင်ပြင်အငြိမ့်) (မင်းသမီး-ဒါလီလင်း၊ လူရွှင်တော်-မိုးတိမ်၊ ကံပွင့်၊ ဒွဲဒိုး၊ ဆန်းဒေး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| | | ၈း၃၅ | ပြည်သူ့နီတိ"ညစောင့်" (မင်းသူ၊ ရဲဒီပ၊ သဲဆုရတနာ) (ဒါရိုက်တာ-မျိုးအေး) |
| ၄း၄၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာပို့ချချက် -ဒုတိယနှစ်(စိတ်ပညာအထူးပြု) | ၉း၀၀ | ပြည်တွင်းသတင်း -ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -နိုင်ငံခြားဇာတ်လမ်းတွဲ "နိမိတ်ပုံရိပ်" (အပိုင်း-၄၂) |

✻ မြန်မာ-တရုတ်မှ

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များ အရှိန်အဟုန် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဉက္ကဋ္ဌက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စက်မှုလုပ်ငန်းကုမ္ပဏီများအား ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ CATIC ကုမ္ပဏီသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ Mr. Ma Zhiping နှင့်တာဝန်ရှိသူများက လေယာဉ်၊ ရဟတ်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် CETC International ကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ Mr. Long Bin က အစည်းအဝေးခန်းမ၌ အဆင့်မြင့် နည်းပညာသုံး အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် CETC ကုမ္ပဏီ၏ အဆင့်မြင့်နည်းပညာဖြင့် တည်ဆောက်ထားသည့် Innovation Center အတွင်း လှည့်လည်ကြည့်ရှုကြပြီး**(ဝဲပုံ)** CETC ကုမ္ပဏီမှတည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးသိပ္ပံနှင့် စက်မှုဗျူရို (SASTIND) နှင့် ZTE ကုမ္ပဏီတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

■ ကျောဖုံးမှ

ထိုယာဉ်သွားလမ်းနှစ်ထပ်တံတားကြီး ရေရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ယင်းတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ကြမည့် ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်ယာဉ်မောင်းများသည် ကျော်တက်၊ ဖြတ်ကွေ့၊ ယှဉ်မောင်း၊ ပြိုင်ထွက်စသည့် မောင်းနှင်မှုမျိုးများကိုရှောင်ရှားပြီး တံတားပေါ်ယာဉ်မောင်းလျှင် လမ်းညွှန်စည်းကမ်းချက်များကို အစဉ်သတိထားရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ထိန်းသိမ်းမောင်းနှင်ကြရန်လိုကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ အဆိုပါ တံတားကြီးကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းအားကစားပွဲတော်ကြီးအမီ အောင်မြင်စွာအပြီးတည်ဆောက်နိုင်ရန် ပြည်သူများက ဆန္ဒရှိနေကြောင်း ရေးသားလိုက်ရပေသည်။

## ရန်ကုန်၌ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်သည့် သံသယရှိသူ စောမြင့်လွင် (ခ) မောထအား ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်ကြီးများ ဟိုတယ်ပေါက်ကွဲမှုနှင့် အလုံမြို့နယ် Western Park II စားသောက်ဆိုင်စားပွဲခုံအောက်၌ မိုင်းတွေ့ရှိမှုတို့နှင့် ပတ်သက်သည်ဟု သံသယရှိသူ စောမြင့်လွင် (ခ)မောထအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးရမိထားပြီးဖြစ်ပါသည်။

၎င်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သိရှိပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များထံ သတင်းပို့ကြပါရန် မေတ္တာရပ်ခံထားသည်။

စောမြင့်လွင်(ခ) မောထ

စောထွန်းထွန်း

တောင်ငူမြို့ ချမ်းမြေ့တည်းခိုခန်းပေါက်ကွဲမှုနှင့် ပတ်သက်သည်ဟု သံသယရှိသူ စောထွန်းထွန်းအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

၎င်းနှင့်ပတ်သက်သည့် လှုပ်ရှားမှုသတင်းများကို ရရှိပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များထံ သတင်းပို့ကြပါရန် မေတ္တာရပ်ခံထားသည်။

**(သတင်းစဉ်)**

## ကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူအတုများနှင့် ငွေတုပြုလုပ်သည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့ တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက် ဗညားဒလလမ်းရှိ "ဖောင်းဖောင်း" လက်ဖက်ရည်ဆိုင်တွင် အောက်တိုဘာ ၁၂ ရက်က တာမွေမြို့နယ် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သတင်းအရသက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ဒဂုံမြို့သစ် (တောင်ပိုင်း) ငုဝါမြိုင်လမ်း၌ နေထိုင်သော မလွင်လွင်ခိုင် (ခ) သိမ့်သိမ့် ရောက်ရှိလာပြီး ၎င်းအားရှာဖွေစစ်ဆေးခဲ့ရာ လွယ်ကြိုးပါပိုက်ဆံအိတ်အတွင်းမှ ကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူ (အသေး)အတု အရွက် ၄၁၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

လွင်လွင်ခိုင်(ခ)သိမ့်သိမ့်၏နေအိမ်အားဆက်လက်ရှာဖွေခဲ့ရာ နေအိမ်နောက်ဖေးရှိ ထင်းရှူးသေတ္တာအတွင်းမှ ကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူ (အသေး)အတု ၁၉၉၇ ရွက် ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်စစ်ဆေး ဖော်ထုတ်ချက်အရ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီကျော်တွင် ငွေစက္ကူအတုထုတ်လုပ်ဖြန့်ဖြူးသူ သယ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနေ မျိုးသူရနှင့် ဒဂုံ (ဆိပ်ကမ်း) မြို့နယ် ယုဇနအိမ်ရာနေ ခင်ဇော်ဦးတို့ထံမှ ကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူ (အသေး)အတု ၆၉၉ ရွက် ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ခင်ဇော်ဦးနေထိုင်သည့် ဒဂုံ (ဆိပ်ကမ်း) မြို့နယ် ယုဇနအိမ်ရာ၌ အဆိုပါငွေစက္ကူများအား ကာလာပရင်တာဖြင့် တုပထုတ်လုပ်ခဲ့ကြောင်းနှင့် တန်ဖိုးတစ်ဝက်ဈေးနှုန်းဖြင့် ဖြန့်ဖြူးစေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ခင်ဇော်ဦး ၎င်းရမ်းနေထိုင်သည့် ဒဂုံ(ဆိပ်ကမ်း) မြို့နယ် ယုဇနအိမ်ရာရှိ နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ ကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူအတုပြုလုပ်သည့် EPSON အမျိုးအစား ကာလာပရင်တာ နှစ်လုံး၊ ဆက်စပ်ပစ္စည်း ရှစ်မျိုးနှင့် ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် ကျပ် ၁၀၀၀ တန် ငွေစက္ကူအစစ် ရှစ်ရွက်တို့အား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ဆက်စပ်ပစ္စည်းများနှင့်အတူ ကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူ (အသေး) အတု ၁၉၁၆ ရွက် ထပ်မံတွေ့ရှိသဖြင့် စုစုပေါင်း ငွေစက္ကူအတု ၅၀၄၂ ရွက် သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူအတုပြုလုပ်ရာတွင် ပါဝင်ပတ်သက်သူများ ဖြစ်ကြသော လွင်လွင်ခိုင်(ခ) သိမ့်သိမ့်၊ မျိုးသူရနှင့် ခင်ဇော်ဦးတို့အား တာမွေမြို့နယ်ရဲစခန်းက (ပ)၄၅၁/၂၀၁၃၊ ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ တို့ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

အထိတ်တလန့်လုပ်ဆောင်မှု သတိပြု

## မန္တလေးဈေးချို၌ ဗုံးလန့်

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့ ဈေးချိုတော်အရှေ့မြောက်ဘက် အေရုံ ပထမထပ်ဝရန်တာရှိ ထုပ်တန်းပေါ်တွင် မသင်္ကာဖွယ် ဂျပ်စက္ကူဖာတစ်ခုကို အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီခန့်ကတွေ့ရှိပြီး အထိတ်တလန့်ဖြစ်ပွားခဲ့သည်။ လှထိပ်တင်အလှကုန်ဆိုင်က စတင်တွေ့ရှိခဲ့ပြီး ဆိုင်ရှင်ဦးအောင်နိုင်က ရုံလူကြီးအား အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

"မနက်ဆိုင်ခင်းနေတုန်း ကလေးတွေက တန်းပေါ်မှာ ဂျပ်ဘူးတစ်ခုတွေ့တယ်။ မသင်္ကာဘူးဆိုတာနဲ့ ကျွန်တော် ရုံလူကြီးကို အကြောင်းကြားပါတယ်။ သိပ်မကြာခင်မှာပဲ ရဲတပ်ဖွဲ့ဝင်တွေနဲ့ စည်ပင်ဝန်ထမ်းတွေ ရောက်လာပြီး ရှင်းလင်းရေးအတွက်စတင်လုပ်ဆောင်ပါတယ်"ဟု ဦးအောင်နိုင်က ပြောပြသည်။

အဆိုပါ မသင်္ကာဖွယ်ဂျပ်စက္ကူတွေ့ရှိရာနေရာအား လုံခြုံရေးရယူကာ သဲအိတ်များဖြင့် အကာအရံပြုလုပ်ပြီး မသင်္ကာဖွယ်ဂျပ်ဘူးအား ချိတ်ဖြင့်ဆွဲချရာ ဂျပ်ဘူးစက္ကူဖာအလွတ်တစ်ခုသာဖြစ်ကြောင်း တွေ့ရသည်။

**(၀၀၂)**

# ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့ကိုက်ညီခြင်းရှိ၊ မရှိ တည်ဆဲဥပဒေ ၄၀၀ ကျော်ကို အရင်ကြည့်တာက ပိုပြီးအရေးကြီး

(ယမန်နေ့မှအဆက်)

**ဒေါက်တာ အင်ဒရူး ငွန်ကျော်လှ**

ကျွန်တော် ဒီနေ့ဆွေးနွေးချင်တဲ့ကိစ္စကတော့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး ပြည်နယ်တွေအကြားမှာ သဘာဝသယံဇာတအရင်းအမြစ် ကနေရရှိတဲ့ ဘဏ္ဍာငွေတွေကို ဘယ်လိုခွဲဝေမလဲ၊ နောက်ပြီးတော့ ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်တွေကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ကျွန်တော်တို့ထိထိရောက်ရောက် ဘယ်လိုကိုင်တွယ် ဖြေရှင်းမလဲဆိုတာ ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဆရာကြီး ဒေါက်တာမေနဲ့တူးကျော်ပြောသွားသလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖက်ဒရယ်စနစ် ဒါမှမဟုတ် ဖက်ဒရယ်မူလို့ ပြောလို့ရမယ့် လက္ခဏာအချက်(၅)ချက်ကို အခြေခံထားတာကို ကျွန်တော်နည်းနည်း ပြောလိုပါတယ်။

ပထမအချက်က စာနဲ့ရေးသားထားတဲ့အခြေခံဥပဒေရှိပါတယ်။ အဲဒါ ၂၀၀၈ ခုနှစ်အခြေခံဥပဒေဖြစ်ပါတယ်။ ဒုတိယအချက်က အစိုးရနှစ်ခု၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ဆိုတဲ့အစိုးရကို ဖန်တီး ပေးထားပါတယ်။

တတိယအချက်က ပြည်သူ့ထံကနေဆင်းသက်လာတဲ့ အချုပ်အခြာ အာဏာကြီးကို ခက်ဖက်သုံးဖြာခွဲပိုင်းခြားပေးထားပါတယ်။ တရားစီရင်ရေးရှိတယ်၊ အုပ်ချုပ်ရေးရှိတယ်၊ ဥပဒေပြုရေးရှိပါတယ်။

စတုတ္ထအနေနဲ့ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုတွေဖြစ်လာတဲ့ အခါမှာ သဘာသတ်ကျကျဖြေရှင်းပေးမယ့် အခြေခံဥပဒေဆိုင်ရာခုံရုံးလည်း ရှိပါတယ်။ ပဉ္စမအနေနဲ့လည်း ဒေသကိုအခြေခံတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်စုတွေ ဒီအနေအထားတွေ အခြေခံတဲ့အမျိုးသားလွှတ်တော်ကိုလည်း ဖွဲ့စည်းပေး ထားပါတယ်။

ဒီအချက်(၅)ချက်နဲ့ပြည့်စုံတဲ့အတွက် ၂၀၀၈ ခုနှစ်အခြေခံဥပဒေဟာ ဖက်ဒရယ်စနစ် ဒါမှမဟုတ် ဖက်ဒရယ်မူကို အခြေခံထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့အနေအထား၊ သူ့ရဲ့ရေးသားပုံ၊ ဖွဲ့စည်းပုံတွေကြောင့် ပြည်သူတွေလိုလားတဲ့ ဖက်ဒရယ်အဆင့်ကို ရောက်ပြီလား၊ မရောက် သေးဘူးလားဆိုတာကတော့ ကျွန်တော်မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့လိုချင်တဲ့ဟာကို တဖြည်းဖြည်းချင်း ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ လုပ်လို့ရပါတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

ဒုတိယအချက်အနေနဲ့ ၂၀၀၈ ခုနှစ် အခြေခံဖွဲ့စည်းပုံဥပဒေအရ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခါစ ကျွန်တော်တို့တိုင်းပြည်မှာ သဘာဝသယံဇာတတွေပေါများလှတဲ့ တိုင်းပြည်မှာ ဒီအရင်းအမြစ်တွေကို ခွဲဝေမှုလုပ်ငန်းတွေရှိလာတဲ့ ဘဏ္ဍာငွေတွေကိုခွဲဝေမှုလုပ်တာနဲ့ ကျွန်တော်တို့အကြီးအကျယ်ကြုံတွေ့ရတဲ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေ တွေ့လာနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုသဘာဝသယံဇာတတွေနဲ့ ဒီဘဏ္ဍာငွေတွေခွဲဝေမှု၊ ကျေးလက်ဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲတေမှုလျှော့ချရေးကိစ္စတွေကို ဒီသဘာဝသယံဇာတဆိုင်ရာ တည်ဆဲဥပဒေတွေနဲ့ ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲဆိုတာ ကို နည်းနည်းပြောလိုပါတယ်။

ဘာလို့လဲဆိုတော့ ဗြိတိသျှလက်အောက်ကို ကျရောက်ပြီးကတည်းက ဒီနေ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအသက်ဝင်လာတဲ့ ၂၀၁၀ ခုနှစ်နောက်ပိုင်းအထိ ခေတ်ပေါင်းများစွာဖြတ်သန်းခဲ့ပါတယ်။ ဗြိတိသျှတွေအုပ်ချုပ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ နောက်ပိုင်းလွတ်လပ်ရေး ရပြီးတော့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ တော်လှန်ရေးကောင်စီခေတ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ ဆိုရှယ်လစ်အစိုးရခေတ်တုန်းက ပြဋ္ဌာန်းထားတဲ့တည်ဆဲဥပဒေတွေ၊ တပ်မတော်အစိုးရလက်ထက်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ ကျွန်တော်တို့မှာ တည်ဆဲဥပဒေပေါင်း (၄၀၀) ကျော်ရှိပါတယ်။

ယခုအစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေသစ်တွေ(၄၀) ကျော်ရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိစ္စဓူဝတိုင်းပြည်ရဲ့ အစိုးရယန္တရား လည်ပတ်တဲ့အရာက ၂၀၀၈ ခုနှစ် အခြေခံဥပဒေ မဟုတ်သေးဘဲ အမှန်ဆိုရင် ကျွန်တော်တို့ နိစ္စဓူဝတည်ဆဲဥပဒေတွေနဲ့ အသက်ရှင်နေရပါတယ်။

အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော် ကလည်း တချို့ဥပဒေတွေကို ပြင်ဆင်တာတို့ ပြုပြင်တာတို့ ပြောင်းလဲတာတို့ အသစ်ပြဋ္ဌာန်းတာတို့ လုပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အခု အချိန်မှာ အခြေခံဥပဒေပြင်ဆင်ရေး ဒါမှမဟုတ် လက်ရှိ ၂၀၀၈ ခုနှစ် ကို ပြင်မလားဆိုတဲ့ အဆင့်ကိုမရောက်ခင်တောင်မှ ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေနဲ့ ကိုက်ညီခြင်းရှိ၊ မရှိဆိုတဲ့ တည်ဆဲဥပဒေ (၄၀၀) ကျော်ကို အရင် ကြည့်တာက ပိုပြီးအရေးကြီးပါတယ်လို့ ထင်ပါတယ်။

ဘာလို့လဲဆိုတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့ကိုက်ညီတဲ့ ဗြိတိသျှ အုပ်ချုပ်ရေးက အကောင်အထည်ဖော်ဖို့ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေ တချို့ဟာ လက်ရှိ ၂၀၀၈ ခုနှစ် ပါတီစုံ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ ပြဋ္ဌာန်းထားတာနဲ့ ဆန့်ကျင်တဲ့ဟာတွေ အများကြီးရှိပါတယ်။ အဲဒီလိုပဲ အစိုးရ အသွင်တူတွေ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဟာလည်း ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ လုံးဝသဘောတူကင်းပြီးတော့ အလုပ်လုပ်ကိုင်ဖို့အတွက် အခက် အခဲဖြစ်စေပါတယ်။

အဲဒီတော့ ဒီဟာတွေကို ကျွန်တော်တို့ မဖြေရှင်းရင် ဘာဖြစ်မလဲ ဆိုတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှေ့ကဆရာကြီးတွေ တင်ပြသွားသလို ဇယား(၁)ရှိတယ်။ ဇယား(၂)ရှိတယ်။ ဇယား(၅)ရှိပါတယ်။ ကျွန်တော်တို့ ဒီသုံးခုနဲ့အလုပ်လုပ်တဲ့အချိန်မှာ ဇယား(၁)နဲ့ဇယား(၂)ကြားမှာ ပြဿနာအဖြစ်စေဆုံးက သူ့မှာပြဋ္ဌာန်းထားတဲ့ ပုဒ်မတွေမဟုတ်ဘဲနဲ့ အဲဒီဇယား(၁)နဲ့ ဇယား(၂)ဘယ်လိုအလုပ်လုပ်မလဲ၊ ဘယ်အချက်မှာ ဇယား(၁)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှာ (၂)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှာဇယား(၅)အရ လုပ်ဆောင်မလဲဆိုတဲ့ဟာက တည်ဆဲ ဥပဒေတွေ ဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေသာ ကောင်းကောင်းမလုပ်ထား နိုင်ရင် ဇယား(၂)မှာ ဘယ်လောက်ပဲ ပြဋ္ဌာန်းပေးထားထား ကျွန်တော်တို့က ဇယား(၂)အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ သဘာဝသယံဇာတနဲ့ ပတ်သက်ပြီးတော့ လုပ်ကိုင်ဖို့ အခွင့်အလမ်း တော်တော်နည်းပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်(၃)ခု တင်ပြလိုပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရဇယား(၂)ထဲမှာ ဘာပေးထား သလဲဆိုတော့ ကျောက်မျက်ရတနာ၊ သယံဇာတကိစ္စမှာ ပြည်နယ်အစိုးရနဲ့ တိုင်းဒေသကြီးအစိုးရကို လုပ်ကိုင်ခွင့်ပေးထားပါတယ်။ ဒါပေမယ့် သူတို့က ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက သယံဇာတ၊ ကျောက်မျက်ရတနာကိစ္စမှာ ပတ်သက်ပြီး ဥပဒေပြုပေမယ့် တကယ်တမ်း အကောင်အထည်ဖော်နေတာက အရင်တုန်းက သယံဇာတဆိုင်ရာ တည်ဆဲဥပဒေတွေနဲ့ အကောင်အထည် ဖော်နေပါတယ်။ အဲဒီမှာ ပြဿနာဖြစ်ပါတယ်။

ဒုတိယအချက်က စည်ပင်သာယာရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေကို ဥပဒေပြုခွင့်ပေးထားပါတယ်။ ဒါပေမယ့် ဒီနေ့အထိ ကျွန်တော်တို့တိုင်းပြည်မှာကျင့်သုံးနေတဲ့ စည်ပင်သာယာရေး တည်ဆဲဥပဒေတွေနဲ့ပဲ တိုင်းပြည်မှာနိစ္စဓူဝစည်ပင်သာယာရေးကိစ္စတွေကို ဖော်ဆောင်နေတာဖြစ်ပါတယ်။ တတိယအချက်မှာ ရေချိုငါးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေပြုခွင့်ကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို ပေးထား ပါတယ်။ ဒါပေမယ့် ရေချိုလုပ်ငန်းတော့ ထားပါတော့။ ငါးလုပ်ငန်းနဲ့ပတ်သက် တဲ့ လုပ်ငန်းတွေကလည်း လက်ရှိတည်ဆဲ ဥပဒေလုပ်ဆောင်နေတဲ့အတွက် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက လုပ်ပိုင်ခွင့်မရှိသလို ဖြစ်သွားတာပေါ့။

နောက်ဆုံးတစ်ခုဥပမာပြချင်တာက သစ်လုပ်ငန်းဖြစ်ပါတယ်။ သစ်တောနဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာ တည်ဆဲဥပဒေတွေနဲ့ လုပ်နေပါ တယ်။ တစ်ဖက်မှာလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့်ပေးထားတယ်။ ဒါပေမယ့် ကျွန်းသစ်အပါအဝင် သစ်မာမှအပ ကျန်တဲ့ဟာကို တိုင်းဒေသကြီးနဲ့ပြည်နယ် တွေလုပ်ပိုင်ခွင့်ရှိပေမယ့် အဲဒီထဲမှာမှ စာရင်းအရ(၁၅၀) လောက်ပါသွားတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွက် သစ်ကနေ သူတို့ဘဏ္ဍာငွေရဖို့က ဝါးပဲကျန်ပါတော့မယ်။

အဲလိုမျိုး အခြေခံဥပဒေတွေတော့ ကောင်းပါရဲ့၊ ဒါပေမယ့် အဲဒီ ကောင်းတဲ့အခြေခံဥပဒေတွေကို လက်တွေ့ အကောင်အထည်ဖော်ဆောင် တဲ့အချိန်မှာ ကျင့်သုံးတဲ့ဒီတည်ဆဲဥပဒေတွေကို ကျွန်တော်တို့ အရင်ဆုံးစိစစ် ရမယ်။ အဲဒီဟာတွေစိစစ်ပြီးမှ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁)ရယ်၊ (၂)ရယ်၊ (၅)ရယ် ကောင်းကောင်းလုပ်လာတဲ့အခါကျရင် ကျွန်တော်တို့ အဲဒီအခါမှ ဇယား(၁)ကနေ နည်းနည်းများနေမလား၊ ဇယား(၂) ကို ပြောင်းရင် မကောင်းဘူးလား၊ (၂)ကဟာကို(၃)ကိုပြောင်းရင် မကောင်းဘူး လား၊ (၅)ထဲမှာ ဒီ(၁)နဲ့(၂)ကို ဘယ်လိုညှိမလဲဆိုတာကို အခြေခံဥပဒေပြုပြင် နေတဲ့ ကိစ္စတွေကိုလုပ်ဆောင်ရင်တော့ ကျွန်တော်တို့နည်းလမ်းကျတယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့အကောင်းဆုံးသော မြန်မာ ပြည်အတွက် အကောင်းဆုံးသော အခြေခံဥပဒေရှိခဲ့တယ်ဆိုပါစို့၊ အဲဒီဥပဒေ တွေရဲ့အောက်မှာ တည်ဆဲဥပဒေတွေက အလုပ်လုပ်နေတာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့တည်ဆဲဥပဒေတွေကို မပြောင်းနိုင်ဘူးဆိုရင် ဘယ်လိုကောင်းတဲ့ အခြေခံဥပဒေမျိုးဖြစ်စေဖြစ်စေ ကျွန်တော်တို့မှာ မကျေနပ်ချက်တွေကတော့ အမြဲတမ်းရှိနေမှာပဲ။ အဲဒီတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကအသစ်ရေးဖို့ ကျွန်တော်လုံးဝမစဉ်းစားရပါဘူး။ ပြုပြင်ဖို့တောင်မှ နည်းနည်းစောနေလား၊ တည်ဆဲဥပဒေတွေကို အရင်ပြုပြင်ပြီးတော့ အဲဒီအခါကျမှ တည်ဆဲဥပဒေ (၄၀၀) ကျော်နဲ့ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျော ညီထွေရှိတဲ့အခါကျမှ တကယ်တမ်း ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေဟာ တကယ် အလုပ်လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလား၊ ပြည်သူတွေရဲ့ လိုလားချက်ကို တကယ်ဆန္ဒဖြည့်စွမ်းနိုင်သလားဆိုတဲ့ဟာကို သိနိုင်မယ်လို့ ယူဆပါ တယ်။

နောက်ဆုံးအနေနဲ့ပြောချင်တာကတော့ ကျွန်တော်တို့မှာ ပုဒ်မ(၄၄၆) ရှိပါတယ်။ အဲဒီ(၄၄၆)က လက်ရှိတည်ဆဲဥပဒေတွေဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ရင် အတည်ဖြစ်ရမယ်၊ ဆန့်ကျင်ရင် ပျက်ပြယ်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီတဲ့ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ အက်ဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေ၊ ပြန်တမ်းတွေ အများကြီးရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီဟာတွေကို လက်ရှိ အခြေအနေနဲ့ ကိုက်ညီခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးပြီးတော့၊ သုတေသနပြုပြီး တော့ အများပြည်သူသိဖို့၊ လွှတ်တော်တွေသိဖို့၊ အစိုးရတွေသိဖို့၊ တခြား သက်ဆိုင်ရာဌာနအသီးသီးတွေသိဖို့ လုပ်ပေးမယ့် ကော်မရှင်လိုဟာမျိုး တစ်ခုခုလောက်တော့ ကျွန်တော်တို့တိုင်းပြည်မှာ လိုအပ်နေတယ်လို့ ကျွန်တော်တော့ ယူဆပါတယ်။

**ဦးသန်းအောင်။** ဟုတ်ကဲ့ပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ ဒေါက်တာ အင်ဒရူးဆွေးနွေးသွားလိုက်တော့ သယံဇာတနဲ့ ဘဏ္ဍာငွေခွဲဝေမှုနဲ့ ပတ်သက် ပြီးတော့ ဘယ်လိုခွဲဝေသင့်တယ်ဆိုတဲ့ အမြင်လေးကို ကျွန်တော်တို့ မမြင်သေးတဲ့ အပိုင်းတွေလည်း အများကြီးတွေ့ရပါတယ်။ ပြီးတော့ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ကြမလား၊ အသစ်ရေးကြမလားဝိဝါဒကွဲပြားနေတဲ့ အပေါ်မှာလည်း ဆရာ့အမြင်လေးကို ပြက်ပြက်ထင်ထင်မြင်သာတယ်လို့ ကျွန်တော် ယူဆပါတယ်ဆရာ။ ဆက်လက်ပြီးတော့ ဆရာဦးကျော်ဝင်းအနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါဝင်တဲ့ လွှတ်တော်အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါဝင်နေမှုနဲ့ ပတ်သက်ပြီး လက်ရှိ အနေအထားအရ ထားရှိရမယ့် သဘောထားအမြင်လေးနဲ့ပတ်သက်ပြီး ဆရာ့ရဲ့ အမြင်လေးကိုဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျာ။

**ဦးကျော်ဝင်း။** ကျွန်တော် ဉာဏ်မီသလောက် ဆွေးနွေးကြည့်ပါမယ်။ ဒီကိစ္စပြောရရင်တော့ ကျွန်တော်တို့ တိုင်းပြည်တစ်ခုတည်း ကွက်ဖြစ်တာ မဟုတ်ဘူးလို့ထင်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဖြစ်တဲ့ ကိစ္စဖြစ်ပါ တယ်။ သမိုင်းနဲ့ချီပြီးပြောရရင် ကမ္ဘာပေါ်မှာ ကမ္ဘာစစ်ကြီးတွေ မတိုင်ခင်က တော့ တပ်မတော်ဆိုတာ Professional Institution လွတ်လပ်တဲ့ အဖွဲ့ အစည်းတစ်ခုပါ။ Political Metric ရဲ့ အပြင်ဘက်မှာလို့ ပြောလို့ရပါတယ်။ သို့သော်လက်တွေ့မှာ ကမ္ဘာပေါ်မှာ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်လိုက်တော့ တိုင်းပြည်တိုင်းအတွက်က လုံခြုံရေးသည်ပင် နိုင်ငံရေး ဖြစ်လာပါတယ်။ အဲဒီတော့ တပ်မတော်ကိုယ်တိုင်ကလည်း Political Institution အဖြစ် ပြောင်းသွားတာလည်း ရှိတယ်။

ဒါက ကျွန်တော်တို့ကြိုက်ခြင်း၊ မကြိုက်ခြင်းနဲ့ သိပ်မဆိုင်ဘူးလို့ ထင်တယ်၊ အခြေအနေကိုက ဒီလိုဖြစ်လာကြတာ။ စစ်ပြီးခေတ်ရောက်တဲ့အခါ ဒီကိစ္စက တော်တော်များများ၊ အများကြီးစဉ်းစားရမယ့်ကိစ္စဖြစ်တယ်လို့ ထင်ပါတယ်။ နိုင်ငံရေးမက်ထရစ်ထဲမှာ ထဲထဲဝင်ဝင်ပါလာတဲ့တပ်မတော်ကို ဘယ်လိုနေရာချထားကြမလဲ၊ ဒီမိုကရေစီနဲ့ သဟဇာတဖြစ်အောင် ဘယ်လို လုပ်ကြမလဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်လက်လှမ်းမီသလောက် ပထမ ဦးဆုံးထွက်တဲ့ကျမ်း၊ ဒီကျမ်းလို့ပြောနိုင်တဲ့ ၁၉၅၇ ခုနှစ်က ထွက်တဲ့စာအုပ်ထဲ မှာ အဲဒီမှာ ဂျပန်နဲ့ဂျာမနီသွားတဲ့လမ်းကြောင်းဖြစ်ပါတယ်။ သူကတော့ စစ်ဝါဒကိုပြန်လည်ခေါင်းထောင်မလာရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့တပ်မတော် ကို Political Metric အပြင်ဘက်မှာ ထားတဲ့၊ တတ်နိုင်သလောက် မဖွံ့ဖြိုး အောင် ရည်ရွယ်ချက်ရှိရှိလုပ်ထားတဲ့သဘောရှိပါတယ်။

စောစောက ဖက်ဆစ်ဝါဒ၊ စစ်ဝါဒပြန်မပေါ်ရေးဆိုတဲ့ ရည်မှန်းချက် အောင်မြင်ပေမယ့် လုံခြုံရေးဘက်ကကြည့်ရင် ဂျပန်ကော၊ ဂျာမနီရောဟာ စစ်အေးခေတ်တစ်လျှောက်လုံးမှာ လုံခြုံရေးအားအနည်းဆုံးဖြစ်နေတယ်။ ကိုယ်ပိုင်လုံခြုံရေးအင်အားမရှိဘဲနဲ့ အမေရိကန်ထီးရိပ်ကို တစ်ဖက်သတ် မှီခိုနေရတဲ့ အနေအထားရှိပါတယ်။ အကျိုးဆက်အနေနဲ့ သူကစီးပွားရေးအရ စူပါပါဝါအဖြစ်တတ်နိုင်ပေမယ့် တကယ်စူပါပါဝါအဆင့် နှစ်နိုင်ငံစလုံး ရောက်မလာဘူး။

တပ်ကိုလွတ်လပ်တဲ့ Autonomous Institution တစ်ခုအနေနဲ့ ထား သင့်တယ်။ အဲဒီဘောင်ထဲမှာပဲ အမေရိကန်ရဲ့ပေါ်လစီမှာ ဒီ Impact တွေ တော်တော်ပါတယ်လို့ ထင်ပါတယ်။

ကျွန်တော်နားလည်သလောက် ပြောရရင် အမေရိကမှာ Election နဲ့ မဟုတ်ဘဲနဲ့ Official Organization အရ ခွင့်ပြုထားတဲ့အဖွဲ့အစည်းသုံးခု ရှိတယ်လို့ ထင်ပါတယ်။ တစ်ကတော့ တပ်မတော်၊ ပင်တဂွန်ပေါ့။ နောက် တစ်ခုကတော့ ရှေ့နေချုပ်၊ နောက်တစ်ခုက ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဲဒါက အမေ ရိကန်ဖွံ့ဖြိုးတိုးတက်မှုမှာ အားသာချက်လို့ သုံးသပ်ကြတာတွေလည်းရှိတယ်။ ဒါက တပ်ကိုဘယ်လိုနေရာချထားမလဲဆိုတဲ့ဟာပေါ့။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့ လွတ်လပ်ခါစဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် တိုက်ရိုက်သက်ဆိုင်တာ သိပ်မတွေ့ဘူး။ ကျွန်တော်တို့ကျတော့ ဒီပြင်နိုင်ငံတွေရဲ့တပ်မတော်တွေနဲ့ ကို မတူဘူး။ ကျွန်တော်တို့ရဲ့ တပ်မတော်တွေက အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုနဲ့အတူ ပေါ်ပေါက်လာတာတွေများတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တပ်မတော်ဆိုရင် ၁၃၀၀ ပြည့်မှာ သန္ဓေတည်တယ်၊ ဘီအိုင်အေခေတ်မှာ စမွေးဖွားလာတယ်။

ဖက်ဆစ်တော်လှန်ရေးနဲ့အတူ အရွယ်ရောက်တယ်။ စဖွဲ့ကတည်းက Volunteer ပုံစံဖြစ်တယ်။ လွတ်လပ်ရေးရပြီးတဲ့အခါမှာလည်း ကျွန်တော်တို့လို နိုင်ငံတွေမှာ ပြည်တွင်းစစ်တွေနဲ့ကြုံရတယ်။ စစ်ဖြစ်နေတဲ့ တိုင်းပြည် တစ်ပြည်မှာဆိုရင် တပ်မတော်ရဲ့ အခန်းကဏ္ဍကအရေးကြီးတယ်။ ကျွန်တော်တို့အိမ်နီးနားချင်းတွေ ပြန်ကြည့်ရင် ထိုင်းပဲဖြစ်ဖြစ်၊ တောင်ကိုရီးယားပဲဖြစ်ဖြစ်၊ အင်ဒိုနီးရှားပဲကြည့်ကြည့် တိုင်းပြည်တွေ ရဲ့အပြောင်းအလဲမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍက ထဲထဲဝင်ဝင်ပါနေ တာတွေ့ရတယ်။ သူတို့လည်း ဒီလိုပဲလို့ ထင်ပါတယ်။

ဒါပေမယ့် ၁၉၈၉ ခုနှစ်နောက်ပိုင်း တိတိကျကျပြောရရင် ဘာလင် တံတိုင်းပြိုပြီးနောက်ပိုင်း ပညာရှင်တွေသတ်မှတ်တာက အပြောင်းအလဲ သုံးခုဖြစ်လာတယ်၊ တစ်ကတော့ ဒီမိုကရေစီစနစ်ဟာ တစ်ကမ္ဘာလုံး သဘောဆောင်လာတယ်၊ နိုင်ငံအားလုံးက ဒီမိုကရေစီစနစ်ကို ဦးတည်လာတယ်။ နှစ်ကတော့ ဆိုဗီယက်ကွန်မြူနစ်ဝါဒ ကျဆုံးသွားတယ်။ သုံးက စစ်အေးပြီးသွားတယ်။

ဒီလိုအခြေအနေသစ်တွေအောက်မှာ တပ်တွေဘယ်လိုပြန်ပြီးတော့ နေရာချကြမလဲဆိုတဲ့ ခေါင်းစဉ်ကလည်း Current Affair လို့ထင်ပါတယ်။ တစ်ချိန်ကတော့ စစ်အေးရဲ့အထွတ်အထိပ်ကာလပေါ့။ ၁၉၆၀ ပြည့်လွန် နှစ်ကာလဆိုတော့ ကျွန်တော်တို့နိုင်ငံတွေတင်မကပါဘူး။ လွတ်လပ်ခါစ နိုင်ငံတော်တော်များများနိုင်ငံတွေမှာ စစ်ဘက်အာဏာသိမ်းမှုတွေရှိခဲ့တာ ကိုး။

သို့သော် အခုစစ်အေးလွန်ခေတ်နောက်ပိုင်းရောက်တော့ တပ်ကို Professional Institution ဖြစ်အောင် ဘယ်လိုနေရာချကြမလဲ။ ဒီကိစ္စတွေ ကလည်း အတော်အရေးကြီးလိမ့်မယ်ထင်ပါတယ်။ သိပ်မကြာသေးခင်က ဖတ်ရတဲ့ စာအုပ်တစ်အုပ်ဆိုရင် ဒါနဲ့အများဆုံးသက်ဆိုင်ပါတယ်။ အဲဒီ စာအုပ်ထဲမှာ ကျွန်တော်တို့နဲ့ တော်တော်အသွင်သဏ္ဌာန်တူတဲ့ အာရှနိုင်ငံ တွေနဲ့ လက်တင်အမေရိကနိုင်ငံတွေရဲ့ အပြောင်းအလဲတွေလည်းပါတယ်။ ရည်ရွယ်ချက်ကတော့ တပ်ကို Professional Institution ဖြစ်အောင်၊ ဒီမို ကရေစီနဲ့ သဟဇာတဖြစ်အောင် ဘယ်လိုနေရာချထားကြမလဲဆိုတဲ့ ကိစ္စတွေ ပေါ့။

အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့က တပ်မတော်အစိုးရက နေပြီးတော့ အရပ်ဘက်အစိုးရပြောင်းရေးအတွက် လိုအပ်ချက်အရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာရတာကိုး။ သို့သော် အဲဒီမှာ အငြင်းပွား ကြတဲ့ ပြဿနာတစ်ခုကတော့ ၂၅ ရာခိုင်နှုန်းပေါ့။ ဒါကလည်း စောစောက ဟာတွေနဲ့ ဆက်စပ်ပြီးတော့ လိုအပ်ချက်အရကိုက တပ်က Political Institution ဖြစ်တယ်။ နောက်တစ်ခုက ကျွန်တော်တို့တိုင်းပြည်မှာ အခုထိ လည်းပြန်ပေါ်နေတာ လက်နက်ကိုင်အင်အားစုတွေထဲက အင်အားအကြီး ဆုံးလို့ဆိုရမယ့် ဗမာပြည်ကွန်မြူနစ်ပါတီတော့မရှိတော့ပါဘူး။ အဲဒီအနေ အထားမှာတောင် လက်နက်ကိုင်အင်အားစုပေါင်းလိုက်ရင် တစ်သိန်း အထက်မှာရှိတယ်လို့ ကျွန်တော်ကြားဖူးတယ်။ လူဦးရေနဲ့အချိုးချကြည့်ရင် လက်နက်ကိုင်တိုင်းရင်းသားတွေ တော်တော်များနေသေးတဲ့ တိုင်းပြည် ဖြစ်ပါတယ်။ ဒီအချိန်မှာတပ်က လုံခြုံရေးအကြောင်းပြချက်ဟာ ကျွန်တော် တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒါဟာ မှန်းလို့တော်တော် ခက်တယ်ပေါ့။ နောက်ပြီး နှစ်ပေါင်းရာစုနှစ်တစ်ဝက်လောက် အဆက်ပြတ် နေတဲ့ ဒီမိုကရေစီစနစ်ကို ပြန်အသက်သွင်းရတာ။ Constitution အသက် ဝင်တာကလည်း အခု (၂) နှစ်ခွဲလောက်ပဲ ရှိသေးတယ်။ လ ၃၀ သာသာ လောက်ပဲရှိသေးတယ်။ အပြည့်အဝ Function မဖြစ်သေးတာလည်း ဝန်ခံရမှာပဲထင်တယ်။

နိုင်ငံတော်သမ္မတကြီးပြောတဲ့အထဲမှာလည်း ပါပါတယ်။ ဒီပွတ်တိုက် မှုတွေ ရှိနေဆဲဆိုတာ။ ကျွန်တော်တစ်ဦးချင်းအမြင်အရတော့ Constitution ဟာ အပြည့်အဝ Function မဖြစ်သေးတာနဲ့ပဲဆိုင်မယ်ထင်ပါတယ်။ ဒါက ဒုတိယအချက်ပေါ့။ နောက်တစ်ချက်ကတော့ ကုန်ခဲ့တဲ့လပေါင်း ၃၀ ကိုပဲပြန်ကြည့်။ စိန်ခေါ်ချက်တွေက မျှော်မှန်းထားတာထက်အများကြီး ပိုများတယ်။ ဒီလိုအခြေအနေမျိုးအောက်မှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို ဖယ်ရှားရေးဟာ ဘယ်လိုစိန်ခေါ်မှုတွေ ဖြစ်စေနိုင်မလဲ။ နောက် Constitution ဆိုတာဟာ ရေးဆွဲတဲ့ကာလတစ်ခုမှာရှိတဲ့ နိုင်ငံရေး အင်အားစုတွေအားလုံး အလုပ်လုပ်လို့ရအောင် ကြားအဖြေတစ်ခုကို ထားရ တဲ့ အခြေအနေတစ်ခုလို့ထင်ပါတယ်။ အဲဒီတော့ ဒီမိုကရေစီနှုန်းစံတွေနဲ့ ကြည့်ရင်တော့လိုအပ်ချက်တွေရှိကောင်းရှိမှာပေါ့။ ကျွန်တော်တို့ကိုပဲ မကြည့်နဲ့။ ဒီနေ့ ဒီမိုကရေစီအရင့်ကျက်ဆုံးဆိုတဲ့ အမေရိကန်နိုင်ငံကိုပဲ ကြည့်ရင် ဒီမိုကရေစီစံအရကြည့်ရင် အားနည်းချက်တွေရှိမှာပဲ။ လူ့ယဉ်ကျေးမှုနဲ့ သိပ်မအပ်စပ်တဲ့ ကျွန်စနစ်တောင်ရှိသလောက်ရှိခဲ့သေး တာ။

ဒါကြောင့် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သားကိုယ်စားလှယ်ကို ထည့်ထားတာလည်း လိုအပ်ချက်အရ ထည့်ထားတာလို့မြင်ပါတယ်။ တစ်သက်လုံး ရာသက်ပန်ထည့်မယ့် အနေအထားမရှိဘူးလို့ ကျွန်တော် နားလည်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ပြန်ဖတ်ကြည့်တော့ ပြည်သူ့ လွှတ်တော်ဖွဲ့စည်းပုံထဲမှာ ၁၁၀ ထက်မပိုသော တပ်မတော်သား ကိုယ်စား လှယ်ဆိုပြီး ပါထားတယ်။ ၂၅ ရာခိုင်နှုန်းထက် မပိုသောဆိုတော့ ဒါဟာ အလွန်ဆုံးပါဝင်မှုပဲ၊ ဒီထက်မပိုတော့ဘူး၊ လိုအပ်ရင် လျှော့ချင်ရင် လျှော့သွားမယ့် သဘောလို့ ယူလို့ရမယ်ထင်ပါတယ်။

အမျိုးသားညီလာခံ ကာလကလည်း ကျွန်တော်မှတ်မိနေတာတစ်ခုက ချင်းက တစ်သီးပုဂ္ဂလကိုယ်စားလှယ်က တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဆိုတဲ့ဟာကို လက်ရှိတော့ လက်ခံပြီးတော့ တဖြည်းဖြည်းနဲ့ အခြေအနေကြည့်ပြီးတော့ လျှော့ချမယ်ဆိုတာ ဆွေးနွေးခဲ့တာ မှတ်မိနေ ပါတယ်။ သိပ်မကြာသေးခင်က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လည်း ဒီသဘောတွေ ပြောခဲ့တာရှိတော့ ဒါတွေက တဖြည်းဖြည်းနဲ့ လျှော့သွားမယ့် အခြေအနေရှိတယ်လို့ထင်ပါတယ်။ လောလောဆယ် လျှော့ချဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်။ အခုလက်ရှိ အခြေအနေအရတော့ သိပ်များ စောနေဦးမလား။ တစ်ချိန်မဟုတ်၊ တစ်ချိန်တော့ ရှိလာနိုင်ပါတယ်။ လျှော့ချဖို့ဆိုရင် ကျွန်တော် စဉ်းစားမိသလောက် အခုရှိနေတဲ့ ပြည်တွင်းစစ် ရပ်ဖို့လိုတယ်။ တိုင်းပြည်ငြိမ်းချမ်းရေးရဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးလိုအပ်ချက် ညှိယူရတာ တော်တော်လျှော့သွားမယ်။ နံပါတ်နှစ်က တော့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ အပြည့်အဝ Function ဖြစ်အောင် ဝိုင်းကြိုးစားရဦးမယ် ထင်တယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုအရ ကြည့်ရင် ယုံကြည်မှုက အားနည်းတော့ မြန်မာနိုင်ငံရေးသမိုင်းမှာ မကွဲဘူးတဲ့ နိုင်ငံ ရေးပါတီမရှိဘူး။ ဂိုဏ်းဂဏသဘောမကွဲကြသည့်တိုင် ပွတ်တိုက်မှုတွေ ကတော့ အများကြီး။ ဒီအချိန်မှာ Balancing Power အင်အားချိန်ခွင်လျှာ ထိန်းနိုင်တဲ့အဖွဲ့အစည်းတစ်ခုရှိဖို့ မလိုပေဘူးလား။

နောက်တစ်ချက်ကတော့ ဒီမိုကရေစီရင့်ကျက်လာတာနဲ့ အမျှ၊ Constitution Function ဖြစ်လာတာနဲ့ အမျှ ဒီ ၂၅ ရာခိုင်နှုန်းသော တပ်မတော် သားကိုယ်စားလှယ်လျှော့ချရေးဟာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ထင်ပါ တယ်။ လောလောဆယ်က စောသေးတယ်လို့ထင်တယ်။ အခြားမလိုလား အပ်တဲ့ ဘေးထွက်ဆိုးကျိုးကို ဖိတ်ခေါ်သလိုလည်း ဖြစ်သွားနိုင်တယ်လို့ ထင်ပါတယ်။ ဒါက ၂၅ ရာခိုင်နှုန်းနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့ နားလည် ချက်ပါ။ အိမ်နီးချင်းတွေ ပြန်ကြည့်ရင်လည်း ဒီသဘောတွေ အများကြီး တွေ့ရတယ်လို့ ထင်ပါတယ်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံဆိုရင် ၁၉၈၈ ခုနှစ် လောက်အထိ ၄၀ ရာခိုင်နှုန်းထားတယ်၊ ကျွန်တော်တို့ကမှ ၂၅ရာခိုင်နှုန်း ထားတယ်။ ၁၉၈၉ ခုနှစ် ရောက်မှ ၂၅ ရာ ခိုင်နှုန်းဖြစ်သွားတယ်။ ဘယ်တော့ မှ အပြီးလျှော့သလဲ ဆိုတော့ ၂၀၀၄ ခုနှစ်မှ လျှော့တယ်။ အဲဒီမှာလည်း ပြန်ကြည့်ရင် အာချေးပြဿနာပြီးတော့မှ ဖြစ်တယ်။ အခုကျွန်တော်တို့က ပြည်တွင်းစစ်က ရှိနေဆဲ။ အခုပြည်တွင်းစစ်ရပ်စဲရေးအတွက် အစိုးရသစ် လက်ထက်မှာ ထိထိရောက်ရောက်ကြိုးစားနေတာလည်း အမှန်ပါ။ သို့သော် တစ်ပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးမဖြစ်သေး ဘူး။

ပြီးရင်လည်း နိုင်ငံရေးဆွေးနွေးပွဲလုပ်ရဦးမယ်။ အားလုံးသဘော တူညီမှုရ မရဆိုတာ ကံသေကံမ မပြောနိုင်သေးဘူး။ တော်တော်များများ ရဖို့တော့ ရှိပါတယ်။ အခုလိုအခြေအနေမှာ အခုကိစ္စကိုစဖို့မသင့်သေးဘူး လို့တော့ ထင်ပါတယ်။

Constitution ဆိုတဲ့သဘောကလည်း ဘယ် Constitution မှ ပြီးပြည့်စုံ တယ်လို့မရှိပါဘူး။ ဒီလိုပဲ ပြင်ရင်းပြင်ရင်းနဲ့ ကောင်းသွားကြတဲ့ သဘောရှိပါ တယ်။ တစ်ခါပြန်ကြည့်ရင် ကျွန်တော်တို့ရဲ့ Constitution မှ မဟုတ်ပါဘူး။ တခြား Constitution လည်း ဒီအတိုင်းပဲ။ ပြင်လိုက်ပေမယ့် ပြီးပြည့်စုံ သွားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သက်တမ်းအတွင်းမှာ လိုအပ်ချက်တွေ အားလုံး ပြင်နိုင်သည်ပဲထားဦး၊ ကျွန်တော်တို့သားသမီးတွေ လက်ထက်မှာ နောက်ထပ်ပြင်စရာတွေ ပေါ်ကောင်းပေါ်လာမှာဖြစ်ပါတယ်။ ကျွန်တော်နားလည်သလောက်ကတော့ Constitution ဆိုတာ Generation အလိုက် လိုအပ်ချက်တွေကို ပြင်ပြင်သွားကြရတာမျိုးလို့ ထင်ပါတယ်။

Constitution ဆိုတဲ့သဘောကလည်း ဘယ် Constitution မှ ပြီးပြည့်စုံ တယ်လို့မရှိပါဘူး။ ဒီလိုပဲ ပြင်ရင်းပြင်ရင်းနဲ့ ကောင်းသွားကြတဲ့ သဘောရှိပါ တယ်။ တစ်ခါပြန်ကြည့်ရင် ကျွန်တော်တို့ရဲ့ Constitution မှ မဟုတ်ပါဘူး။ တခြား Constitution လည်း ဒီအတိုင်းပဲ။ ပြင်လိုက်ပေမယ့် ပြီးပြည့်စုံ သွားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သက်တမ်းအတွင်းမှာ လိုအပ်ချက် တွေအားလုံး ပြင်နိုင်သည်ပဲထားဦး၊ ကျွန်တော်တို့သားသမီးတွေ လက်ထက် မှာ နောက်ထပ်ပြင်စရာတွေ ပေါ်ကောင်းပေါ်လာမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း Constitution ထဲမှာ တရားဝင်ပြင်ဆင်ရေးဆိုတဲ့ အပိုဒ်ကို ထည့်ထားကြဟန်တူပါတယ်။ အခု ခက်နေတာက ကျွန်တော်တို့က ဘာမှအသားမကျသေးတော့ အလွန်နုနယ်သေးတဲ့အချိန်မှာ လုံးဝဖျက်၊ အသစ်ရေးဆိုတော့ တော်တော်အန္တရာယ်များတယ်လို့ထင်တယ်။ အဲဒီ တော့ ဆရာတို့ကျတော့ ဥပဒေပညာရှင်အနေနဲ့ ဥပဒေရှုထောင့်က ဘယ် လိုမျိုးဆိုးကျိုးတွေပေါ်နိုင်မလဲ။ ဒါလေးကို ဆရာတို့က ဆက်ဆွေးနွေးပေး စေချင်ပါတယ်။

*ဆက်လက်ဖော်ပြပါမည်*

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❖ **ဒေသအကျိုးမှ**

စီမံကိန်းဒေသပတ်ဝန်းကျင်ကျေးရွာများမှ နေ့စား ဝန်ထမ်းခန့်အပ်၍ အလုပ်အကိုင် ပေးထားသည့် ဒေသခံအမျိုးသမီးများ၏ စက်ချုပ်လုပ်ငန်းဆောင်ရွက် နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် စက်ရုံအစည်းအဝေးခန်းမ၌ ဒေသလူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် CSD အဖွဲ့များ၊ ဒေသခံပြည်သူလူထုများနှင့်တွေ့ဆုံ၍ မိမိတို့အနေဖြင့် အစီရင်ခံစာအပေါ် အကောင်အထည် ဖော်ဆောင်ရွက်မည့် ကော်မတီ စတင်ဖွဲ့စည်းပြီးချိန်မှစ၍ ဒေသခံပြည်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ပြီး ဒေသအကျိုးစီးပွားအတွက် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင် ခံစာတွင် ကြေးနီစီမံကိန်းအား နိုင်ငံတော်၏ အကျိုး စီးပွား၊ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွား၊ အနာဂတ် မျိုးဆက်အတွက် အကျိုးစီးပွားများကို အစီအမံများ ချမှတ်ပြီး စီမံကိန်းကို ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်စေသင့်သည်ဟု အကြံပြုချက်များ နှင့်အညီ မိမိတို့ အကောင်အထည်ဖော်ရေးကော်မတီ သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံ ပြည်သူလူထုနှင့်အတူ အောင်မြင်မှုရရှိသည်အထိ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ထွက်ရှိသည့် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင် ဒေသခံပြည်သူလူထုအနေဖြင့် လည်း အကျိုးခံစားမှုများ ရရှိခံစားရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်မှသာ ဒေသခံ ပြည်သူများကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်မည် ဖြစ်ပြီး မြေယာသိမ်းဆည်းခံရသူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တိုင်းဒေသကြီး အစိုးရ အဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေ အနေများကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကို အလေးထား၍ စီမံကိန်းနယ်မြေဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသခံပြည်သူများမှ ပူးပေါင်းဆောင်ရွက်ကြ စေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်းက စီမံကိန်းလုပ်ငန်းကြီးများအတွက် မရှိမဖြစ်လိုအပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှု စီးပွားအကျိုးသက်ရောက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်အောင်က စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင် ခံစာအပါ အကြံပြုချက်အတိုင်း စာချုပ်အသစ် ပြန်လည် ချုပ်ဆိုပြီးစီးမှုအပေါ် လွှတ်တော်၊ သတင်းမီဒီယာများနှင့် ဒေသခံပြည်သူလူထုများသို့ သိသင့်သိထိုက်သည်များ ကို ချပြရှင်းလင်းဆွေးနွေးဆောင်ရွက်ခဲ့သည့် အခြေ အနေများကိုလည်းကောင်း၊ စာချုပ်ချုပ်ဆိုခြင်းကြောင့် နိုင်ငံတော်အတွက်ရရှိနိုင်မည့် အကျိုးအမြတ်များကို လည်းကောင်း၊ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပေါ် ပြည်ထောင်စုဝန်ကြီးဌာန အနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ ကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြ သည်။

ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက် ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်များဖြစ်သည့် ဒုတိယ ဝန်ကြီးများ၊ အဖွဲ့ဝင်များမှ သက်ဆိုင်ရာအဖွဲ့လိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူလူထုများက ၎င်းတို့ လတ်တလောကြုံတွေ့နေရ သည့် အခက်အခဲများ၊ လိုအပ်ချက်များ၊ သိရှိလိုသည် များကို တင်ပြမေးမြန်းဆွေးနွေးရာ ကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသခံ ပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခု တွေ့ဆုံပွဲသို့ ဒေသခံပြည်သူများမှ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါ ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် တင်ပြချက်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များကို ဆောင် ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်ယူဖြေရှင်းဆောင်ရွက် ပေးရမည့်ကိစ္စများကို ဆက်လက်ဖြေရှင်းပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင် ရွက်ပေးရမည့် လုပ်ငန်းများအပေါ် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ ဒေသအကျိုးနှင့်နိုင်ငံအကျိုးစီးပွားအတွက် မိမိတို့နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

သင့်စီးပွားရေးတိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်သည် အောက်တိုဘာ ၁၃ ရက်မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ကြက်ပြစ်ကျေးရွာသို့သွားရောက်ပြီးအမှတ်(၁)ခရိုင်ချင်းဆက်လမ်း၊ ဇရပ်ကုန်း-စကားအင်း အပိုင်းလမ်းပိုင်းအား ကြည့်ရှုစစ်ဆေးကာ မြို့နယ်အချင်းချင်း ဆက်သွယ်ပေးသည့်လမ်းများကို ပြည်ထောင်စုလမ်းမကြီးအဖြစ်နှင့် ကျေးရွာအချင်းချင်း ဆက်သွယ်ပေးသည့် လမ်းများကို ခရိုင်ချင်းဆက်လမ်း အမှတ် (၁)(၂)(၃) များအဖြစ်ဖောက်လုပ်ပေးခဲ့ပြီး လမ်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် လုပ်ဆောင်သွားရေးနှင့် ကုန်စည်စီးဆင်းမှုအတားအဆီးအဟန့်အတားများ ကန့်သတ်ချက်များကို အထိုက်အလျောက်ဖြေလျှော့ပေးသွားရန် မှာကြားသည်။

ယင်းနောက် ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး၌ ဆိပ်ဖြူနှင့် ချောင်းမြို့နယ်တို့ရှိ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သန့်ရှင်းသည့်သောက်သုံးရေရရှိရေး၊ ကျေးရွာမီးလင်းရေးလုပ်ငန်းများနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆိပ်ဖြူမြို့နယ် မြေကြမ်းတောကျေးရွာ၊ ငွေးပင်ကျေးရွာ၊ ထန်းပင်ချောင်ကျေးရွာ၊ အရှေ့အောက်ကံတွင်းကျေးရွာ၊ ဒေါ်သာကျေးရွာ၊ ကန်စွန်းမကျေးရွာ၊ မြစ်ခြေကျေးရွာ များသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့် ကျေးလက်လူငယ်များ ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း၊ အဆိုပါကျေးလက်များအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သော သင်တန်းများဖွင့်လှစ်သင်ကြားပေးသွားကာ ရရှိလာသော ကျေးလက်လူငယ်စွမ်းအားများဖြင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားကာ ကျေးရွာများ ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆီးဂိမ်းအကြို တစ်ကိုယ်တော်လမ်းလျှောက်သူ ထားဝယ်ရောက်

**သရက်ချောင်း အောက်တိုဘာ ၁၆**

ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော် (ဆီးဂိမ်း)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပွဲတော်ကျင်းပရာ နေပြည်တော်အထိ ခြေကျင်လမ်းလျှောက်သည့် ဦးအောင်သူ(မြိတ်)သည် အောက်တိုဘာ ၁ ရက်က ကော့သောင်းမြို့ ဘုရင့်နောင်အငူမှစတင်ထွက်ခွာလာရာ အောက်တိုဘာ ၁၅ ရက်မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ရောက်ရှိ၍ တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးတင်စိုးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ပန်းစည်းပန်းကုံးများဖြင့် ကြိုဆိုခဲ့ကြသည်။

ထို့နောက် ထားဝယ်မြို့မှ အောက်တိုဘာ ၁၆ ရက် နံနက် ၆ နာရီတွင် ထွက်ခွာခဲ့သည်။ တစ်ကိုယ်တော်လမ်းလျှောက်သူ ဦးအောင်သူ (မြိတ်)သည် ဒုတိယအကြိမ်မြောက် လမ်းလျှောက်ခြင်းဖြစ်ကြောင်းသိရသည်။**(ကျော်ကျော်လတ်)**

# အမှတ်တရပစ္စည်းများအား ပြတိုက်ဖွင့်လှစ်ထားရှိသွားမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

(၈၈) မျိုးဆက်သစ် ကျောင်းသားဟောင်းများ၏ အမှတ်တရပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များကို ပြတိုက် တစ်ခုဖွင့်လှစ်၍ ထားရှိသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက်တွင် (၈၈)မျိုးဆက်သစ်ကျောင်းသားရုံးမီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ ပြတိုက်ကို ရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် စတင်သွားမည်ဖြစ်ပြီး နောင်လာနောက်သားများ ကြည့်ရှုနိုင်ရန်နှင့် အမှတ်တရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းသို့(၈၈)မျိုးဆက်သစ်ကျောင်းသားများ၏ အမှတ်တရပစ္စည်းများ ထားရှိရန် ပြတိုက်ဆောက်လုပ်ရာတွင် ပြတိုက်ဖြစ်မြောက်ရေး ပြတိုက်ကော်မတီဝင်များက လုပ်ဆောင်သွားမည်ဖြစ်ပြီး (၈၈) ငွေရတု အထိမ်းအမှတ်နေ့တွင် ပြတိုက်တည်ဆောက်ရန် စတင်အကောင်အထည်ဖော်ဖြစ်ခဲ့ကြောင်းသိရသည်။

**(ကေသိန်းဆွေ)**

# ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်များဆိုင်ရာ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ယမန်နေ့မွန်းလွဲ ၂နာရီတွင် Global Witness အဖွဲ့မှ Mr.Mike Davis, Senior Advisor ဦးဆောင်သော အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** Mr.Mike Davis က မိမိတို့အဖွဲ့အစည်းသည် တစ်ကမ္ဘာလုံးရှိ နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့ သတ္တုတွင်းထွက်များနှင့်ပတ်သက်ပြီး သုတေသနလုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိသတ္တုတွင်းများနှင့် ပတ်သက်ပြီး တည်ဆဲဥပဒေများကို မည်ကဲ့သို့ရေးဆွဲနေကြောင်းနှင့် Transparency နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံတွင် မည်သို့ဆောင်ရွက်နေကြောင်း မေးမြန်းရာ ပြည်ထောင်စုရှေ့နေချုပ်က တည်ဆဲဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ စတင်ရေးဆွဲပြီး မိမိတို့ရုံးအနေဖြင့် ၎င်းဥပဒေများကို စိစစ်ရကြောင်း။

ပြည်ပနိုင်ငံတကာ ဥပဒေပညာနှီးနှောဖလှယ်ပွဲတွင် မိမိကိုယ်တိုင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာအဆင့်ရှိ Seminar ၁၆ ခု ပြုလုပ်ခဲ့ကြောင်း၊ ဥပဒေဘာသာရပ်ပေါင်းစုံကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မကြာခင်မှာ ပြည်တွင်း၌လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းပြီး Oil and Gas နှင့်ဆက်စပ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# အရောင်းအဝယ်သွက်နေသော ရွှေဈေးကွက် ဈေးဆက်ကျရန် မျှော်မှန်းထားဟုဆို

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်ရွှေဈေးကွက်တွင် ယခုအခါ ဈေးနှုန်းကျဆင်းမှုများနှင့်အတူ အရောင်းအဝယ်သွက်နေပြီး ဆက်လက်၍ ဈေးကျဆင်းမည့်အခြေအနေမျိုး ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

"အရောင်းအဝယ်သွက်တယ်ဆိုတာကလည်း ရိုးရာပွဲလမ်းသဘင်အလှူတွေမှာ ဝတ်ဆင်ဖို့ဝယ်ယူတာတွေကြောင့်ရယ်၊ တချို့ကျတော့ အမြင့်ဈေးနဲ့ထုတ်ရောင်းထားတဲ့သူတွေက အခုလိုဈေးနိမ့်တဲ့အချိန် ပြန်ဝယ်ကြတာတွေလည်းရှိတယ်၊ ဝယ်လိုအားများတယ်၊ အဝယ်လိုက်တယ်ပေါ့" ဟု ၎င်းကရှင်းပြသည်။

မြန်မာ့ရွှေဈေးကွက်၏ ဈေးနှုန်းအတက်အကျပြောင်းလဲမှုသည် ကမ္ဘာ့ရွှေဈေး ပြောင်းလဲမှုပေါ်မူတည်ဖြစ်ပေါ်နေပြီး ယခုလိုဆက်သွယ်ရေးစနစ်များကောင်းမွန်ကာ ဈေးကွက်သတင်းများ အလွယ်တကူရရှိချိန်တွင် ကမ္ဘာ့ရွှေဈေး ပြောင်းလဲမှုအတွက် အချိန်ကွာခြားခြင်းမရှိဘဲ မြန်မာ့ရွှေဈေးလည်းလိုက်ပါပြောင်းလဲနေကြခြင်းဖြစ်သည်ဟု သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် လွန်ခဲ့သောလများက စံချိန်တင်အောင်မြင်ခဲ့ဖူးသောအခြေအနေမှ ယခုနောက်ပိုင်း အမေရိကန်အစိုးရ၏ငွေကြေးခိုင်မာမှုအာမခံအတွက် ကြေညာချက်ထွက်ပေါ်ပြီးနောက် ကမ္ဘာ့ရွှေဈေးကျဆင်းလာခဲ့ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

ထို့ကြောင့် ယခင်က ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၂၉၅ ဒေါ်လာအထိဖြစ်ခဲ့သောအခြေအနေမှ လွန်ခဲ့သောအပတ်တွင် ၁၂၈၅ ဒေါ်လာသို့ကျဆင်းလာပြီး အောက်တိုဘာ ၁၅ ရက်တွင် ၁၂၇၂ ဒသမ ၆ ဒေါ်လာ သို့ကျဆင်းလာခဲ့ကြောင်း၊ မြန်မာ့ရွှေဈေးသည်လည်း အကယ်ဒမီမီးလင်းရွှေအခေါက် တစ်ကျပ်သားလျှင် လွန်ခဲ့သည့်သီတင်းပတ်က ၆၈၅၈၀၀ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၁၅ ရက်တွင် ကျပ် ၆၈၁၁၀၀ ဝန်းကျင်သို့ ကျဆင်းလာကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးနဲ့ယှဉ်ရင် မြန်မာ့ရွှေဈေးက ငွေတစ်သောင်းကျော်လောက်မြင့်နေသေးတယ်၊ ဒါကြောင့် လာမယ့် ကာလကိုခန့်မှန်းရရင် ဈေးနှုန်းက အကျဘက်ကိုပဲ ဦးတည်နေတယ်လို့ပြောလို့ရတယ်" ဟု ၎င်းကဆက်လက်ခန့်မှန်းပြောပြခဲ့သည်။

**ထက်ခိုင်(စမ်းချောင်း)**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ ဖျော်ဖြေရေးအစီအစဉ်များ စွမ်းရည်ပြလေ့ကျင့်

**နေပြည်တော် အောက်တိုဘာ ၁၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ကြမည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ တပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)နှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ နေပြည်တော် ကောင်စီနယ်မြေရှိ ကျောင်းသားကျောင်းသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်နှင့် အနုပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ အနုပညာရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဖျော်ဖြေရေးအဖွဲ့ဝင်များ၊ ပြင်ပအနုပညာရှင်များ စုစုပေါင်း ၇၈၃၃ ဦးတို့သည် အောက်တိုဘာ ၁၃ ရက် ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ စွမ်းရည်ပြစုပေါင်းလေ့ကျင့်ကြရာ**(ယာပုံ)**ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ-ဟောင်ကောင် အမျိုးသားချစ်ကြည်ရေး ခရစ်ကက် ဒုတိယပွဲစဉ် မြန်မာအသင်းအနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာ-ဟောင်ကောင် အမျိုးသား ချစ်ကြည်ရေး ခရစ်ကက်အားကစား ပွဲ၏ ဒုတိယပွဲကို အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေပင်လုံ ခရစ်ကက်အားကစားကွင်း၌ ကျင်းပရာ မြန်မာလူငယ်လက်ရွေးစင် ခရစ်ကက်အသင်းက အနိုင်ရရှိသွားသည်။

ချစ်ကြည်ရေး ဒုတိယပွဲစဉ်သို့ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်၊ အထွေထွေ အတွင်းရေးမှူး ဦးကြည်မင်းနှင့် အမှုဆောင်များ၊ ဟောင်ကောင်ခရစ်ကက်အသင်း ခေါင်းဆောင် Mr.Rodney Miles၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အားကစားဝါသနာရှင်များ တက်ရောက် အားပေးကြသည်။

ချစ်ကြည်ရေး ဒုတိယပွဲစဉ်တွင် မြန်မာလူငယ်လက်ရွေးစင် ခရစ်ကက်အသင်းနှင့် ဟောင်ကောင်ခရစ်ကက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ(In T.20 Match Hong Kong Make 45 Ran Allouts Myanmar Won by 9-Wickets) မြန်မာအသင်းက အနိုင်ရရှိသွားသည်။

ယင်းပွဲတွင် Man of the Match ဆုကို မြန်မာအသင်းမှ အေးမင်းသန်း (by 4 Wickets)က ရရှိသွားသည်။ မြန်မာ-ဟောင်ကောင်ချစ်ကြည်ရေး ခရစ်ကက်အားကစားပွဲ နှစ်ပွဲကျင်းပခဲ့ရာ ပထမပွဲတွင် ဟောင်ကောင်အသင်းက အနိုင်ရရှိပြီး ဒုတိယပွဲတွင် မြန်မာလူငယ်လက်ရွေးစင်အသင်းက အနိုင်ရရှိသည်။

Mr. Rodeny Miles ခေါင်းဆောင်သော ဟောင်ကောင်ခရစ်ကက်အားကစားအသင်းသည် အောက်တိုဘာ ၁၄ ရက် ဒုတိယချစ်ကြည်ရေးပွဲအပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့် ဟောင်ကောင်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(ကြေးမုံ)**

## ဝင်းသူဇာအရောင်းဆိုင်ရှစ်ဆိုင် တင်ဒါဖွင့်ဖောက်

**နေပြည်တော် အောက်တိုဘာ ၁၆**

စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင် ၁၈ ဆိုင်ကို ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် တင်ဒါဈေးနှုန်း အဆိုပြုလွှာတင်သွင်းခြင်းမရှိသည့် ဝင်းသူဇာဆိုင် လေးဆိုင်နှင့် ကြမ်းခင်းဈေးမမီသည့် ဝင်းသူဇာဆိုင် လေးဆိုင် စုစုပေါင်းရှစ်ဆိုင်ကို ပုဂ္ဂလိကသို့ငှားရမ်းနိုင်ရေးအတွက် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် နိုင်ငံပိုင်သတင်းစာများမှ တင်ဒါဖိတ်ခေါ်ခဲ့သည်။ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီတွင် တင်ဒါအဆိုပြုလွှာ နောက်ဆုံးပေးသွင်းရန် သတ်မှတ်ခဲ့ပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် တင်ဒါဖွင့်ဖောက်ခဲ့သည်။

အဆိုပါတင်ဒါဖောက်ပွဲတွင် တင်ဒါဈေးနှုန်း အဆိုပြုလွှာတင်သွင်းခြင်း မရှိသည့် ဝင်းသူဇာဆိုင် ငါးဆိုင်ရှိခဲ့ပြီး ယင်းတို့မှာ ဝင်းသူဇာဆိုင် (ဆားလင်းကြီး၊ ပွင့်ဖြူ၊ ယင်းမာပင်၊ ဆော၊ ကညွတ်ကွင်း)တို့ဖြစ်ကြောင်းနှင့် တင်ဒါဈေးနှုန်း အဆိုပြုလွှာတင်သွင်းသည့် ဝင်းသူဇာဆိုင် သုံးဆိုင်ရှိခဲ့ရာ ယင်းတို့မှာ ဝင်းသူဇာဆိုင်(မြိုင်၊ ရေစကြို၊ ဝင်းသူဇာကုန်တိုက် (သီရိရတနာအဆင့်မြင့်ဈေး)တို့ဖြစ်ကြောင်း သိရသည်။ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ရုံးအမှတ်(၃၇)အစည်းအဝေးခန်းမ၌ တင်ဒါသွင်းသူများ၏ရှေ့မှောက်တွင် တင်ဒါဖွင့်ဖောက်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## အင်ဖာ-မန္တလေး လေကြောင်းခရီးစဉ်ပြေးဆွဲရေး လေကြောင်းလိုင်းများ စိတ်ဝင်စားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၆**

အိန္ဒိယနိုင်ငံ အင်ဖာမြို့မှတစ်ဆင့် ဗုဒ္ဓဂယာသို့ လေကြောင်းခရီးစဉ်ဖြင့် ဘုရားဖူးသွားရောက်နိုင်ရန်အတွက် အင်ဖာ-မန္တလေးလေကြောင်းခရီးစဉ် ပြေးဆွဲရန် လေကြောင်းလိုင်းများ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်၏ မြို့တော်အင်ဖာနှင့် မြန်မာနိုင်ငံ မန္တလေးမြို့တို့ကို လေယာဉ်ခရီးစဉ်များပြေးဆွဲနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ စီစဉ်လျက်ရှိသဖြင့် မြန်မာနိုင်ငံသားများအနေဖြင့် အင်ဖာမြို့မှ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်နိုင်ရေးအတွက် အင်ဖာ-မန္တလေးလေကြောင်းခရီးစဉ် ပြေးဆွဲနိုင်ရေးကို အစိုးရနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းများက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (L ၁၇/၆၀)၊ မြေကွက်အမှတ် (၁၄၈၇)၊ ဧရိယာ (၀. ၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ရီရီရွှေ၊၁၁ /ရဗန(နိုင်)၀၅၅၁၉၃၂၏အမည်ပေါက်လျက်ရှိပြီး ဒေါ်ရီရီရွှေမှ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟ၀န်ခံလျက် အဆိုပါနှစ်(၆၀)ဂရန်မြေကွက်ကို အပြီးအပိုင်ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှဝယ်ယူရန် သဘောတူညီပါသဖြင့် အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုး**(B.Sc., H.G.P, R.L)** တရားလွှတ်တော်ရှေ့နေ

အမှတ်(၁၃/အေ)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၂၂၃၆၉၈၊ ၂၂၃၇၁၀၊ ရုံး-၀၉-၅၀၈၈၈၈၅၆

## ရောင်းမည်(တိုက်သစ်)

အောင်သိဒ္ဓိလမ်းမပေါ် (မ. ရ. က)

ပေ(၂၀×၅၀) မြေညီ၊ ပ-ထပ်၊ တ-ထပ်

သိန်း ၁၅၀၀၊ ၇၅၀၊ ၅၅၀

ဖုန်း-၅၀၁၈၀၇၆၊ ၃၁၅၄၈၃၄၈(ပွဲစားမလို)



## ကြံ့သလိုကွေ့၍ လမ်းဖြတ်ကူးသူ အခက်တွေ့

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးမြို့တွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး၊ ယာဉ်တိုက်မှုလျော့နည်းစေရေးတို့အတွက် မီးပွိုင့်များတပ်ဆင်ထားခြင်း၊ ယာဉ်ကြီးယာဉ်ငယ်တို့အား ရှောင်တခင်စစ်ဆေး ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ တိုင်းဒေသကြီးတစ်ခုအနေဖြင့် အဓိက ပဲခူးမြို့အလယ်မြို့မဈေးကြီးနှင့် ပန်းလှိုင်ရပ်ကွက်ဖြတ်ကူးသည့် ပဲခူး-ရန်ကုန်ကားလမ်းမကြီးတွင် ကြံ့သလိုယာဉ်ကြီး၊ ယာဉ်ငယ်တို့မှာ ဖြတ်ကွေ့သွားလာနေကြရပြီး ခရီးသွားများကလည်း အခြေအနေကြည့်လမ်းဖြတ်ကူးနေကြရသည့်အတွက် **(အောက်ပုံ)** ယာဉ်ကြောပိတ်ဆို့ခြင်း၊ မကြာခဏယာဉ်တိုက်မှုများနှင့် ကြုံတွေ့နေကြရခြင်းတို့ကြောင့် တိုင်းဒေသကြီး၏ ပဲခူးမြို့အလယ် အဓိကနေရာအား စည်းကမ်းတကျ ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ **(၅၈၇)**

## နွားများတင်ဆောင်လာသည့် ၁၂ ဘီးကား တိမ်းမှောက်

**စစ်တောင်း အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး စစ်တောင်းတံတားအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီးဘေးရှိ သပြေကန်ကျေးရွာရှေ့တွင် ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့သည်။ **(အပေါ်ပုံ)**ဖြစ်စဉ်မှာ ရန်ကုန်-မော်လမြိုင်အသွား ကားလမ်းမကြီးတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က ယာဉ်မောင်းအောင်ကိုဦးမောင်းနှင်လာသော ၁၂ ဘီး ကုန်ကားသည် နွားများအားသယ်ဆောင်၍ မောင်းနှင်ရာအရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်းမှာ ဒဏ်ရာအနည်းငယ်သာရရှိခဲ့သော်လည်း သယ်ဆောင်လာသည့်နွားများမှာ အသေအပျောက်ရှိခဲ့ကြောင်း၊ ကျေးရွာရှိပြည်သူများကလည်း အဆိုပါတိမ်းမှောက်သွားသော ကားအား ဝိုင်းဝန်းကူညီကာ ပြန်လည်တည့်မတ်ပေးခဲ့ကြကြောင်း သိရသည်။ **(၅၇၀)**

## ကားရပ်နားပြီး အိပ်စက်နေသည့် ယာဉ်မောင်း ကားကြိတ်ခံရ

**ထန်းတပင် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာနှင့် မရွှေဥကျေးရွာကြား ရန်ကုန်-ညောင်တုန်းလမ်း မိုင်တိုင်အမှတ် (၁၃/၀)၌ အောက်တိုဘာ ၈ ရက် နံနက် ၂ နာရီခွဲက ကားဒရိုင်ဘာတစ်ဦး ကားကြိတ်၍သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာနှင့် မရွှေဥကျေးရွာကြား ရန်ကုန်-ညောင်တုန်းလမ်းပေါ် မိုင်တိုင်အမှတ် (၁၃/၀)၌ ယာဉ်အမှတ် ၄/င----ဖူဆိုခြောက်ဘီးကုန်တင်ယာဉ် မောင်းနှင်သူ ဦးအောင်မြင့် အသက်(၄၈)နှစ် ဟင်္သာတမြို့နယ်နေသူသည် ၎င်း၏ကားအား လမ်းဘေးသို့ ရပ်တန့်ကာ ကားခေါင်းရှေ့ ကတ္တရာလမ်းပေါ်၌ ပုဆိုးခင်း၍ အနားယူအိပ်စက်နေစဉ် ညောင်တုန်းမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းစည်သူထွန်း အသက်(၂၄)နှစ် ညောင်ဖြူရပ်ကွက် တောင်ကြီးမြို့(ကုန်အပြည့်ဖြင့်) မောင်းနှင်လာသော ၁၂ ဘီးယာဉ် ၁ဃ/----သည် လမ်းဘေးတွင် ရပ်ထားသော အထက်ပါဖူဆိုကားအား နောက်မှဝင်တိုက်မိရာ နောက်မှတိုက်မိသော အရှိန်ကြောင့် ရပ်ထားသောကားမှာ ကားရှေ့၌ အိပ်စက်အနားယူနေသူ ဦးအောင်မြင့်အား ကြိတ်မိကာ လေးပေခန့် ရှေ့သို့ရွေ့လျားသွားသည်။ ကားကြိတ်ခံရသူ ဦးအောင်မြင့်မှာ ဦးခေါင်းဒဏ်ရာရ၊ နှာခေါင်းသွေးထွက်၊ ကျောဘက် ပွန်းပဲ့ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

အမှုအား ထန်းတပင်မြို့နယ် တက်သစ်ရဲစခန်းမှ ဒုရဲအုပ်မျိုးလွင်က တရားလိုပြုလုပ်၍ (ပ) ၃၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄/က ဖြင့် ယာဉ်မောင်း စည်သူထွန်းအား အရေးယူနိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မောင်သာဖြန်း-ထန်းတပင်)**

**သွေးသည် အသက်**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန အမှတ်တံဆိပ်(Logo) ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

၂၀၁၃ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန (Ministry of Livestock, Fisheries and Rural Development) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးဖြစ်ပါ၍ ဝန်ကြီးဌာနအား ကိုယ်စားပြုသတ်မှတ်အသုံးပြုမည့် အမှတ်တံဆိပ် (Logo)ရွေးချယ်ရန်အတွက် မည်သူမဆိုပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင်ရွေးချယ်ခြင်းခံရပါက ဝန်ကြီးဌာနအမှတ်တံဆိပ် (Logo) အတွက် ငွေကျပ် ငါးသိန်းချီးမြှင့်မည်ဖြစ်သည်။

ဝန်ကြီးဌာနအမှတ်တံဆိပ် (Logo) တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒဖြစ်သည့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်ကိုအခြေခံ၍ သားငါးသယံဇာတများထိန်းသိမ်းရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အသစ်များဖန်တီးရေးအပါအဝင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးများ ဆောင်ရွက်ရန်နှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အဓိပ္ပာယ်ဖော်ညွှန်းသည့် အမှတ်တံဆိပ် (Logo) ဖြစ်ရပါမည်။

ဝန်ကြီးဌာန (Logo) အတွက် သတ်မှတ်ချက်များမှာ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိခိုက်စေနိုင်သော အခြားမည်သည့်အဖွဲ့အစည်းများ၏ တံဆိပ်များ၊ သင်္ကေတများမပါရှိရ။ ကိုယ်တိုင်ရေးဆွဲသော (Logo)ဖြစ်ရမည်။ ပြိုင်ပွဲဝင်မည့် (Logo)များသည် မည်သည့်ပြိုင်ပွဲများတွင်မျှဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိရ။ တစ်ဦးလျှင်အများဆုံး သုံးခုအထိ ရေးဆွဲပေးပို့နိုင်သည်။ ပြိုင်ပွဲဝင်မည့် (Logo)များကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ရွေးချယ်ခံရသော (Logo)သည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူပိုင်ဖြစ်ပြီး ဝန်ကြီးဌာနအား ကိုယ်စားပြုသတ်မှတ်အသုံးပြုဆောင်ရွက်မည့် လုပ်ငန်းကိစ္စအဝဝတွင် အသုံးပြုခွင့်ရှိသည်။

မိမိရေးဆွဲထားသောပန်းချီကား၊ Graphic Design နှင့် Soft Copy(CD) များကို ကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံချက်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့ကို လူကိုယ်တိုင်လာရောက်ပို့ဆောင်၍ဖြစ်စေ၊ ရာသီဥတုကြောင့် မပျက်စီးစေရန်လုံခြုံစွာထုပ်ပိုးထားသော အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသူအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါဟိုတယ်များအား လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။

(က) နယူးချောင်းသာဟိုတယ် အခန်း(၂၇) ခန်း၊ မြေ (၃. ၀၈)ဧက၊ ချောင်းသာကမ်းခြေ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

(ခ) သီရိမြိုင်ဟိုတယ် အခန်း(၇)ခန်း၊ မြေ (၇) ဧက၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် (၂၀၀၀ဝိ/-) ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါ ဝန်ကြီးဌာနရုံး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (အင်္ဂါနေ့) ၉း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။ ထို့နောက် ၎င်းရက် ၁၃း၃၀ နာရီတွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၀၃၊ ၄၀၆၁၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆၅၄/၆၆၆)၊ ကုန်သည်လမ်း၊ (၂၈)လမ်းနှင့် ရွှေဘုံသာလမ်းကြား အဆောက်အအုံနှင့် ပတ်သက်၍ လက်ရှိနေထိုင် အသုံးပြုသူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅စီ)၊ မြေကွက်အမှတ်၊ (Eastern $\frac{1}{2}$ of I.6 and Western $\frac{1}{2}$ of I.6)၊ အကျယ်အဝန်းပေ(၁၁၅×၁၀၀)မြေပေါ်ရှိ အထက်ဖော်ပြပါ အဆောက်အအုံအား အမည်ပေါက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နေထိုင်အသုံးပြုထားသူများအား အဆောက်အအုံ၏ အထပ်လိုက် စိစစ်ဆောင်ရွက်ရန်ရှိပါသဖြင့် နေထိုင်အသုံးပြုထားသူများနှင့် သက်ဆိုင်သူများသည် အသုံးပြုခွင့်ရရှိသည့် ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ၂၃-၁၀- ၂၀၁၃ရက် နောက်ဆုံးထား၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် ၎င်းသတ်မှတ်ရက်ထက် ကျော်လွန်ပါက လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၅)မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာလမ်း(၁၀/၀)မိုင်)၊ ကျောက်လမ်း(၂၁/၀)မိုင်၊ မြေသားလမ်း (၅၃/၀)မိုင်၊ သစ်သားတံတား (၄၇၄) ပေ၊ Box Culvert (၃၁)ခု၊ ရေပြွန်(၉၅)ပေ၊ ကျောက်စီရေကျော် (၁၁၀၀)ပေ၊ ကျေးလက်ရေရရှိရေးတွင်းနက် (၂၂) တွင်း၊ လက်တူးတွင်း(၂)တွင်း၊ မြေသားရေကန် (၁၄) ကန်၊ ယင်လုံအိမ်သာ (၂၀၀)လုံး၊ ရေအားလျှပ်စစ် (၁)ခု၊ ဆိုလာမီးလင်းရေး (၁၂၃၈) ခု၊ ကျေးလက်အိမ်ရာ (၆၈)လုံး တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကတ္တရာလမ်းပေါက်ဖာထေးခြင်း၊ (၂၅၃၉၀) စတုရန်းပေနှင့် ပေ(၁၂၀×၁၅×၂၂) ရှိ တံတားပြုပြင်ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင် ရောင်းချမည်ဖြစ်ပြီး ၈-၁၁-၂၀၁၃ ရက် ၁၂း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဖုန်း-၀၆၃-၂၅၅၅၁၊ ၂၈၄၈၅ နှင့် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

# အင်္ဂလန်၊ နယ်သာလန်၊ ဂျာမနီနှင့် စပိန်တို့ ကမ္ဘာ့ဖလားတိုက်ရိုက်ဝင်ခွင့်ရပြီ

**ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်များ၏ နောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၁၆ ရက်နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်၊ နယ်သာလန်၊ ဂျာမနီ၊ စပိန်၊ အီတလီ စသည့်အသင်းကြီးများ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။**

အုပ်စု(A)တွင် ခြေစစ်ပွဲစဉ်များပြီးဆုံးသည့်တိုင် ရှုံးပွဲမရှိခဲ့သော ဘယ်လ်ဂျီယံအသင်းသည် နောက်ဆုံးပွဲစဉ်တွင် ဝေလအသင်းကို တစ်ဖက်တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သော်လည်း ရမှတ် ၂၆ ခြောက်မှတ်ရရှိခဲ့ခြင်းကြောင့် အုပ်စု ပထမနေရာဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ခရိုအေးရှားမှာမူ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ရှုံး/ထွက်ပွဲစဉ် ကစားရဦးမည် ဖြစ်သည်။

အုပ်စု(B)တွင် အီတလီအသင်းသည် ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်၌ အာမေးနီးယားကို တစ်ဖက်နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ပြီး ရမှတ် ၂၂ မှတ်ရရှိကာ အုပ်စုပထမဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သည်။

အုပ်စု(C)တွင် ဂျာမနီအသင်းသည် ခြေစစ်ပွဲစဉ်များ ပြီးဆုံးသည်အထိ ရှုံးပွဲမရှိစံချိန် ရယူကာ ရမှတ် ၂၈ မှတ်ဖြင့် အုပ်စုပထမနေရာဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး ယင်းအုပ်စုမှ ဆွီဒင်အသင်းမှာမူ ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်တွင် ဂျာမနီကို ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ရမှတ် ၂၀ ဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် ရှုံး/ထွက်ပွဲစဉ် ကစားရဦးမည်ဖြစ်သည်။

အုပ်စု(D)တွင် နယ်သာလန်အသင်းသည် နောက်ဆုံးပွဲစဉ်တွင် ရော်ဘင်နှင့် ရှနိုက်ဒါတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် တူရကီကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပွဲရရှိခဲ့သည့်အပြင် ယင်းအုပ်စုတွင်လည်း ရှုံးပွဲမရှိသည့်အသင်းဖြစ်ပြီး ကမ္ဘာ့ ဖလားပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သည်။ တူရကီအသင်းမှာမူ ခြေစစ်ပွဲများ ပြီးဆုံးချိန်တွင် ရမှတ် ၁၆ မှတ်သာရရှိ ခဲ့၍ ရှုံး/ထွက်ပွဲစဉ် ကစားရဦးမည်ဖြစ်သည်။

အုပ်စု(E)တွင်ဆွစ်ဇာလန်အသင်း က ရမှတ် ၂၄ မှတ်ဖြင့် ကမ္ဘာ့ဖလား ပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး အိုက်စလန်အသင်းမှာမူ နောက်ဆုံး ပွဲစဉ်တွင် နော်ဝေကို တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ကာ ရမှတ် ၁၇ မှတ်ဖြင့် ရှုံး/ထွက်ပွဲစဉ် ကစားခွင့်ရရှိခဲ့သည်။

အုပ်စု(F)တွင် ရုရှားအသင်းသည် ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်တွင် အဇာဘိုင်ဂျန်ကို သရေကျ ခဲ့ပြီး ရမှတ် ၂၂ မှတ်ရရှိထားသည့်အသင်းဖြစ်၍ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သည်။ ယင်းအုပ်စုမှ ပေါ်တူဂီအသင်းမှာမူ နောက်ဆုံးပွဲစဉ်၌ လူဇင်ဘတ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ရမှတ် ၂၂ မှတ်ရရှိခဲ့သဖြင့် ရုရှားအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် တိုက်ရိုက်ဝင်ခွင့်မရရှိခဲ့ဘဲ ရှုံး/ထွက်ပွဲစဉ်ကစားရမည်ဖြစ်သည်။

အုပ်စု(G)တွင် ဘော့စနီးယားအသင်းသည် လစ်သူရေးနီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အပြင် ယင်းအုပ်စုတွင် ရမှတ် ၂၅ မှတ်ဖြင့် ကမ္ဘာ့ဖလားတိုက်ရိုက် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ဂရိအသင်းမှာမူ လီချန်စတိန်းကို နောက်ဆုံးပွဲစဉ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် ရှုံး/ထွက်ပွဲစဉ် ကစားပြီး အနိုင်ရရှိမှသာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိမည် ဖြစ်သည်။

အုပ်စု(H)တွင် အင်္ဂလန်အသင်းသည် နောက်ဆုံးပွဲစဉ်၌ ရွန်းနီနှင့် ဂျာရတ်တို့၏ သွင်းဂိုးများဖြင့် ပိုလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ရမှတ် ၂၂ မှတ်ဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး ယူကရိန်းအသင်းမှာမူ ဆန်မာရီနိုကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ရမှတ် ၂၁ မှတ်သာရရှိခဲ့ပြီး ရှုံး/ထွက် ပွဲစဉ်ကစားပြီး အနိုင်ရရှိမှသာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိမည်ဖြစ်သည်

အုပ်စု(I)တွင် စပိန်အသင်းသည် ခြေစစ်ပွဲပြီးသည်အထိ ရှုံးပွဲမရှိစံချိန်တင်ကာ နောက်ဆုံးပွဲစဉ်တွင်လည်း မာတာနှင့် နီဂရီဒိုတို့၏ သွင်းဂိုးများဖြင့် ဂျော်ဂျီယာကို အနိုင်ရရှိခဲ့၍ ရမှတ် ၂၀ ဖြင့် ကမ္ဘာ့ဖလားတိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး ပြင်သစ်အသင်းမှာမူနောက်ဆုံးပွဲစဉ်တွင် ဖင်လန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ရမှတ် ၁၇ မှတ်သာရရှိခဲ့သဖြင့် ရှုံး/ထွက်ပွဲစဉ်ကစားရဦးမည်ဖြစ်သည်။

# မန်ယူအသင်း၏ အကြိမ်(၂၀)မြောက် ပရီမီယာလိဂ်ဆုဖလား မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ လှည့်လည်ပြသမည်

ငွေကြယ်

**မန်ချက်စတာ အောက်တိုဘာ ၁၆**

မန်ယူအသင်းသည် နည်းပြဖာဂူဆန်လက်ထက် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက ဆွတ်ခူးရရှိခဲ့သော အကြိမ်(၂၀) မြောက် ပရီမီယာလိဂ်ဆုဖလားကို ယခုလကုန်ပိုင်းတွင် ဘရာဇီးနိုင်ငံမှစတင်ကာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းသို့ လှည့်လည်ပြသမည်ဖြစ်ကြောင်းနှင့် မတ်လတွင် ဆွစ်ဇာလန်နိုင်ငံတွင် အဆုံးသတ်အနေဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံနှင့် မြို့ပေါင်း ၃၀ ကျော်သို့ လှည့်လည်ပြသမည့် ရက်စွဲကိုမူ လက်ရှိသတင်းထုတ်ပြန်ချိန်တွင် အတည်ပြုပြောကြားထားခြင်းမရှိသေးကြောင်း သိရသည်။

# Jurassic World ဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် မြင်တွေ့ရမည့် ကလေးသရုပ်ဆောင် Ty Simpkins

Iron Man 3 ဇာတ်ကားအပါအဝင် အခြားဇာတ်ကားပေါင်းများစွာတွင် ကလေးသရုပ်ဆောင်အဖြစ် ပါဝင်လာခဲ့သူ အမေရိကန်ကလေးသရုပ်ဆောင် Ty Simpkins အား အသစ်ထွက်ရှိလာမည့် Jurassic World ဇာတ်ကားသစ်တွင် ခေါင်းဆောင်အဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုဇာတ်ကားတွင် အမေရိကန်မင်းသမီးချော ဘရစ်ဒယ်လပ်စ်ဟိုဝပ်ဒ်လည်း ခေါင်းဆောင် မင်းသမီးအဖြစ် ပါဝင်မည်ဖြစ်ကာ ယင်းဇာတ်ကားကို ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ဖြန့်ချိသွားမည်ဖြစ်သည်။

အသက်(၁၂)နှစ်အရွယ်သာရှိသေးသည့် ကလေးသရုပ်ဆောင် Ty Simpkins သည် ရက်သတ္တသုံးပတ်သားအရွယ်ကတည်းက တီဗွီဖန်သားပြင်ပေါ်တွင် ပေါ်ထွက်ခဲ့သူတစ်ဦးဖြစ်ပြီး Iron Man 3 ဇာတ်ကားတွင်လည်း တိုနီစတက်ခ်၏လက်တွဲဖော်အဖြစ် ပါဝင်ခဲ့ပြန်ကာ ယခုအသစ်ထွက်ရှိလာမည့် Jurassic World ဇာတ်ကားတွင်လည်း ခေါင်းဆောင်မင်းသားတစ်ဦးအဖြစ် ထပ်မံတွေ့မြင်ရဦးမည်ဖြစ်သည်။

# ဇာတ်ကားသစ်ဖြင့် ပရိသတ်ရင်ထဲ ထပ်မံရောက်ရှိလာမည့် ဆောင်းဟေကျို

**မျိုးစန္ဒာမောင် ရေးသားသည်**

တောင်ကိုရီးယားရုပ်ရှင်ကြယ်ပွင့် ဆောင်းဟေကျိုအား Pit-a-pat My Life အမည်ရှိ ဇာတ်ကားသစ်တွင် ထပ်မံ မြင်တွေ့ရဦးမည် ဖြစ်သည်။ ယင်းဇာတ်ကားတွင် သရုပ်ဆောင်ဖြစ်ပုံနှင့်ပတ်သက်ပြီး "ဒါရိုက်တာနဲ့လည်း ခင်နေတယ်။ ဇာတ်လမ်းကိုလည်း အရမ်းကြိုက်တဲ့အတွက် ဖြစ်ပါတယ်"ဟု မင်းသမီး ဆောင်းဟေကျိုက ပြောကြားခဲ့သည်။ ယင်းဇာတ်ကားကို ဒါရိုက်တာ လီဂျေးယန်က ပုံဖော်ရိုက်ကူးထားပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင် ဖြန့်ချိမည်ဖြစ်သည်။





27th SEA GAMES
MYANMAR 2013
NAY PYI TAW

# SEA Games အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပြပွဲပြိုင်ပွဲ ပြုလုပ်ရန်ကြော်ငြာခြင်း

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် ပြိုင်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကို သင့်တင့်သောဈေးနှုန်းဖြင့် ထုတ်လုပ်ရောင်းချ ခွင့်ပြုနိုင်ရေးအတွက် SEA Games အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပြပွဲပြိုင်ပွဲကို ရန်ကုန်မြို့၊ သိမ်ဖြူအားကစားခန်းမအတွင်း ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ပြသယှဉ်ပြိုင်လိုသူများအနေဖြင့် မိမိတို့ပြသယှဉ်ပြိုင်လိုသော ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းတစ်မျိုးလျှင် နမူနာ(၁၀)ခုစီကို ရန်ကုန်မြို့၊ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏသို့ (၂၅-၁၀-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကိုယ်တိုင်ပေးပို့အပ်နှံသွားကြရန်နှင့် အောက်ပါ အချက်အလက်များ တစ်ပါတည်းတင်ပြကြရန်ဖြစ်ပါသည်-

(က) ကိုယ်တိုင်ထုတ်လုပ်သည့်ပစ္စည်းဖြစ်ကြောင်း ဝန်ခံကတိပြုချက်

(ခ) ရောင်းချမည့်ပစ္စည်းဈေးနှုန်း

(ဂ) (၂၅-၁၁-၂၀၁၃)ရက်မတိုင်မီ ထုတ်လုပ်နိုင်မည့်အရေအတွက်

ရွေးချယ်ခံရသော အထိမ်းအမှတ်ပစ္စည်းများအား အများပြည်သူဝယ်ယူနိုင်ရေးအတွက် ထုတ်လုပ်ရောင်းချခွင့် တရားဝင်ခွင့်ပြုလက်မှတ်ထုတ်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/ရုံများနှင့် အားကစားရွာတို့အပြင် တစ်ပြည်လုံးတွင် ရောင်းချခွင့်ပေးသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲအထိမ်းအမှတ်ပစ္စည်းပြပွဲပြိုင်ပွဲတွင် ပါဝင်ပြသလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ဦးမိုးဇော်ထွတ်၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ ဖုန်း(၀၉-၅၂၆၁၃၁၈၊ ၀၆၇-၄၀၆၂၃၈)နှင့် ဒေါ်စောနှင်းထွေး၊ လ/ထအင်ဂျင်နီယာ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၊ ရန်ကုန်မြို့၊ ဖုန်း(၀၉-၅၆၈၀၁၂၁၊ ၀၁-၅၇၇၃၈၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

27th SEA GAMES
MYANMAR 2013
NAY PYI TAW

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ကုန်ပစ္စည်းကြော်ငြာများဖိတ်ခေါ်ခြင်း

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/ရုံများ၊ အားကစားရွာနှင့် မြို့တွင်းလမ်းများ၊ အဝိုင်းများတွင် လှပနေစေရေးအတွက် ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် ကုန်ပစ္စည်းကြော်ငြာဘုတ်များ၊ ပိုစတာများ၊ Aဘုတ်များ၊ Banner များစသည်တို့ကို ကြော်ငြာခွင့်စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားလိုသူများအနေဖြင့် ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် မိမိတို့ကြော်ငြာလိုသော ကုန်ပစ္စည်းကြော်ငြာနမူနာများနှင့် Soft Copy ကို အောက်ပါအချက်အလက်များနှင့်အတူ အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်နှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၊ ရန်ကုန်မြို့တို့သို့ (၂၇-၁၀-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့သွားကြရန်ဖြစ်ပါသည်-

(က) မိမိကုမ္ပဏီနှင့် သက်ဆိုင်သော ကြော်ငြာဖြစ်ကြောင်းဝန်ခံချက်

(ခ) ကြော်ငြာလိုသည့် အရေအတွက်

တင်ပြလာသည့်ကြော်ငြာများအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ ကြော်ငြာခွင့်ပြုမည့်နေရာနှင့် အရေအတွက်ကို စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဦးမိုးဇော်ထွတ်၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် ဖုန်း(၀၉-၅၂၆၁၃၁၈၊ ၀၆၇-၄၀၆၂၃၈)နှင့် ဒေါ်စောနှင်းထွေး၊ လ/ထအင်ဂျင်နီယာ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၊ ရန်ကုန်မြို့ ဖုန်း(၀၉-၅၆၈၀၁၂၁၊ ၀၁-၅၇၇၃၈၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

အထက်မြန်မာပြည်သတင်း

# မုံရွာမြို့၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကျင်းပ

**မုံရွာ အောက်တိုဘာ ၁၆**

၂၀၁၃ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို "မျက်စိကျန်းမာတို့ကမ္ဘာ သင့်မျက်စိကို စစ်ဆေးပါ" ဟူသောဆောင်ပုဒ်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၄ ရက် တနင်္လာနေ့ နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့နှင့်အတူ တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူထံမှသိရသည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာမှုများကြောင့် မျက်ခမ်းစပ်ကဲ့သို့ကူးစက်နိုင်သည့် မျက်စိရောဂါများလျော့နည်းသွားသော်လည်း အတွင်းတိမ်ရောဂါနှင့်အတူ ဆီးချို၊ သွေးတိုးစသည့် ရောဂါများ၏ နောက်ဆက်တွဲမျက်စိရောဂါပြဿနာများ၊ ကလေးသူငယ်မျက်စိရောဂါများက ဦးမော့လာကြောင်း၊ ထို့ကြောင့် အတွင်းတိမ်ရောဂါကို ယခုလက်ရှိ ခွဲစိတ်မှုနှုန်းထက်တိုးမြင့်ဆောင်ရွက်နိုင်ရန် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ မျက်စိကုဌာနအားလုံးနှင့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများ၏ကြိုးပမ်းချက်များဖြင့် ၂၀၁၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် အတွင်းတိမ်ဝေဒနာရှင် စုစုပေါင်း ၆၄၈၆၉ ဦးအား ခွဲစိတ်ကုသပေးခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ပံ့ပိုးမှု၊ ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ စေတနာရှင်များ၏ ပါဝင်လှူဒါန်းမှု၊ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြို့နယ်လေးမြို့နယ်တွင် မျက်စိဝေဒနာရှင် ၇၂၇ ဦးအား ခွဲစိတ်ကုသပေးခဲ့ပြီး မျက်မှန်လိုအပ်လူနာ ၇၁၆၂ ဦးအား မျက်မှန်များထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။ မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အခမ်းအနားတွင် ခွဲစိတ်ပြီး မျက်စိဝေဒနာရှင် ၁၀ ဦးအား ဝန်ကြီးချုပ်က မျက်မှန်တပ်ဆင်ပေးခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်း ၂၈၅ သန်းခန့်ရှိပြီး ယင်းတို့အနက် သန်း ၃၀ မှာ မျက်စိကွယ်သူများဖြစ်ရာ တိုးတက်သည့်နည်းပညာအရ အမြင်ချို့တဲ့သူများ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ခြင်း၊ ကုသခြင်းအားဖြင့် မျက်စိကွယ်ခြင်းကို ကာကွယ်နိုင်ကြောင်း တွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဒီဇိုင်းအသစ်တွေဝင်လာသည့် မန္တလေးမြို့ ရောင်စုံမီးပုံးဈေးကွက်

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့တွင် သီတင်းကျွတ်ပွဲတော်အမီ ပြည်တွင်းဖြစ်ရောင်စုံမီးပုံးများနှင့် တရုတ်နိုင်ငံထုတ်ရောင်စုံမီးပုံးဒီဇိုင်းအသစ်များ ဝင်ရောက်လာကြောင်း သိရသည်။**(အပေါ်ပုံ)**

မီးပုံးဈေးကွက်မှာ ယမန်နှစ်ကအတိုင်း ပုံမှန်အခြေအနေသာရှိသော်လည်း ထူးခြားမှုအနေဖြင့် ယခုနှစ်တွင် တရုတ်နိုင်ငံထုတ် ရောင်စုံမီးပုံးဒီဇိုင်းအသစ်များ ဝင်ရောက်လာကြောင်း မန္တလေးမြို့ (၇၈)လမ်းနှင့် (၃၄)လမ်းထောင့်ရှိ ရောင်စုံမီးပုံးများ အဓိကဖြန့်ဖြူးရောင်းချသူ မစောကေသီမြိုင်က ပြောသည်။

"ဒီနှစ်က တရုတ်က ဒီဇိုင်းအသစ်တွေ တော်တော်လေးဝင်လာတယ်၊ ရောင်စုံစက္ကူမီးပုံးအမျိုးအစားထဲက ကွန်ပျူတာပန်းဖောက်နဲ့ ကြာဖူးပုံသဏ္ဌာန်ပိတ်မီးပုံးဒီဇိုင်းအသစ်တွေဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်းဖြစ်ရောင်စုံမီးပုံးများမှာ မြန်မာ့ရိုးရာသီတင်းကျွတ်ပွဲတော်နှင့် အကိုက်ညီဆုံးပုံစံများဖြင့် ထုတ်လုပ်ထားပြီး ဈေးနှုန်းမှာလည်း သင့်တော်သဖြင့် အရောင်းသွက်သော်လည်း လုံလောက်စွာထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် တရုတ်မီးပုံးများသာ ဈေးကွက်တွင်နေရာယူလျက်ရှိသည်။

မန္တလေးမြို့တွင် လက်ရှိအရောင်းသွက်နေသည့် မီးပုံးများမှာ ကျပ် ၁၅၀ မှ ၄၀၀ ဝန်းကျင်ရှိ ပြည်တွင်းဖြစ်ရောင်စုံမီးပုံးများနှင့် ကျပ် ၅၀၀ မှ ၂၀၀၀ ဝန်းကျင်ရှိ တရုတ်နိုင်ငံထုတ် ရောင်စုံစက္ကူမီးပုံးများဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပုရစ်များ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာ

**ထီးချိုင့် အောက်တိုဘာ ၁၆**

မန္တလေးမြို့တွင် ထီးချိုင့်၊ ကသာဘက်မှ ဝင်ရောက်လာသော အဝေးပုရစ်(ခေါ်) ဥပါသည့် အခါပုရစ်များ ပေါ်ဦးပေါ်ဖျားရောင်းချလျက်ရှိကြောင်း သိရသည်။

ပုရစ်ထွက်ရှိရာဒေသများအနက် ထီးချိုင့်၊ ကသာမြို့များမှထွက်ရှိသော အခါပုရစ်များနှင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှထွက်ရှိသော ဆည်တော်ပုရစ်များမှာ ရောင်းတမ်းဝင်အကောင်းဆုံးပုရစ်များဖြစ်ကြောင်း ပုရစ်ရောင်းချသူတစ်ဦးက ပြောသည်။**(ယာပုံ)**

အခါပုရစ်များမှာ အထွက်နှုန်းကောင်းရုံမက ဈေးကွက်သို့ရောက်ရှိမှုစောပြီး ဆည်တော်ပုရစ်မှာ အထွက်နှုန်းနည်းသည့်အပြင် ဈေးကွက်သို့လည်း ဝင်ရောက်မှုနောက်ကျကြောင်း သိရသည်။

ယခုဈေးကွက်တွင်ရောက်ရှိနေသော ပုရစ်များအား အကောင် ၁၀၀ လျှင် ကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ အကောင် ၂၀၀ ကျော်ပါ ချိန်တောင်း တစ်တောင်းလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အမသီးသန့်ဝယ်ယူပါက ဈေးပိုမိုပေးရပြီး ပုရစ်မျိုးသုဉ်းလာမည့် တန်ဆောင်မုန်းလအတွင်း ပုရစ်ဈေးနှုန်းမြင့်လာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


## အစိုးရ/စီးပွားရေးကြော်ငြာ



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၀/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-076(2013-2014) | G-250 Ton Hook Block Assy Spares | (5) Items | US$ |
| (၂) | IFB-077(2013-2014) | 4 5/8" & 4 3/8" Flat Bottom Junk Mill Bits | (2) Items | US$ |
| (၃) | IFB-078(2013-2014) | Adaptor Spools | (2) Items | US$ |
| (၄) | IFB-079(2013-2014) | Quick Exhaust & Relief Valves | (4) Items | US$ |
| (၅) | IFB-080(2013-2014) | Spares for Kenworth Truck Engine CAT C-15 | (6) Items | US$ |
| (၆) | IFB-081(2013-2014) | Spare for CAT D 3306 PC Lighting Set Engine | (9) Items | US$ |
| (၇) | IFB-082(2013-2014) | 28 VC 650 Clutch Elements for Drawwork Drive Clutch Ex TM3500 | (1) Item | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁၁-၂၀၁၃ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



## ကားရောင်းမည်

Suzuki carry ကားသစ်၊ Aircon ပါ 660CC၊ အမိုးကိုင်းထိုင်ခုံပါ၊ အိမ်ပေးမည်။ တစ်လ ၂သိန်း ၅သောင်း

**ဖုန်း-၀၉-၄၂၁၀၉၅၁၄၆**

# မီးလောင်ဆုံးရှုံးမှုတန်ဖိုးတွက်ချက်ရာတွင် ပွင့်လင်းမြင်သာပြီး ပြည်သူလက်ခံနိုင်သည့်တန်ဖိုး သတ်မှတ်ဖို့လို

**ဖျာပုံ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နှင့် ခရိုင်အတွင်းရှိ မြို့နယ်များ၏ မီးလောင်မှုဖြစ်စဉ်များတွင် ဆုံးရှုံးမှုတန်ဖိုးတွက်ချက်ရာ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသည့် မြို့နယ်မီးသတ်စခန်းတာဝန်ခံ၊ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများ ခန့်မှန်းတွက်ချက်ညှိနှိုင်းရာတွင် မီးလောင်မှုဖြစ်စဉ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနတို့မှ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်ပြီး သာမန်ပေါ့ဆမီး၊ လျှပ်စစ်မီးကြိုး၊ ဝါယာရှော့မီး၊ ရှို့မီးဟူ၍ ဖြစ်စဉ်အလိုက် စုံစမ်းစစ်ဆေးသတ်မှတ်ကြသော်လည်း မီးလောင်မှုဖြစ်ပွားသည့်အိမ်နှင့် အဆောက်အအုံအမျိုးမျိုးတို့ကို သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံတို့မှ တွက်ချက်ဆုံးဖြတ်ရာတွင် (၁)စတုရန်းပေအတွက် သတ်မှတ်ပေးထားသည့်နှုန်းနှင့် တွက်ချက်ကြောင်း သိရသည်။ ထိုကဲ့သို့ တွက်ချက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများက ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနမှ တွက်ချက်မှုကိုအတည်ပြု၍ ခရိုင်နှင့်တိုင်းဒေသကြီးအဆင့်ဆင့်သို့ ကြေးနန်းပေးပို့ရပြီး အဆိုပါကြေးနန်းအား သက်ဆိုင်ရာသတင်းထောက်များက သတင်းအရယူ၍ သတင်းစာ၊ ဂျာနယ်များသို့ ရေးသားဖော်ပြကြသည်။

ဖျာပုံမြို့နယ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးတွင် မီးလောင်ဆုံးရှုံးမှုတန်ဖိုးတွက်ချက်ခြင်းအား သတင်းဖော်ပြရာတွင် ပြည်သူလူထုမှ တန်ဖိုးတွက်ချက်မှုကိန်းဂဏန်းအား ခေတ်ကာလတန်ဖိုးနှင့် လိုက်လျောညီထွေခြင်းမရှိဘဲ နည်းပါးစွာ ဖော်ပြမှုအား လက်ခံနိုင်ခြင်းမရှိကြောင်း၊ မကြာသေးမီကာလက ကျိုက်လတ်မြို့နယ် မီးလောင်မှုဖြစ်စဉ်တွင် တိုက်အိမ်၊ ပျဉ်ထောင်အိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးမှုတန်ဖိုး ၁၃ သိန်း၅သောင်းကို နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြခြင်းမှာ မှန်ကန်တိကျမှုမရှိ၍ ပြည်သူလူထု လက်ခံနိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာသတင်းရေးသားသူနှင့် ဌာနဆိုင်ရာများ ပြန်လည်ဖြေရှင်းနေရကြောင်း သိရသည်။

ထိုကဲ့သို့ဖြစ်စဉ်များတွင် မီးလောင်ဆုံးရှုံးမှုတန်ဖိုးတွက်ချက်ရာတွင် သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် စခန်းတာဝန်ခံများမှ (၁)စတုရန်းပေ သတ်မှတ်နှုန်းထားနှင့်တွက်ချက်၍ တန်ဖိုးသတ်မှတ်ရသည့် အဆောက်အအုံ၊ RC တိုက်၊ ပျဉ်ထောင်အိမ်၊ ဓနိမိုး၊ဝါးထရံကာ တဲအိမ်များကို တစ်ပြေးညီတွက်ချက်ခြင်းမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ တန်ဖိုးနှုန်းထား တွက်ချက်ဖော်ပြရာတွင် အားနည်းချက်၊ အားသာချက်များအရ ဌာနဆိုင်ရာ အရေးယူဆောင်ရွက်မှုအပေါ် မူတည်တွက်ချက်ခြင်းမှာ မဖြစ်သင့်၊ မဆုံးဖြတ်သင့်သော လုပ်ရပ်ဖြစ်ပြီး တန်ဖိုးတွက်ချက်ဖော်ပြမှုကို ခေတ်စနစ်နှင့်အညီ ပြည်သူလူထုလက်ခံနိုင်ပြီး သဘာဝယုတ္တိကျသည့် အမှန်တွက်ချက်မှုများ ပြုပြင်ပြောင်းလဲရန်လိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

(၅၄၀)

# ရပ်ကွက်များဖွံ့ဖြိုးမှုရှိလာမှ တစ်နိုင်ငံလုံးဖွံ့ဖြိုးလာနိုင်

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ် ရပ်ကွက် ၃၁ ရပ်ကွက်အနက် ကျွန်းသာယာရပ်ကွက် နယ်မြေ (၁၃)၊ (၁၄)၊ (၁၅) သီတာလမ်း၊ နီလာ (၁) လမ်း၊ နီလာ (၂)လမ်းများတွင် ရေမြောင်းများ ဆယ်ယူဖော်ထားခြင်း မရှိသည့်အတွက် ရေစီးရေလာမကောင်းဘဲ အမှိုက်များဖြင့် ပိတ်ဆို့ပြီး လမ်းမပေါ်ရေများလျှံတက်ကာ လမ်းများပျက်စီးနေခြင်း၊ ရေမြောင်းများ၌ ရေနှင့်အမှိုက်များ ပိတ်ဆို့နေ၍ ခြင်များ ခိုအောင်းမှုရှိနေခြင်း၊ ရပ်ကွက်အတွင်း ယင်လုံအိမ်သာ ဆောက်လုပ်မှု မရှိသလောက် နည်းပါးနေခြင်း၊ လျှပ်စစ်မီးကြိုးများကို ကြုံသလို သစ်ပင်၊ အုန်းပင်များ၌ ချိတ်ထားပြီး ပုဂ္ဂလိက လျှပ်စစ်မီးပေးသည့်ကြိုးများနှင့် ရှုပ်ထွေးရောနှော နေခြင်း စသည့် အန္တရာယ်များရှိနေကြောင်း ရပ်ကွက်နေသူများက ပြောပြသည်။**(အပေါ်ပုံ)**ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း "ရပ်ကွက်အတွင်း ကြည့်ရှုသတိပေးညွှန်ကြားမှု အားနည်းသလို ရပ်ကွက်နေသူ တချို့မှလည်း မသိလိုက်၊ မသိဘာသာနေကြတော့ မြို့အင်္ဂါရပ်နှင့် မညီဘဲ ယခုလိုဖြစ်နေရတာပေါ့"ဟု ပြောသည်။ ယနေ့အောက်ခြေရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေသူများ သူ့ကြောင့်၊ ငါ့ကြောင့် တွက်မနေကြဘဲ အသိရှိစွာဖြင့် ပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

(၅၈၇)

# သန်းခေါင်စာရင်းအကြောင်း ပညာပေးဟောပြော

**ညောင်လေးပင် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် နဘဲပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၁၀နာရီတွင်ကျင်းပရာ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နီနီဝင်းက ၂၀၁၄ ခုနှစ် မတ်လတွင် ကောက်ယူမည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ရေးနှင့် စာထောက် (၃)ဒေါ်မိုးစန္ဒာဝင်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းကို ဟောပြောကြသည်။ ယင်းနောက် ပြည်သူ့ဗဟိုပြု လုပ်ငန်းများအဖြစ် စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင် ပြသခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၆၉၂)

**မြန်ပြည်တစ်ခွင်**
**သာစေချင်**
**မီးတွင်မပေါ့နှင့်**

## အစိုးရ/စီးပွားရေးကြော်ငြာ



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သတ္တုတွင်းဝန်ကြီးဌာန
### ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
### ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၈/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၂)ရက်
(၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ နိုဝင်ဘာလ ၅ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့်ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**





### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၃)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ(CIF Yangon)ဖြင့်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | MPPE/MCY/CAP/T/3 (2013-2014) | Mobile Fuel Lab (Brand New) | 5 Sets. | USD |
| (၂) | MPPE/MCY/T/1(2013-2014) | ERW Mild Steel Line Pipes and Gate Valves | 5 Items | USD |
| (၃) | MPPE/LP/MCY/CAP/T/1(2013-2014) | Studded Anchor Chain with Shackle | 11 Lengths | Kyat |
| (၄) | MPPE/LP/MCY/CAP/T/2(2013-2014) | Toyota Towing Tractor (Brand New) For Aviation Fuel Dispenser | 4 Nos | Kyat |
| (၅) | MPPE/LP/TTS/T/1(2013-2014) | Tyre with Tube and Flap | 2 Items | Kyat |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၁၀-၂၀၁၃ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၄-၁၁-၂၀၁၃ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်- ၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**





### "ပန်းသခင်" ပညာဒါန
### စက်ချုပ်သင်တန်း

အခြေခံမှစ၍ ကျွမ်းကျင်သည်အထိ သင်ကြားပေးမည်။ ၁၈-၁၀-၂၀၁၃ရက် သင်တန်းစမည်။ သင်တန်းချိန်တစ်ချိန်လျှင် (၁၀)ဦးသာလက်ခံပါမည်။
**အမှတ်(၁၁၀၅)၊ ငွေစင်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဖုန်း-၀၉-၄၃၀၇၄၇၆၁**





### မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်။)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129,09-73216251**
- **E-mail:kyonedoe@gmail.com**

# ရေကြည်တစ်ပေါက်

**သစ်ပင်ချစ် (Env Eng)**

ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်လို့ ပြောကြပါသည်။ ရေသည် ထိုမျှလောက် လူသားများအတွက် အရေးကြီးပေသည်။ သို့သော် ရေဆိုရုံဖြင့် မပြီးသေးပေ။ ရေကောင်းရေသန့်ဖြစ်ဖို့ လိုအပ်ပေသည်။ ရေကောင်းရေသန့်ဆိုသည်မှာ ကြည်လင်နေရုံသက်သက်ဖြင့် ရေကောင်းရေသန့်ဟု မဆိုနိုင်ပေ။ ရေတွင် ပျော်ဝင်ဓာတ်ပစ္စည်း များစွာပါဝင်သည်။ အချို့ပျော်ဝင်ဓာတ်ပစ္စည်းများသည် သတ်မှတ်ထားသည့်ထက် ပါဝင်ပါက ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းစင်ကြယ်သော ရေကြည်တစ်ပေါက် သောက်ရန်ကြိုးစားရမည်။

စာရေးသူတို့နိုင်ငံသည် အပူပိုင်းရပ်ဝန်းဒေသတွင် ရှိသဖြင့် မနက်စပြီဆိုတာနှင့် အပူဒဏ်ကို အပြင်းအထန်ခံစားရသည်။ အပူဒဏ်ကြောင့် ဆုံးရှုံးသွားသော ရေဓာတ်ကို ရေသောက်ကာပြန်လည်ဖြည့်ဆည်းရသည်။ ထို့ကြောင့် ရေကောင်းရေသန့်ရရှိနိုင်မှုဟာ အရေးပါလှပေသည်။ စာရေးသူတို့နိုင်ငံတွင် ရေသယံဇာတများစွာရှိသော်လည်း လူတိုင်းရေကို လုံလောက်စွာ အသုံးမပြုနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ရေသန့်စင်ပေးသည့် အလုပ်ရုံများစွာ မရှိသေးချေ။ ရှိပြန်သော်လည်း နည်းပညာပိုင်းလက်လှမ်းမမီသေးသည့်အတွက်ကြောင့် သုတေသနအပိုင်းတွင် အားနည်းနေသေးသည်။ လက်ရှိအသုံးပြုနေသော အနှေးကျရေစစ်ခြင်းနည်းပညာသည် ရေသန့်စင်ရန် အချိန်များစွာပေးရသည်။ တစ်ခါတလေ Heavy Metal စသည့် အာဆင်းနစ်၊ ဇင့်သတ္တု၊ မာကျူရီစသည်တို့ကို မဖယ်ရှားနိုင်ချေ။ ထို့အတူ ကလိုရင်းဆေးခတ်ရာတွင် လိုအပ်သည့်ပမာဏကို သေချာတွက်ချက်ကာ ထည့်ပေးဖို့ လိုပြန်ပါသည်။ ကလိုရင်းနှင့် Natural Organic Matter (NOM) တို့ ဓာတ်ပြုကာ စွန့်ပစ်ပစ္စည်းဖြစ်သည့် (Byproducts) အနေဖြင့် ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းဖြစ်သည့် Trihalomethanes (THM)နှင့် Haloacetic Acids(HAA)ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အနှေးကျရေစစ်စနစ်တွင် နောက်ဆုံးအဆင့်ဖြစ်သည့် ကလိုရင်းဆေးခတ်ရာတွင် ရေဖြန့်ဝေပေးမည့် နယ်နိမိတ်အကွာအဝေးနှင့် မှန်ကန်သော ဆေးခတ်ဆောင်ရွက်ပေးရန်လိုအပ်ပြန်သည်။ မိုးတွင်းကာလတွင် အနှေးကျရေစစ်နည်းပညာသည် ဖယ်ရှားသန့်စင်နိုင်မှုအပိုင်းတွင် အခက်အခဲနှင့်ကြုံရသည်။ အဘယ်ကြောင့်ဆိုသော် ရေတွင်နုန်းပါဝင်မှုများကာ သဲမျက်နှာပြင်တွင် ပိတ်ဆို့မှု Headloss ဖြစ်ပေါ်ကာ ကောင်းမွန်စွာလည်ပတ်နိုင်မည်မဟုတ်ချေ။ ၎င်းပြဿနာကို ဖြေရှင်းနိုင်သည့် နည်းပညာများစွာရှိသော်လည်း သုတေသနလုပ်ဆောင်ရှာဖွေခြင်းမပြုသေးချေ။ အဆင့်မြင့် ရေစစ်နည်း နည်းပညာများဖြစ်သည့် (Membrane Technologies)ကို အသုံးပြုရန်အတွက်လည်း ငွေကြေးအားဖြင့်မတတ်နိုင်သေးချေ။ တစ်ပိုင်တစ်နိုင်အသုံးပြုခြင်းများ စတင်နေသော်လည်း ရေအရင်းအမြစ်၏ အရည်အသွေးနှင့် ကိုက်ညီမှုရှိပါက ကုန်ကျစရိတ်သက်သာသော နည်းပညာများဖြစ်ပါက ပိုမိုသင့်တော်မည်။

ယနေ့ကာလတွင် အနယ်နယ်အရပ်ရပ်တွင် Membrane Technologies များကို အသုံးပြုနေသော် အကျိုးအပြစ်နှင့် စွမ်းဆောင်နိုင်ရည်ကို ကောင်းစွာနားမလည်ဘဲ အသုံးပြုမှုကပိုများသည်။ ၎င်းနည်းပညာတွင် ရောင်းသူအနေဖြင့် အသုံးပြုသူထံ မှန်ကန်သောလမ်းညွှန်မှုပေးသည်။ အထူးသဖြင့် အဖြစ်များသော ရေစစ်မျက်နှာပြင်ပိတ်ဆို့မှု (Membrane Fouling)ကို ကာကွယ်ရန်အတွက် ကောင်းမွန်သော နည်းလမ်းများကိုလည်းကောင်း၊ ရေအရည်အသွေးနှင့် ကိုက်ညီသောရေစစ်အပေါက်အရွယ်အစား (Membrane Pore size) ကိုလည်း အသုံးပြုမှုမှန်ကန်အောင် သိရှိရန် လိုအပ်ပေသည်။ ထို့အတူအသုံးပြုသော ရေအရည်အသွေးနှင့် ကိုက်ညီပါမှ ကုန်ကျစရိတ်အပိုင်းတွင် သက်သာစေမည်။ ၎င်းနည်းပညာသည် ငွေကြေးတတ်နိုင်သူများအတွက်သာ ဖြစ်နေသည်။

စာရေးသူ လူတန်းစားမရွေးအသုံးပြုနိုင်သည့် နည်းပညာတစ်ခုကို ဖြန့်ဝေပေးချင်သည်။ စာရေးသူကိုယ်တိုင် သုတေသနလုပ်ဆောင်ရွက်ခဲ့သော နည်းပညာဖြစ်သည်။ ၎င်းနည်းပညာကို နည်းပညာလက်လှမ်းမမီသော ကျေးလက်ဒေသများ ငွေကုန်ကြေးကျသက်သာကာ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမဖြစ်စေသော အရာကို အသုံးပြု၍ ရေသန့်စင်အောင်ပြုလုပ်နိုင်ရန် အဓိကရည်ရွယ်ချက်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သော နည်းပညာဖြစ်သည်။ ရှေးပဝေသဏီကတည်းက ရေသန့်စင်ရန်အတွက် ကျောက်ချဉ်(Alum) ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။ သုတေသနရလဒ်များအရ ကျောက်ချဉ်ကို ရေသန့်စင်ရာတွင် အသုံးပြုရာ ကြွင်းကျန်ရစ်သောသတ္တု (Residual Aluminum) ကြောင့် အင်ဇိုင်းမား Izheimer ရောဂါကိုဖြစ်စေပါသည်။ ထို့အတူ ထွက်ရှိလာသော စွန့်ပစ်အနည်သည် ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြန်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ယနေ့အခါ မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုအနက် ၁၂ ခုတွင် မြေအောက်ရေ၊ မြစ်ရေ၊ ချောင်းရေများတွင် အာဆင်းနစ်ပါဝင်မှုပမာဏ 10µg/L သတ်မှတ်ပမာဏထက် ကျော်လွန်နေသည်ဟု ၂၀၀၅ခုနှစ်က WHO သုတေသနစာတမ်းတွင်ဖော်ပြထားသည်။ တခြားတခြားသော ဓာတ်ပစ္စည်းများလည်း သတ်မှတ်ပမာဏထက် ကျော်လွန်ခြင်း ရှိ၊ မရှိကို သုတေသနဆက်လက်ပြုကာ အကောင်းဆုံးသော ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေသင့်သည်။



ကျေးလက်အညာဒေသများတွင် မြစ်ရေ၊ ချောင်းရေ၊ တွင်းရေများကို အသုံးပြုကြသလို မိုးရေများကိုလည်း ကန်အတွင်းသိုလှောင်ကာ အသုံးပြုကြသည်။ သန့်စင်ခြင်းမပြုဘဲ ရှေးကတည်းက အသုံးပြုလာခဲ့သော်လည်း ယနေ့အခါတွင် စက်ရုံအလုပ်ရုံများ၏စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် မြေထု၊ လေထု၊ ရေထုသည် ညစ်ညမ်းလာခဲ့သည်။ ထို့ကြောင့် သောက်သုံးရေများတွင် နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းထက် ကျော်လွန်ကာ ညစ်ညမ်းနေသည်။ မသန့်စင်ဘဲ အသုံးပြုနေပါက ရေရှည်တွင် ကင်ဆာရောဂါအထိ ဖြစ်ပွားနိုင်သည်။

စာရေးသူတင်ပြပေးချင်သည့်အရာက ဒန့်သလွန်သီးအဆန်ဖြင့် ရေသန့်စင်အောင် ပြုလုပ်ခြင်းဖြစ်သည်။ ဒန့်သလွန်သီးတွင် ရေတွင်ပျော်ဝင်နိုင်သော ပရိုတင်း ၃၆ဒသမ ၇ ရာခိုင်နှုန်းပါဝင်သည်။ ၎င်းပရိုတင်းသည် ရေတွင်ပါဝင်သည့် အနည်၊ အရောင်တို့ကို ၉၉ ရာခိုင်နှုန်းထိဖယ်ရှားပေးနိုင်သလို Heavy Metal များဖြစ်သည့် အာဆင်းနစ်၊ ဇင့်သတ္တု၊ မာကျူရီ(ပြဒါး)၊ ကနေဒီယန်၊ သံဓာတ်၊ ကြေးနီစသည့် လူကို ဒုက္ခပေးသည့်အရာများကို ဖယ်ရှားပေးနိုင်သည်။ အထူးသဖြင့် တွေ့ရှိမှုများသည့် အာဆင်နစ် (III)ကို ၆၀ ရာခိုင်နှုန်းထိဖယ်ရှားနိုင်သလို အာဆင်းနစ် (V) ကို ၈၀ ရာခိုင်နှုန်းထိ ဖယ်ရှားပေးနိုင်သည်။ ထို့အတူ ရေတွင်ပါဝင်သည့် Coliforms ကို ၉၀-၉၉ဒသမ၉၉ ရာခိုင်နှုန်းထိလည်းကောင်း E.colia ကို ၉၇ ရာခိုင်နှုန်းထိလည်းကောင်း ဖယ်ရှားပေးနိုင်သည်။ သို့သော် ဒန့်သလွန်သီးတွင်ပါဝင်သည့် ပရိုးတင်းကြောင့် သန့်စင်ပြီးရေတွင် Dissolved Organic Carbon (DOC) ဟာ အနည်းငယ်မြင့်တက်လာခဲ့သည်။ DOC ကြောင့် အကျိုးသက်ရောက်စေတာကတော့ ရက်အနည်းငယ်သိုလှောင်ထားပါက အနံ့နှင့်အရသာ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် နေ့ချင်းသန့်နေ့ချင်းသုံးစနစ် Point of Use (POU) အတွက် အထူးသင့်လျော်သည်။ ရက်အကြာကြီး သိုလှောင်ထားချင်ပါမူ သန့်စင်ပြီးသောရေကို အနှေးကျရေစစ်နည်းဖြစ်သည့် သဲနှင့် ဘဲဥကျောက်များ တစ်လွှာချင်းခံကာ ထပ်မံသန့်စင်ပေးနိုင်သည်။ နောက်တစ်နည်းထပ်မံ ရှိပြန်သေးသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ဒန့်သလွန်သီးတွင် ပါဝင်သည့် ပရိုတင်းသည် ရေတွင်ပါရှိသည့် အညစ်ကြေးများကို (Adsorption) ဖမ်းချုပ်ကြိတ်ကာ သုည ဒသမ ၈၆ µm (ကော်ဖီအမှုန့်စစ်သည့်ဆန်ခါအရွယ်) ဆန်ခါဖြင့် အမှုန့်ကိုရယူပါ။ ရှိလာသော အမှုန့် ၂ ဂရမ် ( အစေ့ ၂၀ ခန့် ထောင်းရသည့် အမှုန့်) နှင့် ဆား ၁၁ ဒသမ ၆၈ ဂရမ် (လက်ဖက်ရည်ဇွန်းသုံးဇွန်းခန့်) ကို ရေ ၁၀၀ လီတာနှင့် အတူ ခွက်ထဲထည့်ကာ မိနစ် ၃၀ ခန့်မွှေပေးပါ။ ထို့နောက် ရေစစ်ဖြင့် ရေတွင်မပျော်ဝင်သော ပရိုတင်းများကို စစ်ထုတ်လိုက်ပါ။ ရရှိသောအရည်သည် ရေသန့်စင်ရာတွင် အသုံးပြုနိုင်မည်။ ၅ ml ( ဇွန်းကြီး နှစ်ဇွန်းခွဲ)သည် ရေ ၂ လီတာကို သန့်စင်ပေးနိုင်သည်။ မိမိသန့်စင်လိုသည့် ပမာဏကိုလိုက်၍ တွက်ချက်ထည့်ကာ အသုံးပြုနိုင်သည်။

၅ ml (ဇွန်းကြီးနှစ်ဇွန်းခွဲ)ကို ရေ ၂ လီတာ (ရေသန့်ဘူးနှစ်ဘူး)အတွင်းထည့်ကာ သစ်သားယောက်မဖြင့် မိနစ် ၃၀ ခန့်ဖြည်းညင်းစွာမွှေပေးပါ။ ထို့နောက် တစ်နာရီလောက်အနည်ကျပါစေ။ ရေသန့်ပြီးထွက်ရှိလာသော စွန့်ပစ်အနည်ကို သစ်ပင်ကိုဓာတ်မြေဩဇာအနေဖြင့် ကျွေးနိုင်ပါသေးသည်။ ဒန့်သလွန်သီးတွင် သစ်ပင်ကိုအားဖြည့်ပေးသော ဟော်မုန်း Zeatin ပါဝင်သောကြောင့်ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် ဒန့်သလွန်သီးပင်ကို လွယ်လင့်တကူ ရှာဖွေတွေ့ရှိနိုင်သောကြောင့် ငွေကြေးအကုန်အကျသက်သာကာ ပတ်ဝန်းကျင်အတွက် အထောက်အကူပြုသောကြောင့် တစ်ကြိမ်လောက် စမ်းသုံးကြည့်ဖို့ တိုက်တွန်းလိုက်ရပါသည်။ ။

## စီးပွားရေးကြော်ငြာ

**ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ**
**စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင်**
**အောက်တိုဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်**
"Strategic Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၂၁-၁၀-၂၀၁၃ မှ ၁-၁၁-၂၀၁၃
(ညနေပိုင်း ၁၀ ရက် သင်တန်း)
သင်တန်းကြေး - ၄၅၀၀၀ (ကျပ်လေးသောင်းငါးထောင်တိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည် ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)**
**ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆**



**၈ တန် ~ ၁၀ တန်**
**လမ်းကြိတ်စက် ရောင်း/ငှား**
ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂



# ဝမ်းမြောက်ဝမ်းသာရွှင်ပြုံး သာဓုခေါ် ဆိုခြင်း

ဆရာတော်ဓမ္မာရုံသာသနာ

# မင်္ဂလာ

# ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၁၁၆၇)အမည်ပေါက် ဦးအောင်မင်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူဒေါ်အေးအေးသင်း [၁၃/နခတ(နိုင်)၀၀၃၂၁၇]မှ မြေကွက်စလစ်(မူရင်း) ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

ပြည်လမ်းနှင့်အင်းလျားလမ်းထောင့်၊ အင်းလျားကန်ဘောင်တွင် အောင်မြင်စွာ ဖွင့်လှစ်လိုက်တဲ့ ကိုကံချွန်-မရွှေသန်းတို့၏ အရသာရှိလှသောဟင်းလျာများချက်ပြုတ်နိုင်တဲ့ "HUNAN KITCHEN" စားသောက်ဆိုင်ကြီးကို အစဉ်အမြဲတိုးတက်ကြီးထွားပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘိုးဘိုး - ဦးမောင်စိန်

ဘွားဘွား - လင်(စ်)ကွေးအိန်

- M.M.T Money Changer၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဖုန်း-၀၁-၃၈၀၂၉၄
- Myanmar Golden Image Travel & Tours, No.13, ပဒုမ္မာလမ်း၊ စမ်းချောင်း၊ ဖုန်း-၀၁-၅၁၀၃၅၈
- ဦးကျော်ဝင်း(MDY)၊ Dr. ထွန်းဦး၊ Dr. ကျော်ဦး၊ ကိုကျော်ရွှေ(သံတွဲ)

## လှိုင်ထိပ်တင်ပိုးထည် မှ သီတင်းကျွတ်လပြည့်နေ့ကို ကြိုဆိုလိုက်သော

## ချိတ်ပွဲတော်

## လှိုင်ထိပ်တင်ပိုးထည်ဆိုင်၌ ဝယ်ယူအားပေးကြသော

## မြန်မာ့ရိုးရာ ချိတ်မြတ်နိုးသူ

## Customers များအတွက် အထူးအစီအစဉ်

- ပိုးစစ် လွန်းရာကျော်ချိတ်(၁)ထည်ဝယ်ယူသူတိုင်းအတွက် ၂၀% Discount ခံစားခွင့်
- ပိုးဖဲချိတ်(၁)ထည်ဝယ်ယူသူတိုင်းအတွက် ၁၅% Discount ခံစားခွင့်
- ကွန်ပျူတာပန်းထိုးချိတ်(၁)ထည်ဝယ်ယူသူတိုင်းအတွက် ၅%မှ၁၀% Discount ခံစားခွင့်ပေးသွားမည်ဖြစ်ပါသဖြင့် လှိုင်ထိပ်တင်ရဲ့ချိတ်ပွဲတော်မှာ ပျော်ပျော်ပါးပါးဈေးဝယ်ထွက်ကြရအောင်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၉-၁၀-၂၀၁၃ရက်(စနေနေ့)မှ<br>၂၀-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)အထိ |
| ကျင်းပမည့်အချိန် | - | နံနက် ၉ နာရီမှ ည ၉နာရီအထိ |
| ကျင်းပမည့်နေရာ | - | အမှတ်(၁၁၉၊ B)၊ ၁၅လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။<br>(မဟာဗန္ဓုလလမ်းမှ ကားဝင်ရန်) |

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၆၇၄၈၀၊ ၀၁-၂၁၆၆၅၁၊ ၀၁-၂၂၄၈၀၅**





# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

( ခ ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား ပြသနိုင်ရမည်။

( င ) မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရသူများ၊ပါရဂူဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်သည်။

( စ ) အသက်သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ၊ မဟာဘွဲ့ရထားသူများအနေဖြင့် အသက်(၂၇)နှစ်အထိလည်းကောင်း၊ပါရဂူဘွဲ့ရထားသူများ အနေဖြင့် အသက်(၃၀)နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဆ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့်ဖြင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရသူ၊ ပါရဂူဘွဲ့ရသူများသည် ဗိုလ်အဆင့်ဖြင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဇ ) သက်ဆိုင်ရာတက္ကသိုလ်မှ ဘွဲ့ရအမှတ်စာရင်းပါရှိရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာများကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး နိုဝင်ဘာလ(၁၇)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## သမီးလေးပိုးသံစဥ်ခန့်၏ မွေးနေ့ဆုတောင်းလွှာ

ချစ်သမီးလေး ပိုးသံစဥ်ခန့်ရဲ့ ရက်(၁၀၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနဲ့အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ရာသက်ပန် ပိုင်ဆိုင်နိုင်ပါစေ။

**ဘိုးဘိုး ဦးအေးမင်း - ဘွားဘွား ဒေါ်သင်းသင်းမြတ်**
**(KAM ခေတ်မှီ စိန်ရွှေပုလဲ ကျောက်ရောင်းဝယ်ရေး)**
**ဖေဖေ ဗိုလ်ကြီးကျော်ထူးခန့် - မေမေ ဒေါ်လှိုင်လှိုင်သင်း**
**(KAM ရွှေဆိုင်)**
**တီတီငယ် - နွယ်နီသင်း (Final year- English)**
**တီတီလေး - သီရိယမင်းအောင် (Grade-8)**

## ခြံမြေရောင်းမည်

ပဲခူးမြို့ ၁၀ မိုင်ကုန်း
(ထန်ပင်ချောင်)ရှိ၊
ဥယျာဉ်ခြံမြေ ရောင်းမည်။
(၁၂၅သိန်း/ဧက)
ဖုန်း-၀၉-၄၂၀၀၃၂၉၀၆
၀၉- ၄၂၀၀၄၇၅၃၂

## မြန်မာ့မီးရထားရန်ကုန်မြို့ပတ်တွဲဆိုင်းများ၌ ကြော်ငြာတပ်ဆင်ဆောင်ရွက်ရန်အတွက် လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအား တင်ဒါဖိတ်ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ ရန်ကုန်မြို့ပတ်၌ပြေးဆွဲလျက်ရှိသည့် ရထားတွဲဆိုင်းများတွင် ကြော်ငြာတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်ပါမည်။

၂။ ဖော်ပြပါတင်ဒါအတွက် စည်းကမ်းချက်၊ တင်ဒါအဆိုပြုလွှာပုံစံများကို(၁)စုံလျှင် ကျပ်(၁၀၀၀၀ိ/-)ဖြင့် ၁၈-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး၌ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံအဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာကို စာအိတ်(ခ)ဖြင့်လည်းကောင်း ပြည့်စုံစွာဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)သို့ ၂၅-၁၀-၂၀၁၃ရက် ၁၂နာရီနောက်ဆုံးထား ပေးပို့သွားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)ရန်ကုန်၊ ဖုန်း-၀၁-၃၉၃၄၂၈၊ ၇၀၄၇၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၅၈၁/က)၊ မြေကွက်တည်နေရာအမှတ်(၅၈၁/က)၊ ဇာနည်(၁၁)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်မိုး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မိုးနှင့် ခင်ပွန်းဦးကြည်မောင်ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်မိုး[၁၂/ဥကတ(နိုင်)၁၅၇၃၂၈]၊ ဦးမောင်မောင်ဝင်း[၁၂/ဥကတ(နိုင်)၁၄၄၇၂၁]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၆၆၅၀(၃၀-၄-၁၃) ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်အေးအေးမွန်[၁၂/မဂတ(နိုင်)၀၁၀၈၃၄]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၅၂၃ (၆-၉-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် (၅၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၅၇)၊ အောင်ဇေယျလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သယ်န်းကျွန်း ဦးစံချိန်[၁၂/သဃက(နိုင်)၀၈၉၈၉၀] အမည်ပေါက် နှစ် (၆၀)ဂရန် မြေအား အမည်ပေါက် ဦးစံချိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကြိုင်[၁၂/သဃက(နိုင်)၀၈၉၈၉၁]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP No. 15181( 23-8-2013)ရသူ ဒေါ်မြင့်မြင့်သန်း[၁၂/သဃက(နိုင်)၀၈၆၅၆၆]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄၅)ပထမထပ်/ B(ခြေရင်းခန်း) တိုက်ခန်းကို တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားရှိ၍ ရောင်းချပိုင်ခွင့် ရှိသူဟုဆိုသော ဒေါ်ခင်မာထွေး [၉/ကပတ(နိုင်)၀၀၂၁၇၀]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးပြည်စိုးအောင်**
**[၁၂/သဃက(နိုင်)၀၆၁၇၃၇]**
**ဖုန်း-၀၉-၅၁၂၂၅၈၂**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းဇံ

## အသက်(၈၅)နှစ်

သမဝါယမဘဏ်လီမိတက်(PLC) ဒုတိယဥက္ကဋ္ဌ(၂)ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူ ဒါရိုက်တာဦးကျင်မင်း-ဒေါ်မီမီလှိုင်တို့၏ဖခင် ဦးသိန်းဇံ အသက်(၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃ (စနေနေ့)နံနက်၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ကေတုမတီကုမ္ပဏီနှင့်ထက်အာကာကျော်**

**သမဝါယမအသင်းစုလီမိတက်ဝန်ထမ်းမိသားစု**




## ဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းဇံ(ခ)ငန်ပိန်းချန်

### အသက်(၈၅)နှစ်

**(နေပြည်တော်၊ ပျဉ်းမနား)**

CB Bank ဒုဥက္ကဋ္ဌ ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူတို့၏ဖခင်၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း ဦးသိန်းဇံ(ခ)ငန်ပိန်းချန်(ပျဉ်းမနားမြို့၊ ကြန့်တိတ်ဘုံကျောင်း ဥက္ကဋ္ဌဟောင်း)သည် ၁၂-၁၀-၂၀၁၃ (စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Kangen-Kenko (Myanmar)Co.,Ltd**

**မန်နေဂျာနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းဇံ(ခ)ငန်ပိန်းချန်

### အသက်(၈၅)နှစ်

**(နေပြည်တော်၊ ပျဉ်းမနား)**

CB Bank ဒုဥက္ကဋ္ဌ ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူတို့၏ဖခင်၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း ဦးသိန်းဇံ(ခ)ငန်ပိန်းချန်(ပျဉ်းမနားမြို့၊ ကြန့်တိတ်ဘုံကျောင်း ဥက္ကဋ္ဌဟောင်း) သည် ၁၂-၁၀-၂၀၁၃(စနေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Eden Palace Hotel**

**ဒါရိုက်တာနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းဇံ(ခ)ငန်ပိန်းချန်

### အသက်(၈၅)နှစ်

**(နေပြည်တော်-ပျဉ်းမနား)**

ရန်ကုန်တိုင်းဒေသကြီး၊ ငုရွှေဝါကုမ္ပဏီလီမိတက်၊ နီပွန်ခေါက်ဆွဲစက် MD ဦးကျင်မင်း-ဒေါ်မီမီလှိုင်နှင့် ညီနောင်တော်များဖြစ်ကြသော BOD အဖွဲ့၏ဖခင်၊ ရန်ကုန်မြို့၊ သုဝဏ္ဏရပ်ကွက်နေ မိခင်ဒေါ်ခင်ကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းဇံ(ခ)ငန်ပိန်းချန်သည် ၁၂-၁၀-၂၀၁၃ ရက် နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နီပွန်ခေါက်ဆွဲစက်ဝန်ထမ်းများ**

**ငုရွှေဝါကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)(၅၃)နှစ်

**ရေကြောင်းပြမှူးကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**D.S.A အမှတ်စဉ်(၂၃)**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ လုံးသွယ်(၂)လမ်း၊ အမှတ်(၁၄၅)နေ ဒေါ်အေးကျော့ခိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ကျော်ထက်[(B.E.Mech)JE] (မြန်မာ့ကြယ်ငါးပွင့်)၊ မောင်ငြိမ်းထက်အောင်(4th Year,Ns ရေကြောင်းပညာတက္ကသိုလ်)တို့၏ချစ်လှစွာသောဖခင်သည် ၁၂-၁၀-၂၀၁၃(စနေနေ့) နံနက်၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**သုဝဏ္ဏကွင်းလမ်းလျှောက်အဖွဲ့.**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးမြင့်ကို(ငြိမ်း)

### အသက်(၅၇)နှစ်

**အတွင်းရေးမှူး(ငါန်းဇွန်မြို့နယ်အသင်း၊ ရန်ကုန်)**

ဒေါ်ကြည်ကြည်သိန်း၏ ခင်ပွန်း ငါန်းဇွန်မြို့နယ်အသင်း(ရန်ကုန်)၏အလုပ်အမှုဆောင် (အတွင်းရေးမှူး) ဗိုလ်ကြီးမြင့်ကို(ငြိမ်း) အသက်(၅၇)နှစ်သည် ၁၂-၁၀-၂၀၁၃(စနေနေ့) ညနေ (၃း၂၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့်မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငါန်းဇွန်မြို့နယ်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးမြင့်ကို(ငြိမ်း)

### အသက်(၅၇)နှစ်

ဒေါ်ကြည်ကြည်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ မအိမ့်ဖြိုးပိုင်၊ မဝေဖြိုးပိုင်တို့၏ ဖခင် ဗိုလ်ကြီးမြင့်ကို(ငြိမ်း)သည် ၁၂-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**"၅၃"အပတ်စဉ်(၅) အင်ဂျင်နီယာ**

**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စိန်စိန်

### အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)သည် ၆-၁၀-၂၀၁၃ရက် နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ချင်းတွင်းငွေဇင်ယော်ဆောက်လုပ်ရေးကုမ္ပဏီ၊ မုံရွာမြို့**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးလှကျော်

### အသက်(၇၆)နှစ်

မော်လမြိုင်မြို့နေဦးဌေးအောင်-ဒေါ်သီတာဆွေ(King Director)၏ဖခင် ဦးလှကျော် သည် ၁၂-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း

အမှတ်(၁၉)၊ အနော်မာ(၁၈)လမ်းအနောက်၊ သာကေတမြို့နယ်၊ အလျားxအနံ ပေ(၁၀x၆၀) နှစ်(၆၀)မြေဂရန် ဦးစိန်လွင်အမည်ပေါက်အား ဝယ်ယူရာတွင် တချို့တစ်ဝက်စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေအကျေမပေးချေမီ ကာလအတွင်း ဤအိမ်ခြံမြေနှင့် ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ တစ်လအတွင်း ကန့်ကွက်နိုင်ပါကြောင်း။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဦးလှဦး[၁၂/သကတ(နိုင်)၁၃၄၆၀၀]**

**အမှတ်(၁၁၈၆)၊ တိုးချဲ့(၂)လမ်း၊ (၂)မြောက်ရပ်ကွက်၊ သာကေတ**

## ဖိတ်ကြားခြင်း

တေဇကျောင်းဆင်း ညီအစ်ကိုများ၏ (၂၃)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကျောင်းဆင်းညီအစ်ကိုများအားလုံး စုံစုံညီညီ တက်ရောက် ချီးမြှင့်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) နေ့ရက် - ၂၀-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

(ခ) အချိန် - နံနက် ၆း၀၀ နာရီ

(ဂ) နေရာ - တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## အထက(ကော့မှူးမြို့)

## (န၀မ)အကြိမ် မြတ်ဆရာပူဇော်ပွဲ

အထက်ပါမြတ်ဆရာပူဇော်ပွဲအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၉ရက် (တနင်္ဂနွေနေ့)တွင် အခြေခံပညာအထက်တန်းကျောင်း (ကော့မှူး)၌ကျင်းပမည်ဖြစ်ပါသဖြင့် ပညာသင်ကြားပြသခဲ့သော အသက်(၆၀)နှစ်အထက် ဆရာ၊ ဆရာမ(ဟောင်း)များမှ ဆက်သွယ်ပေးကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူ(ဟောင်းများ)အနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်အကြောင်းကြား လှူဒါန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | ဦးမြသိန်း(ဗိုလ်တထောင်) | ၀၁-၂၄၅၄၆၅ |
| (၂) | ဦးမောင်မြင့်(ရေကျော်) | ၀၁-၂၉၅၅၂၁ |
| (၃) | ဦးအေးသောင်း(သန်လျင်) | ၀၅၆-၂၁၂၅၂ |
| (၄) | ဒေါ်အေးမြင့်(ကော့မှူး) | ၀၁-၂၆၄၁၅၈ |
| (၅) | ဦးမောင်မောင်ဦး(ကော့မှူး) | ၀၉-၄၉၃၁၈၇၇၉ |
| (၆) | ဦးရွှေဘော်(ကော့မှူး) | ၀၉-၄၉၂၆၅၀၂၀ |
| (၇) | ဒေါ်ခင်ဆွေမြင့်(တာမွေ) | ၀၉-၅၁၂၅၄၆၂ |
| (၈) | ဦးမျိုးဇော်ဦး(ကျောက်တံတား) | ၀၉-၅၁၉၅၅၉၅ |

## တအာင်း(ပလောင်)မိသားစုပဉ္စမအကြိမ်မြောက်

## သီတင်းကျွတ်ဆွမ်းကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်ရောက် တအာင်း(ပလောင်)မိသားစုများ၊ နမ့်ဆန်သူ/သားများ၊ ရဟန်း/ ကျောင်းဒါယကာ/ဒါယိကာမများ၊ အလှူရှင်များအားလုံးစုပေါင်း၍ ၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)၊ ၁၉-၁၀-၂၀၁၃(စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ်၊ ဝဲပုံတိုက်၊ ငါးထပ်ကြီးဘုရားလမ်း(ကင်းဘဲလမ်း)၊ သာသနာ့ရောင်ခြည်ဦး (နမ့်ခမ်း)ကျောင်းနှင့် ပြည်လုံးချမ်းသာကျောင်း (နမ့်ဆန်)ကျောင်း (၂)ကျောင်းပေါင်း၍ ပြည်လုံးချမ်းသာ(နမ့်ဆန်)ကျောင်း၌ ဆွမ်း၊ သင်္ကန်း၊လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ပါ၍သင်္ကန်းတစ်စုံလျှင် (၅၀၀၀ိ/-) ကျပ်နှုန်းဖြင့် ဖုန်း-၅၅၆၇၂၄သို့ ဆက်သွယ်လှူဒါန်းပြီး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြည်ကြည်သိန်း၏ ခင်ပွန်း ဗိုလ်ကြီးမြင့်ကို(ငြိမ်း) သည် ၁၂-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်နိုင်သန်း-ဒေါ်ခင်စန်းရီ**



**မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်**

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၈၃၃)အမည်ပေါက် ဦးမျိုးနိုင်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးဉာဏ်လင်း[၇/တငန(နိုင်)၀၀၂၂၂၈] မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**



## လူပျောက်ကြော်ငြာ

အထက်ဖော်ပြပါဓာတ်ပုံရှင် ဦးသန့်ဇင်-ဒေါ်စန္ဒာမိုးတို့၏သားဖြစ်သူ အသက်(၁၀)နှစ်ရှိ မောင်အောင်ချစ်ဖြိုးသည် ၁-၁၀-၂၀၁၃ရက်နေ့ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ အကြောင်းကြားပေးသူအားကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၅၀၁၇၂၇၄၊**

**၀၉-၇၃၀၅၁၉၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁အက်ဖ်၊ မြေကွက်အမှတ် ပဉ္စမတန်းစား ၃၄၊ မြေကွက်တည်နေရာ အမှတ်-၁၁၈၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်ခင်ခင်သန်း၊ ဒေါ်နုနုယဉ်၊ ဒေါ်အေးအေးသိန်း၊ ဒေါ်ခင်ခင်ဝင်း)အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်) မြေအား အမည်ပေါက်(၄)ဦးအနက် ဒေါ်နုနုယဉ်ကွယ်လွန်သဖြင့် ဦးလှမင်း[၁၂/မဂတ(နိုင်)၀၆၄၈၉၉]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်များ ဒေါ်ခင်ခင်သန်း၊ ဒေါ်အေးအေးသိန်း၊ ဒေါ်ခင်ခင်ဝင်းတို့နှင့် ပူးတွဲ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဟန်ရွှေ(ခ)လျောင်ချင်းဟွမ်

### နန်ယန်ကျောင်းသားဟောင်း

### အသက်(၈၃)နှစ်

ဦးထွန်းလွင် (Managing Director, Shwe Me Co., Ltd.)-ဒေါက်တာယဉ်ယဉ်လှတို့၏ဖခင် ဦးဟန်ရွှေ(ခ) လျောင်ချင်းဟွမ်သည် ၃-၁၀-၂၀၁၃ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်တကွ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲမြင့်**

**Asia Myint Group Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

သူရဦးအောင်ကို(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်မြင့်မြင့်ရီတို့၏ မိခင် ဒေါ်စိန်စိန်သည် ၁၄-၁၀-၂၀၁၃ (တနင်္လာနေ့)နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရဦးမြင့်မောင်နှင့် ဇနီး ဒေါ်အေးအေးထွန်း**
**ဗဟိုအလုပ်အမှုဆောင်**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအေးမြင့် (၅၃)နှစ်
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(အင်းစိန်မြို့နယ်)**
**ဗဟိုကော်မတီဝင်**
**ရန်ကုန်တိုင်းဒေသကြီး ပါတီအတွင်းရေးမှူး**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး ပါတီအတွင်းရေးမှူး ဦးအေးမြင့် အသက်(၅၃)နှစ်သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
### ဦးသိန်းဇံ(ခ)ငန်ပိန်းချန်
### အသက်(၈၅)နှစ်
**နေပြည်တော်၊ ပျဉ်းမနားမြို့**
**ပျဉ်းမနားမြို့ ကြန့်တိတ်ဘုံကျောင်းဥက္ကဋ္ဌဟောင်း**

ဦးကိုကြီး (Hein Si Co., Ltd.)-ဒေါ်စန်းစန်းမြင့်၊ ဦးကိုလေး(MAXXIS TIRE, Hein Si Co., Ltd.)-ဒေါ်ခင်ခင်ဆွေတို့၏ ချစ်လှစွာသောဖခင် ဦးသိန်းဇံ(ခ)ငန်ပိန်းချန် အသက်(၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာ ဦးစိုးသိန်းနှင့် ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူး၊**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)
### အသက်(၅၃)နှစ်
**D.S.A အမှတ်စဉ်(၂၃)၊ ရေကြောင်းပြမှူးကြီး**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ငယ်စဉ်ကတည်းက တစ်မိုးအောက်မှာ အတူနေထိုင်ခဲ့ကြရင်း အခက်အခဲများ၊ ပျော်ရွှင်မှုများကို လက်တွဲရင်ဆိုင်ခံစားမျှဝေခဲ့ကြရတဲ့ ချစ်ရတဲ့ မအေးရဲ့ ကိုအောင် သန်းတစ်ယောက် အခုလို စောစီးစွာခွဲခွာသွားခဲ့တာကို မအေးနဲ့ ထပ်တူထပ်မျှ ရင်နင့်စွာ ကြေကွဲဝမ်းနည်းနေမြာတသရပါတယ်။

**ချစ်သူငယ်ချင်းများ**
**မ Mandy ၊ စန္ဒီ၊ ယင်းမာ၊ ခိုင်နှင်းအောင်**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဒေါ်ခင်သန်း(ခ)မရ်ယမ်ဘေဂွမ်းအစ္စဖဟာနီ
### အသက်(၉၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄၈)၊ (၃၁)လမ်း၊ ပထမထပ်နေ (ဆရာ်မဟ်ဒီအစ္စဖဟာနီ-ဟာဂျီခါနွမ်)တို့၏သမီး၊ [မရ်ဇာမိုဟမ်မဒ်ဟိုစိုင်းဘင်ဒါနီးမ်(ခ)ဦးမောင်စိန်(နေတံဆိပ်ဆေးတိုက်ပိုင်ရှင်၊ ရွှေမျက်မှန်စတိုး၊ ခရမ်း)]၏ ချစ်လှစွာသောဇနီး၊ စကီနာရှိရာဇီ-ပရ်ဝီးဇ်ရှိရာဇီ(ခေတ္တ-ဩစတြေးလျ)၊ ဇဟ်ရာစွလ်တန်ဘင်ဒါနီးမ်၊ (မာစူမာစွလ်တန်ဘင်ဒါနီးမ်)၊ မရ်ဇာမဟ်ဒီဘင်ဒါနီးမ်၊ ခူရ်ရှိဒ်စွလ်တန်ဘင်ဒါနီးမ်-မိုဟမ်မဒ်အလီမရ်ှဟဒီတို့၏ ချစ်လှစွာသောမိခင်၊ နာဇနီးန်ရှိရာဇီ-အေဂျားဇ်ရှိရာဇီ(ခေတ္တ-ဩစတြေးလျ)၊ ဟိုစိုင်းအလီမရ်ှဟဒီ(ခ)ဦးမိုးမင်းအောင်(လက်ထောက်ကျောင်းအုပ်၊ BIS International School)တို့၏ ချစ်လှစွာသောအဘွား၊ အန်နွယ်ရ်ရှိရာဇီ(ခေတ္တ-ဩစတြေးလျ)၏ အဘွားသည် ၁၄-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးမဂိုရှိအာဟ်မက္ကဘရာ၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ**
### ဦးမောင်မြင့်(၇၁)နှစ်
**(ဒေးဒရဲ)**

ရန်ကုန်မြို့၊ (၁၃၉)လမ်း၊ အမှတ်(၂၅-A)နေ (ဦးမောင်ဆိုင်-ဒေါ်တင်ကြည်)တို့၏ ဒုတိယသား၊ (ဦးမောင်ကင်း)-ဒေါ်ညွန့်(အေးမြချမ်းသာပွဲရုံ၊ ဘုရင့်နောင်)တို့၏ညီ၊ ဦးစန်းမောင်-ဒေါ်အေးငြိမ်း၊ဦးမြအောင်၊ဒေါ်ကျင်မွှေး၊ (ဒေါ်ကျင်ငွေး)တို့၏ အစ်ကို ဦးမောင်မြင့်သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၃ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတင့်ဆွေ(အင်းစိန်) (၇၉)နှစ်
**အလုပ်ရုံခွဲမှူး(ငြိမ်း)သံမဏိစက်ရုံ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဇေယျ၊ အောင်သစ္စာလမ်းသွယ်၊ အမှတ်(၁၁၈)နေ (ဦးဘရှင်-ဒေါ်မေ)တို့၏သား၊ ဒေါ်စောရီ(ခ)ဒေါ်ရီ၏ခင်ပွန်း၊ ဒေါ်ခင်ဆွေဦး၊ ဦးအောင်ဆွေဦး-ဒေါ်အေးအေးနိုင်(ခ) ဒေါ်အေးမီ၊ ဦးဝင်းမြင့်မောင်-ဒေါ်ခိုင်ဆွေဦး၊ ဦးအေးဆွေဦး၊ ဦးအုံ့ဆွေဦး-ဒေါ်သီတာထွန်း၊ ဦးသိန်းဇော်-ဒေါ်ငွေးဆွေဦး၊ ဦးကျော်ဆွေဦးတို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၁၅-၁၀-၂၀၁၃ ရက် နံနက် ၁၁း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၃ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၃(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
### ဒေါ်လုံး(ခ)ဒေါ်ငွေနု
### အသက်(၁၀၀)
**(ကျိုက်ထို)**

သထုံမြို့နေ(ဦးထွန်းကျော်-ဒေါ်ဖေ)တို့၏သမီး၊ ကျိုက်ထိုမြို့၊ တောင်ပိုင်း၊ မာလာလမ်းနေ (ဦးမောင်ဖေ)၏ ဇနီး၊ ဦးတင်ယု-(ဒေါ်မြသန်း)၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၁)၊ စပယ်လမ်းနေ [ဦးလှမြင့် (MOGE)]-ဒေါ်နွယ်နွယ်ရီတို့၏ မိခင်၊ ဦးမြင့်စိုး-ဒေါ်ရှုခင်၊ ဦးဇော်ဝင်းနိုင်-ဒေါ်ခင်ခင်၊ ဦးမျိုးညီညီလွင်-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်နိုင်ဝင်း-ဒေါ်နှင်းသဇင်မြင့်၊ ဦးမျိုးမင်းထက်-ဒေါက်တာချိုစန္ဒာမြင့်၊ ဒေါ်ခင်သူဇာမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးအောင်သန်းလှိုင်-ဒေါ်ကေဇာသော်တို့၏ အဘွား၊ မြစ် ၁၄ ယောက်၊တီတစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၁၀-၂၀၁၃ ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
### ဒေါ်ကောက်(၈၆)နှစ်
**(စလေ)**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပြောင်းခင်းမြောက်ရွာ၊ ကျောင်းထိုင်ဆရာတော် ဓမ္မာစရိယ ဦးသောဘိတ၏ ရဟန်းအမိ၊ စလေမြို့၊ မြို့မရပ်နေ (ဦးညဏ်စိန်-ဒေါ်ခွေး)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၅၇-A)၊ ပုလဲလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာနေ (ဦးဟန်ကီ)ဇနီး၊ ရန်ကုန်မြို့၊ (၅၄)လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဦးဝင်းလွင်-ဒေါ်ပြုံးတို့၏ အစ်မ၊ ဦးဝင်းကြည်-ဒေါ်ခင်ဝီ (မိဘဂုဏ်ရောင်ပွဲရုံ)၊ ဦးထွန်းဝင်း-ဒေါ်ခင်ဝင်း (မြမေတ္တာမွှန်စက်သုံးဆီအရောင်းဆိုင်ခွဲ၊ ဆိပ်ဖြူမြို့)၊ ဦးသန်းငွေး-(ဒေါ်ခင်ကြူ) (Blassom Preschool and Language Centre)၊ ဒေါ်ခင်လေးလေး (ကျောက်မျက်ပြတိုက်) တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၄-၁၀-၂၀၁၃(တနင်္လာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
### ဒေါ်အုံးပွင့်(၈၃)နှစ်
**(ညောင်ကန်အေးယောဂီ)**
**(မြစ်ကြီးနား)**

ရန်ကင်းမြို့နယ်၊ တိုက်(၂၀၄)၊ အခန်း(၈)၊(၃)ရပ်ကွက်၊ ရန်ရှင်းလမ်းနေ (ဦးရွှက်ဆိုင်-ဒေါ်အိမ်) တို့၏သမီး၊ (ဦးခင်)၏ ချစ်လှစွာသောဇနီး၊ ဦးလှသောင်း-ဒေါ်သန်းတို့၏ညီမ၊ ဦးအေးကို-ဒေါ်ရွှေမြင့်တို့၏ အစ်မ၊ ဦးမောင်မောင်(ခ)ဘီလီထွန်း(ဦးမြင့်ငွေ)-ဒေါ်နွယ်နီဦး၊ ဦးအောင်သိန်းဝင်း-ဒေါ်ထွေးထွေး၊ ဦးညိုဝင်းနိုင်-ဒေါ်ခိုင်(ခ)နွယ်နွယ်အေး၊ ဒေါက်တာမြင့်လွင် (HUKM MALAYSIA)-(ဒေါက်တာမေဖြူထိုက်)၊ ဒေါက်တာမြင့်သိန်း-ဒေါ်ကြည်ကြည်အေး၊ ဦးရဲသူရ-ဒေါ်သွယ်သွယ်အေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် မလေးရှားနိုင်ငံ University Kebangsaan Malaysia Hospital ဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၁၈-၁၀-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၃ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
### မိုဟာမက်ရဖီးက်(ခ)ဦးကျော်အေး
**ဒုရဲအုပ် (ငြိမ်း)၊မှုခင်းတပ်ဖွဲ့၊ C.I.D**
**မြန်မာ့လက်ရွေးစင်လက်ဝှေ့သမားဟောင်း**
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း အမှတ်(၈)နေ (ဦးဆူဗန်း-ဒေါ်ဘာနူး)တို့၏ သား၊ဒေါ်ခင်နွဲ့နွဲ့၏ခင်ပွန်း၊ မသန္တာအေး၊မောင်ကျော်မျိုးသူ (JSM Co., Ltd) တို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၄-၁၀-၂၀၁၃ (တနင်္လာနေ့)နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ဇိုဟိုရ်နမားဇ်အပြီးတွင်ရေဝေး စွန္နီကဗာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရရည်စူးကုသိုလ်ပြုခြင်း
### ဒေါ်ခင်နိုင်(ဝါးခယ်မ)
**၁၇-၁၀-၂၀၀၈ မှ ၁၇-၁၀-၂၀၁၃**

"မြင်းမိုရ်ပြိုခဲ့ အိုဘယ့်မိခင် ကျေးဇူးရှင်သည် ဘဝင်ချမ်းမြေ့ တရားတွေ့ကာ နိဗ္ဗာန်သာသို့ လားပါစေ"ဇနီး၊ မိခင်ကြီးအား ရည်စူး၍ ဒါန၊ သီလ၊ ဘာဝနာနှင့် ဝိပဿနာကုသိုလ်အစုစုကို အမျှပေးဝေလျက်ရှိပါသည်။ မေမေရရှိ ခံစားနိုင်ပါစေ။

**ဆရာဦးအောင်သန်း**
**မိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်နုခင်(ရေတိမ်၊ကွမ်းခြံကုန်း) (၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ၊ တိုက်(၁၆)၊ အခန်း(၁၄)နေ (ဦးရွှေဖဲ-ဒေါ်သိန်းညွန့်)တို့၏ သမီး၊ (ဦးစံထွန်း-ဒေါ်စိန်ဥ)တို့၏ သမီးချွေးမ၊ [ဦးတင်ခိုင်(ညွှန်မှူး-ငြိမ်း၊ထွေအုပ်)]၏ ဇနီး၊ ဦးကျော်မြင့်-ဒေါ်အေးအေးခိုင်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရွှေတောင်)၊ ဦးကျော်နိုင်ဦး(ဒု-ညွှန်မှူး၊ ဆည်မြောင်းဦးစီးဌာန၊ လားရှိုး)- ဒေါ်ငြိမ်းငြိမ်းခိုင်၊ ဦးစိုးမင်းခိုင်(လဝကရုံးချုပ်)-ဒေါ်သက်မာဝင်း၊ ဦးဝေပုလ္လ၊ ဦးဇောတိက၊ ဒေါ်အိအိစိုး၊ ဦးမျိုးမင်းခိုင်-ဒေါ်သင်းသင်းမော်တို့၏ မိခင်၊ ဦးမေဓာဝီ၏ ရဟန်းအမကြီး၊ မြေးခုနစ်ယောက်တို့၏ အဘွား ဒေါ်နုခင်သည် ၁၅-၁၀-၂၀၁၃ ရက် နံနက် ၂း၄၀ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်းဒါယိကာမကြီး**
### ဆရာမဒေါ်တင်ရီ(မိုးနဲမြို့) အသက်(၈၀)
**(အလယ်တန်းပြဆရာမ-ငြိမ်း)၊ အလက(၇)ရန်ကင်း**

မိုးနဲမြို့၊ ဥယျာဉ်ရပ်၊ နယ်စီး တောအုပ်(ဦးဘတင်-ဒေါ်သင်းလှိုင်)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ ရပ်ကွက်၊ တိုက်(၇၈/၂)၊ တံတိုင်းမွေးလမ်းနေ(ဦးတင်ဦး)၏ဇနီး၊ ဦးမောင်မောင်ကို-ဒေါ်ဥမ္မာဦး၊ ဦးသန်းထိုက်ဦး(M.O.G.E)-ဒေါ်နွဲ့ယဉ်ဝင်း၊ ဦးဝင်းကြည်(M.P.P.E)-ဒေါ်နီလာဦးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဖြိုးသူခ၊မောင်အေးချမ်းမောင်၊ မညွှန့်စန္ဒီတို့၏ ချစ်လှစွာသော အဘွား ဆရာမဒေါ်တင်ရီသည် ၁၄-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက် ၂း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ကျောင်းဒါယကာကြီး**
### ဦးဇော်မြင့် (၇၈)နှစ်
**မြို့မကျောင်းသားဟောင်း(မြန်မာ့စီးပွားရေးဘဏ်)(ငြိမ်း)**
**(ကြို့ပင်ကောက်)**

ကြို့ပင်ကောက်မြို့၊ အမှတ်(၁၆၀)၊ လမ်းသစ်တန်းလမ်းနေ(ဦးအိမ်ချောင်-ဒေါ်လှလှ)တို့၏သား၊ ဦးအင်ရှောင်-ဒေါ်ကျင်ထွေးတို့၏သားသမက်၊ (ဦးရန်ကင်း-ဒေါ်နီနီ)၊ ဒေါ်ရင်မေ၊ (ဒေါ်ရင်သန်း)၊(ဒေါ်ရင်မြင့်)၊ ဒေါ်ရင်စီတို့၏ မောင်၊ ဒေါ်ကြည်ကြည်အေး၊ ဦးသန်းထူး၊ ဒေါ်လှလှဟန်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၂၈)လမ်း၊ အမှတ်(၁၃၉)၊ ပထမထပ်နေ ဒေါ်တင်ဝင်း(ဆိုင်အမှတ်-၂၅၊ ဗိုလ်ချုပ်ဈေးသစ်)၏ခင်ပွန်း၊ မဥမ္မာချို(ခ) မအေးအေးမြင့်၊ မောင်ဇော်သက်ထွန်း၊ မအေးအေးနိုင်တို့၏ ဖခင်၊ မောင်ကောင်းဇော်ထက်၏ဘိုးဘိုးကြီးသည် ၁၄-၁၀-၂၀၁၃ရက် ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## (၅)နှစ်နှင့်(၁)လပြည့် အောက်မေ့ခြင်း
### မောနွေလကြာအိုင်လင်း
### အသက်(၁၁)လ
**(၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)**

သမီးလေး "မောနွေလကြာအိုင်လင်း"
အောက်တိုဘာ ၁၃ရက် သမီးလေး မွေးနေ့ဖြစ်လို့
သမီးလေးကို ပိုပြီးသတိရ လွမ်းမိတယ်
လူ့လောကထဲ ရောက်လာတဲ့အချိန် တိုးတောင်းလှပေမယ့်
အဓိပ္ပာယ်အပြည့်ရှိစွာ နေထိုင်သွားပြီး
ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို ပြဆောင်သွားကာ
မီးအိမ်ရှင်လေး လူ့လောကထဲကနေ ပြန်လည်ထွက်ခွာသွားတာ
၁၇-၁၀-၂၀၁၃ရက်ဆိုရင် (၅)နှစ်နှင့် (၁)လပြည့်သွားပါပြီ. . .
သမီးလေးရဲ့ လပြည့်ဝန်းလေးပမာ အေးမြဖြူစင်တဲ့ အပြုံးလေးတွေက
မိသားစုရင်ထဲမှာ ယနေ့ထိတိုင် မြင်ယောင်၊ ကြားယောင်နေဆဲ
တစ်သိမ့်သိမ့်အောက်မေ့နေဆဲ
သမီးလေ ရောက်ရာ ပရဒိသုကောင်းကင်ဘုံမှာ
ထာဝရ အေးချမ်းပျော်ရွှင်ပါစေ။

**ကိုကို- ရှုံမွေလလင်း**
**ဖေဖေ- ဒံယေလလင်း**
**မေမေ- လီဇီဆပ်နိုင်ထန်း**
**i Love Myanmar**

### ဦးကျော်ထွန်းအေး (၈၅)နှစ်
**(စစ်တွေ)သုဝဏ္ဏ**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ(ဦးရွှေသာအောင်-ဒေါ်စံမဖြူ)တို့၏သားထွေး၊ (ဦးမောင်လှအောင်-ဒေါ်လှမေကြီး) တို့၏ ညီ၊ (ဒေါ်သံဒါဦး)၏ခင်ပွန်း၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက်(၂၈)၊ အခန်း(၂)နေ ဒေါ်ခင်ခင်အေး၊ ဦးလှတင်မောင်-ဒေါ်ခင်ခင်နုတို့၏ ဖခင်၊ မောင်သီဟစော၊ မသင်းသီရိအောင်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၄-၁၀-၂၀၁၃(တနင်္လာနေ့)ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါ၍ ပုဏ္ဏားကျွန်း မြို့နယ် အသင်းသူ၊ အသင်းသားများ အသိပေးအပ်ပါသည်။ဦးရာဇ်မြေပုဏ္ဏားကျွန်းမြို့နယ်

လူမှုရေးအသင်း(ရန်ကုန်)

### ဦးအောင်သန်းသစ်
**(ပန်းချီ၊ဒီဇိုင်း၊ရုပ်ရှင်ဒါရိုက်တာ)**
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊အမှတ်(၄၀)၊ ဆင်ရေကန်လမ်း၊ဆင်မင်းရပ်ကွက်၊အလုံမြို့နယ်နေ ဒေါ်ခင်မေသက်၏ခင်ပွန်း၊ ဦးမြတ်ကိုကို၊ ဦးအောင်ကိုလတ် -ဒေါ်တင်မိုးခိုင်၊ ဦးလူမုန်း-ဒေါ်ရီရီအောင်၊ဦးအောင်ရဲမင်း-ဒေါ်ခင်သန္တာမြင့်၊ ဦးသော်တာအောင်-ဒေါ်ခင်ခင်၊ဦးနေသစ်မိုး-ဒေါ်ဝင်းသီတာမိုးတို့၏မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဟောင်း(နာယက)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဆရာကြီး ဦးလှမြိုင် (ကိုဆောင်း)အသက်(၈၉)နှစ်သည် ၁၄-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ စာရေးဆရာအသင်း**

### ဦးအေးမြင့် (၅၃)နှစ်
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အင်းစိန်မြို့နယ်**
**အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ**
**အဖွဲ့ဝင်၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု**
**စိစစ်ရေးကော်မတီ**
**အတွင်းရေးမှူး(ရန်ကုန်တိုင်းဒေသကြီး**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ(ဦးသောင်းစိန်-ဒေါ်သန်းမြင့်)တို့၏သား၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၈)နေ(ဦးမြကြည်)-ဒေါ်သန်းရီတို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၈)နေ ဦးဇော်ဝင်းမောင်-ဒေါ်ဖြူဖြူဝင်းတို့၏ညီ၊ ကိုဇော်လင်းအောင်-မအေးအေးသန်းတို့၏အစ်ကို၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၈)နေ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဖြိုးပြည့်ပြည့်သင်း၊ မောင်ဇေယျာမင်းတို့၏ဖခင် ဦးအေးမြင့်သည် ၁၅-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
### ဒေါ်တင်အေးကြည်သန်း(ကေတီ) (၄၉)နှစ်
**ညွှန်ကြားရေးမှူး(နိုင်ငံခြားရေးဝန်ကြီးဌာန)**
**တီတီစီကျောင်းသူဟောင်း**

ရန်ကုန်မြို့နေ(ဗိုလ်မှူးကြီးသန်းစိန်-ဒေါ်မြမေ)တို့၏စတုတ္ထသမီး၊ ဦးငွေစန်း-ဒေါ်စန်းနွဲ့တို့၏သမီးချွေးမ၊ ဦးသန်းနိုင်(ကိုပေါက်) (Operation Director-CEA Projects Co., Ltd., Director CEA Trading Co., Ltd. )၏ချစ်လှစွာသောဇနီး၊ မစုနန္ဒီ (7Grade. Diplomatic School ရန်ကုန်) ၏ ချစ်လှစွာသောမိခင်၊ ဦးမင်းဒင်(ဇေယျာ)(Board Longyear Co., Ltd.)-တယ်တို့၏ညီမ၊ ဒေါက်တာဝင်းဇော်-ဒေါ်စာဆို(အထွေထွေမန်နေဂျာ၊ ရသာချိုစက်မှုလုပ်ငန်းလီမိတက်)၊ ဦးစည်သူ(ဖိုးချွန်)(St. John Shipping Co., Ltd.)-ဒေါ်စုမြတ်ဝမ်းတို့၏အစ်မ ဒေါ်တင်အေးကြည်သန်းသည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့)နံနက် ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၃(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ ကန်ရိပ်သာလမ်း၊ အမှတ်-၅(က)နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
### ဒေါ်တင်အေးကြည်သန်း(ကေတီ) (၄၉)နှစ်
**ညွှန်ကြားရေးမှူး(နိုင်ငံခြားရေးဝန်ကြီးဌာန)**
**တီတီစီကျောင်းသူဟောင်း**

ရန်ကုန်မြို့နေ(ဗိုလ်မှူးကြီးသန်းစိန်-ဒေါ်မြမေ)တို့၏စတုတ္ထသမီး၊ ဦးငွေစန်း-ဒေါ်စန်းနွဲ့တို့၏သမီးချွေးမ၊ ဦးသန်းနိုင်(ကိုပေါက်) [Operation Director-CEA Projects Co., Ltd., Director CEA Trading Co., Ltd.) ၏ချစ်လှစွာသောဇနီး၊ မစုနန္ဒီ (7Grade. Diplomatic School ရန်ကုန်)၏ချစ်လှစွာသောမိခင်၊ Dr.ဦးကံဦး-ဒေါ်မြင့်မြင့်သန်း၊ ဦးကိုကိုသန်း-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်တင်ဦးကြည်သန်း၊ ဒေါ်တင်တင်သန်းတို့၏ချစ်လှစွာသောညီမ၊ ဒေါ်ခင်အေးကြည်သန်း (နိုင်ငံခြားရေးရုံး) ၏ ချစ်လှစွာသောအစ်မ၊ ဦးနေလင်း(MOFA)-ဒေါ်သဲသန္တာဦး၊ ဦးခိုင်မိုးကျော်-ဒေါ်စုစုသိန်း၊ ဦးကျော်မင်း-ဒေါ်စိုးစိုးမိုး၊ ဦးကျော်ဝင်းထွန်း၊ ဦးအောင်ဇေယျတို့၏ ချစ်လှစွာသောအဒေါ် ဒေါ်တင်အေးကြည်သန်းသည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၃(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်းနှင့် ဗဟိုလမ်းထောင့်၊ တိုက်-၂၀(D)၊ အခန်း-၁၀၂(A)နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးကံညွှန့် (၄၈)နှစ်

သထုံမြို့နေ(ဦးတင်အေး-ဒေါ်ခင်စောညွန့်)တို့၏သား၊ (ဒေါ်ထွေးလှ)၏ ခင်ပွန်း၊ ဆန်းထွန်းကျော်(တပ်မတော်-ရေ)ဗိုလ်ရဲ ကျော်သူ(ကြာအင်းဆိပ်ကြီး)၊ မောင်ထက်လင်းကျော်(ဒုနှစ်၊ Eng အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်မြတ်မင်းကျော်(X၊ ထ-၃၊ပုဇွန်တောင်)တို့၏ဖခင် ဦးကံ ညွှန့်သည် ၁၄-၁၀-၂၀၁၃ရက် နံနက် ၆နာရီတွင်ကွယ်လွန်သွားပါ၍ ကွယ်လွန်သူဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## (၅)နှစ်နှင့် (၁)လပြည့် အောက်မေ့ခြင်း
### မောနွေလကြာအိုင်လင်း
### အသက်(၁၁)လ
**(၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)**

ဧမောနွေလကြာအိုင်လင်း
ဒီနာမည်လေးကို
သတင်းစာကနေတစ်ဆင့် သတိထားလို့ နေခဲ့မိတယ်
လစဉ် ၁၇ ရက်နေ့ရောက်တိုင်း မျှော်တတ်လာတယ်
လွမ်းဆွတ်သတိရခြင်းဆိုတဲ့ ကြော်ငြာလေးထဲမှာ
သမီးလေးအပေါ်မှာထားတဲ့
မိသားစုရဲ့ မေတ္တာတရားတွေ ထုံမွှမ်းနေတယ်
လွမ်းဆွတ်သတိရခြင်းတွေ ပျော်ဝင်နေတယ်
ဂရုဏာတရားတွေ လွှမ်းခြုံနေတယ်
သမီးလေးရယ်. . .
(၁၃-၁၀-၂၀၀၇)ကနေ (၁၇-၉-၂၀၀၈)အထိ
လူ့ဘဝ ခဏတာလေး နေသွားပေမယ့်
သမီးလေးရဲ့ လှူဒါန်းမှုတွေကြောင့်
ကလေးပေါင်းများစွာရဲ့အသက် ကယ်တင်နိုင်ခဲ့တယ်
အရာရာလိုအပ်နေတဲ့ လူတွေကို ကူညီနိုင်ခဲ့တယ်
ဒီကုသိုလ်ကောင်းမှုတွေကြောင့်
နောက်နောင် ဘဝတွေမှာ
ဖေဖေ ဒံယေလလင်း
မေမေ လီဇီဆပ်နိုင်ထန်း
ကိုကို ရှုံမွေလလင်း
i Love Myanmar မိသားစုနဲ့
ပြန်လည်ဆုံတွေ့နိုင်ပါစေ
သမီးလေးပျော်ရွှင်စွာနဲ့
ရေလိုအေးလို့ ပန်းလိုမွှေးပါစေ
အသက်ရှည်အနာကင်း၊ အဆင်း ဒီထက်လှပါစေ။

**ချစ်ခြင်းဖြင့်**
**ယဉ်ယဉ်မြင့်(မန္တလေး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်အေးကြည်သန်း (၄၉)နှစ်
**ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သုဒဿနလမ်းသွယ် (၂)၊ အမှတ်(၅)နေ (ဦးသန်းစိန်-ဒေါ်မြမေ)တို့၏ သမီး၊ ဦးသန်းနိုင်(ခ)ကိုပေါက် (CEA- Project Co., Ltd.)၏ဇနီး၊ မစုနန္ဒီ၏မိခင်၊ ဒေါ်ခင်အေးကြည်သန်း (ပထမအတွင်းဝန်၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့)၏အစ်မ ဒေါ်တင်အေးကြည်သန်း(ခ)ကေသီ(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**အင်းစိန်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
## ဦးအေးမြင့်
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၈)နေ ဒေါ်အေးအေးသန်း၏ခင်ပွန်း အင်းစိန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့် အသက် (၅၃)နှစ်သည်၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြိုင်(ကိုဆောင်း) (၈၉)နှစ်
**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ဝိဇ္ဇာပညာထူးချွန်ဆု(ဒုတိယဆင့်)**
**လုပ်သားပြည်သူ့နေ့စဉ်အယ်ဒီတာချုပ်(ငြိမ်း)**
**(ယခင်)မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက**
**ကန်တော့ခံသက်ကြီးစာပေပညာရှင်**
**ထွန်းဖောင်ဒေးရှင်း၊ တစ်သက်တာစာပေဆုရှင်**

(ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဦးအောင်သူမြိုင်-ဒေါ်ဖံဖံမာ၊ ဒေါက်တာမြင့်သူမြိုင်တို့၏ ချစ်လှစွာသောဖခင် ဦးလှမြိုင်(ကိုဆောင်း)သည် ၁၄-၁၀-၂၀၁၃ ရက် ည ၁၁နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း**
**သမဝါယမဝန်ကြီးဌာန**

## ရဟန်းအမကြီး
## ဒေါ်စန်း (၈၅)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဘုရားလေး(၂)လမ်း၊ (၂၆၂/က)နေ ဦးတင့်ဇော်၊ ဒေါ်အေးအေးထွန်း-(ဦးမြင့်ဆွေ)၊ ဒေါ်စိုးစိုးထွန်း-(ဦးအေး)၊ (ဦးခင်မောင်ထွန်း)-လွင်လွင်သန်း၊ ဗိုလ်မှူးမျိုးဝင်း(ငြိမ်း)ပြန်ကြားရေးဝန်ကြီးဌာန-ဒေါ်နုနုထွန်း၊ ဒေါ်အိအိထွန်း(HANIDEAL Trading Limited)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ (ဦးထွန်းမြင့်)၏ဇနီး ဒေါ်စန်းသည် ၁၆-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၃ (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လေးမြင့်(ခ)
## ဒေါ်အဲလီဇဘက်လမာ
## အသက် (၇၄)နှစ်
**တက္ကသိုလ်များ ကွန်ပျူတာထွက်**
**စက်ဌာန-ရုံးအုပ်(U.C.C ငြိမ်း)**
**Director, Bio Chemicals Trading Co.Ltd**

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊အမှတ် (၁၈၂/၁၈၄)၊ ရွှေဘုံသာအလယ်လမ်းနေ ဒေါ်မေရီကော့(U.S.A)၏ အဒေါ်သည် ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့) ည ၇း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ငွေရင် (၆၆)နှစ်
**မရမ်းကုန်းမြို့နယ်၊**
**ကျန်းမာရေးဌာန(ငြိမ်း)**

(ဦးသာခိုင်-ဒေါ်ဘိုစိန်)တို့၏သမီး၊ (ဦးနီကာ-ဒေါ်အုန်းစိန်)တို့၏သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ တိုက်(၂၈)၊ အခန်း(၁၁)နေ [ဦးစောအောင်ဇေ (MPF)]၏ ဇနီး၊ နော်ဥမ္မာအောင်(အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး)၊ စောသူရအောင် (Uniteam Marine Co., Ltd.)၊ စောသီဟအောင် (Oregan Myanmar) တို့၏မိခင်၊ အင်းစိန်မြို့ နယ်၊ တောင်သူကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း၊ အမှတ် (၁၆၇၃)နေ စောစရ၏အစ်မသည် ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့) ည ၉း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အထက်ပါ တောင်သူကုန်းရပ်ကွက်နေအိမ်မှ ကြို့ကုန်းကျမ်းစာသင်ကျောင်းဝင်း ဖူးသာဖြူခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဖူးသာဖြူခန်းမမှကားများ ဝတ်ပြုချိန်အပြီး ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်းမယ်တော်ကြီး
## ဒေါ်ရွှေရင် (၈၅)နှစ်
**(ကျုံးကျုံးကျကျေးရွာ၊ခရမ်းမြို့နယ်)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သာသနာ့ဇောတိက စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇန (မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)၏ မယ်တော်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ခရမ်းမြို့နယ်၊ကျုံးကျုံးကျကျေးရွာနေ (ခမည်းတော်ကြီး ဦးစိန်)၏ ဇနီး၊ သားသမီးရှစ်ယောက်တို့၏မိခင်ကြီး ရဟန်းမယ်တော်ကြီး ဒေါ်ရွှေရင်သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျုံးကျုံးကျကျေးရွာသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကံညွန့်မောင်
## အသက်(၈၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇)လမ်း၊ အမှတ်(၁၅၆)နေ ဒေါ်ခင် ရီ (ကုန်သွယ်လယ်ယာ/ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာမြမြသက်-ကိုကျော်စွာထွန်း၊ ကိုညီညီလင်း၊ ကိုနေမင်းထွန်း၊ ကိုရဲမင်းထွန်း-မသီတာအေး၊ မချောစုမတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကျော်မြင့်မြတ်မောင် (ထ-၅ ဗိုလ်တထောင်)၏ အဘိုး ဦးကံညွန့်မောင်သည် ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်းဒါယကာကြီး
## ဦးကျော်စိန် (၉၇)နှစ်
**(လ/ထအင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့အသံ)**
**(ထားဝယ်)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ အမှတ်(၇၃)နေ (ဦးစံဖေ-ဒေါ်သစ်)တို့၏သား၊ (ဦးဖိုးငြိမ်း-ဒေါ်သင်းငွေ)တို့၏သားသမက်၊ ဒေါ်လှမေ၏ခင်ပွန်း၊ ဒေါ်ခင်ထားဦး၊ ဦးလှမျိုးအောင်-ဒေါ်ချိုချိုလွင်၊ ဒေါ်မြမြစိန်၊ ဒေါ်နီနီစိန်၊ ဦးထွန်းလှစိန်တို့၏ဖခင်ကြီး၊ မအင်ကြင်းမိုး၊ မနန္ဒီဝင်းပြည့်၊ မခင်စုစုဟန်၊ မခင်စုစုသွယ်၊ မရည်မွန်သော်တို့၏ အဘိုးသည် ၁၆-၁၀-၂၀၁၃ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ဖြူဖြူအေး(ခ)
## ဒေါ်ဖြူအေး အသက်(၈၀)
**(မြောင်းတကာ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (၁၅၈)၊ ဗားဂရာလမ်းနေ (ဦးရွှေဖုန်း-ဒေါ်စိန်နု)တို့၏ သမီး၊ (ဦးအုံးလှိုင်-ဒေါ်မြရင်)တို့၏သမီးချွေးမ၊ (ဦးလှဖေ)၏ဇနီး၊ ဦးလှမြင့်-ဒေါ်သင်းသင်းအေး၊ ဒေါ်တင်တင်လှ၊ ဦးမြင့်နိုင်ဦး-ဒေါ်ရင်ရင်လှ (ခေတ္တ-စင်ကာပူ)၊ ဒေါ်ကြည်ကြည်ရှိန်တို့၏မွေးသမိခင်၊ မဟန်နီသော်တာဦး၊ မောင်လမင်းပြည့်ဖြိုးပိုင်၊ မောင်သူရိန်ကျော်ဇောဦး၊ မမြင့်မြတ်စန္ဒီအေးတို့၏ ချစ်လှစွာသောအဘွားသည် ၁၆-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန္တာယဉ် (၄၆)နှစ်
**ဦးစီးအရာရှိ၊**
**ပြည်တွင်းအခွန်များဦးစီးဌာန**

